ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။ Established in 1957

**ကောင်းမှုကိုပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

၁၃၈၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၃ ရက်၊ ကြာသပတေးနေ့။ Thursday, 29 April 2021 ၁၀၃၅၈



ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီအား မြို့သစ်ကြိုးဝိုင်းရှိ သစ်မျိုးစုံစိုက်ခင်း ဖြစ်ထွန်းအောင်မြင်နေမှု အခြေအနေများကို တာဝန်ရှိသူက ရှင်းလင်းတင်ပြစဉ်။

# သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ သစ်တောများ ကာကွယ်ထိန်းသိမ်းခြင်းကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လို

**နေပြည်တော် မေ ၂၈**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ဧပြီ ၂၇ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ ဥတ္တရသီရိမြို့နယ် ငလိုက်ကြိုးဝိုင်းအကွက် အမှတ် ၂၉၊ ၃၀ ရှိ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၏ လှူဒါန်းငွေဖြင့် စိုက်ပျိုးတည်ထောင်ခဲ့သော ၂၀၁၉ ခုနှစ် ဂေဟာစနစ် ဖြည့်တင်းရေးစိုက်ခင်း ဧက ၁၀၀ နှင့် ၂၀၂၀ ပြည့်နှစ် ဂေဟာစနစ်ဖြည့်တင်းရေး စိုက်ခင်းဧက ၁၀၀ တို့၏ ဖြစ်ထွန်းအောင်မြင်မှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးရာ ညွှန်ကြားရေးမှူး၊ နေပြည်တော် ကောင်စီနယ်မြေက ဆောင်ရွက်ပြီးစီးမှုနှင့် ရှေ့ဆက် ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

**မှာကြား**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ သစ်တောများကာကွယ်ထိန်းသိမ်းခြင်းကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ စိုက်ပျိုးရာတွင်လည်း အမြင့်နှစ်ပေခန့် ပျိုးပင်များဖြင့် စိုက်ပျိုးဆောင်ရွက်ရန်နှင့် တစ်ပင်စိုက် တစ်ပင်ရှင်အောင် ကြိုးစားဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ရာသီဥတုပြောင်းလဲမှု Climate Change နှင့်ပတ်သက်၍ သစ်တောသစ်ပင်များ၏ အခန်းကဏ္ဍမှာ လွန်စွာအရေးကြီးကြောင်း၊ တရားမဝင် သစ်ဖမ်းဆီးရေးကိစ္စများအား အထူးအလေးထားဆောင်ရွက်ရန်နှင့် လုံခြုံရေး သတိအမြဲရှိရန်

စာမျက်နှာ ၅ ကော်လံ ၁ သို့ ✳

## အနောက်တောင်မုတ်သုံလေ အခြေအနေ

**နေပြည်တော် မေ ၂၈**

အနောက်တောင်မုတ်သုံလေသည် ဇွန် ၃ ရက်မှ ၈ ရက် (မြန်မာသက္ကရာဇ် ၁၃၈၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်မှ ၁၄ ရက်) အတွင်း မြန်မာနိုင်ငံတစ်နိုင်ငံလုံးသို့ ဝင်ရောက်ဖွယ်ရာရှိပြီး အောက်တိုဘာလ ဒုတိယရက်သတ္တပတ် (မြန်မာသက္ကရာဇ် ၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်းခန့်)တွင် မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ပြန်လည်ဆုတ်ခွာသွားဖွယ်ရာရှိသည်။

**မိုးဦးကာလ ခန့်မှန်းချက်**

မိုးဦးကာလသည် အနောက်တောင်မုတ်သုံလေ မြန်မာနိုင်ငံအတွင်းသို့ စတင်ဝင်ရောက်သည့်နေ့မှ ဇွန်လကုန်ထိဖြစ်သည်။ မိုးဦးကာလအတွင်း ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း နှစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ယင်းကာလအတွင်း အနောက်တောင်မုတ်သုံလေသည် အားအသင့်အတင့်ရှိနိုင်သည်။ မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❍

ကြေးမုံ ယနေ့ ဖတ်စရာ

**ပြည်ထောင်စုဂုဏ်ဆောင် နိုင်ငံတော်၏ရတနာ သားကောင်းသမီးမွန်များ**

လွတ်လပ်ရေးကြိုးပမ်းမှု တိုက်ပွဲများကြားမှ ကရုဏာရှင် ဗိုလ်မှူးဒေါ်ခင်အုန်းမြ

ဆောင်းပါး စာမျက်နှာ » ၆



**ခေါင်းလောင်းသံတေး ချိုအေးကြည်မြ ကျောင်းတော်ဝသို့**

စာမျက်နှာ » ၁၁

**နိုင်ငံရေးကို အွန်လိုင်းပေါ်မှာထက် လက်တွေ့မြင်အောင် ကြည့်ဖို့လိုပါတယ်**

ကိုသံချောင်း-မစာဥ တစ်ခန်းရပ် စကားပြောခန်း (၁၅)

စာမျက်နှာ » ၁၅

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်**

စာမျက်နှာ » ၁၈

# ကိုဗစ်-၁၉ တတိယလှိုင်းကို သတိပြုကာကွယ်

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဧပြီလ ၂၇ ရက်နေ့ ည ၈ နာရီ သတင်းထုတ်ပြန်ချက်အရ တစ်ရက်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၂၄၄၆ ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၈ ဦးတွေ့ရှိခဲ့ပြီး ကိုဗစ် -၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူတစ်ဦးရှိခဲ့ကြောင်းသိရသည်။

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားခဲ့သည့် ၂၀၂၀ ပြည့်နှစ် မတ်လကုန်မှစတင်၍ ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့အထိ ဓာတ်ခွဲအတည်ပြုလူနာ တစ်သိန်းခွဲနီးပါးနှင့် သေဆုံးလူနာ သုံးထောင်ကျော် ရှိခဲ့သည်။ ဇန်နဝါရီလ ၃၁ ရက်နေ့ တစ်ရက်တည်းတွင် ဓာတ်ခွဲအတည်ပြုလူနာ ၂၈၁ဦးနှင့်သေဆုံးလူနာ ခြောက်ဦးရှိခဲ့ပြီး နောက် ယခုဧပြီလ ၂၇ ရက်နေ့ သုံးလတာကာလအတွင်း ရောဂါပိုးတွေ့သူ နှစ်ထောင်နီးပါးနှင့် သေဆုံးသူ ၇၀ ကျော်ရှိခဲ့ရာတွင် ရောဂါပိုးတွေ့သူ နေ့စဉ် ဆယ်ဂဏန်းခန့်နှင့်သေဆုံးသူ မရှိသလောက်ဖြစ်ခဲ့သည်။

ယခုအခါတွင် သေဆုံးသူ တစ်ဦးနှင့် ရောဂါပိုးတွေ့သူ အများဆုံးပြန်လည်တွေ့ရှိလာရာ ကိုဗစ်-၁၉ တတိယလှိုင်းအတွက် အထူးသတိပြုရမည့် အချက်ပေးခေါင်းလောင်းထိုးလိုက်ပြီဖြစ်သည်။ ယခုအခါ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် အိန္ဒိယ၊ ထိုင်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့တွင် ရောဂါဖြစ်ပွားမှု စံချိန်တင်များပြားနေ၍ မြန်မာနိုင်ငံတွင် လည်း ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်း မဖြစ်ပွားလာစေရေးနှင့် မျိုးရိုးဗီဇပြောင်းလဲ နေသော ကိုဗစ်-၁၉ ရောဂါပိုးများ နိုင်ငံအတွင်းသို့ ဝင်ရောက်ကူးစက်ပြန့်ပွားခြင်း မရှိစေရန် အထူးဂရုပြုဆောင်ရွက်ကြရမည်ဖြစ်သည်။

ဆေးသုတေသနဦးစီးဌာနအနေဖြင့် ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာသော အတည်ပြုလူနာများထံမှ ရောဂါပိုးကို မျိုးရိုးဗီဇစစ်ဆေးရန် စီစဉ်လျက်ရှိသည်။ ဓာတ်ခွဲနမူနာ ပိုမိုစစ်ဆေးနိုင်ပါက လူနာအရေအတွက် ပိုမိုတွေ့ရှိမည်ဖြစ်၍ ရောဂါကာကွယ်၊ထိန်းချုပ်ရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ကာ ကပ်ရောဂါအသွင်ဖြစ်ပွားမှုကို ကြိုတင်တားဆီးနိုင်မည်ဖြစ်သည်။ မကြာသေးမီက ယခင်ရောဂါဖြစ်ပွားမှု များပြားခဲ့သော ရန်ကုန်တိုင်းဒေသကြီး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနယ်စပ်ဖြစ်သည့် ရခိုင်ပြည်နယ်နှင့် ရောဂါကူးစက်ဖြစ်ပွားမှု ဆက်လက်ဖြစ်ပွားနေသော တနင်္သာရီတိုင်းဒေသကြီးတို့တွင် ဆန်းစစ်လေ့လာမှုများ ပြုလုပ်ခဲ့သည်။

ယခုအခါ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံကြီးများမှာ ပြန်လည်လည်ပတ်နေပြီဖြစ်သည်။ ထို့ကြောင့် ကိုဗစ်-၁၉ ရောဂါ ပြန်လည်ခေါင်းထောင်လာပါက နိုင်နိုင်နင်းနင်း ကုသပေးနိုင်ရန် ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်သည်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီနှင့်အတူ ပုဂ္ဂလိကဆေးရုံများပါ ပူးပေါင်းကာကွယ်ဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။ အတည်ပြုလူနာများတွေ့ရှိရပါက ကျန်းမာရေးစင်တာများသို့ လွှဲပြောင်းပေးမှုစနစ်များကို တရားဝင်ဖွဲ့စည်းထားသော ပရဟိတအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ဆက်လက်ဆောင်ရွက်ကြမည်ဖြစ်သည်။

မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးများ၏ လုပ်ငန်းဆောင်ရွက်နိုင်မှု အခြေအနေများကိုဆန်းစစ်ပြီး အတည်ပြုလူနာများနှင့် ထိတွေ့မှုရာဇဝင်ရှိသူများအား ရှာဖွေဖော်ထုတ်ခြင်းကို စနစ်တကျအားဖြည့်ဆောင်ရွက်သွားမည် ဖြစ်သည်။ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ အတွေ့အကြုံရှိပြီးသားဖြစ်ရာ ရောဂါကူးစက်ဖြစ်ပွားမှု အခြေအနေအပေါ်တွင်မူတည်ကာ အဆင့်လိုက်ဆောင်ရွက်နိုင်အောင်စီစဉ်လျက်ရှိသည်။ ထို့အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ပြည်သူများ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံပေးနိုင်ရေးကို အခက်အခဲကြားက ဆောင်ရွက်နေသည်။ အရေးကြီးသည့်အချက်မှာ ပြည်သူများ ကျန်းမာရေးအသိအမြင်တိုးပွားရေးနှင့် ရောဂါကာကွယ်ရေး စည်းကမ်းများကို လိုက်နာကြရန် အသိပညာပေးမြှင့်တင်ပေးရမည်ဖြစ်သည်။

လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံ၏ ကျန်းမာရေးစနစ်ပြိုလဲကျစေရန် ကျန်းမာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်စေပြီး အဖျက်လုပ်ရပ်များကို လုပ်ကိုင်နေကြသော်လည်း နိုင်ငံနှင့် လူမျိုးအပေါ်သစ္စာရှိသော ကျန်းမာရေးဝန်ထမ်းများနှင့် တပ်မတော်ဆေးဘက်ဆိုင်ရာများ၏ ပူးပေါင်းဆောင်ရွက်ပေးမှုများအပြင် ဇန်နဝါရီလ ၆ ရက်နေ့မှ ဧပြီလ ၂၃ ရက်နေ့အတွင်း စေတနာရှင် အလှူရှင်များက ကျပ်သိန်းပေါင်းသုံးသောင်းနီးပါး လှူဒါန်းခဲ့ကြသည်ဖြစ်ရာ တိုင်းပြည်ပျက်စီးစေလိုသူများက မည်မျှပင်နှောင့်ယှက်ဟန့်တားကြသော်လည်း ပြည်သူများအား ဖြူစင်သော စေတနာထားရှိမှုများကြောင့် အခက်အခဲများကို ကျော်လွှားသွားနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ ကမ္ဘာတစ်ဝန်းတွင် ကိုဗစ်-၁၉ တတိယလှိုင်းပင်မက ဖြစ်ပွားနေပြီဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် ပြည်သူများ၏ အသက်အန္တရာယ်ထိခိုက်အောင် မင့်ကွက်မစာနာပြုလုပ်မှုများ၊ အနှောင့်အယှက်အဟန့်အတား အခက်အခဲများ ရှိနေသည့်ကြားမှ ကိုဗစ်-၁၉ တတိယလှိုင်း မဖြစ်ပွားစေရေးအတွက် လက်တွဲညီညီ သတိပြုကာကွယ်သွားကြမည်ဖြစ်ပါကြောင်း။ ။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## မိုးကောင်းမြို့နယ်သမဝါယမအသင်းစုက ရေထွက်ကုန်ပစ္စည်းများ ဖြန့်ဖြူးရောင်းချ

**နေပြည်တော် ဧပြီ ၂၈**

ပြည်တွင်းငါးစားသုံးမှု မြှင့်တင်ရန်နှင့် ရေထွက်ကုန်ပစ္စည်းများ အလွယ်တကူ စားသုံးနိုင်ရေးအတွက် No Profit, No Loss ဟူသော သမဝါယမမူအတိုင်း တစ်ဖက်တစ်လမ်းက ကူညီဆောင်ရွက်ပေးလျက်ရှိရာ ကချင်ပြည်နယ် မိုးကောင်းမြို့နယ် သမဝါယမအသင်းစုသည် ရန်ကုန်မြို့ စံပြငါးဒိုင်မှ ငါးမြစ်ချင်းငါးများကို ဝယ်ယူ၍ ငါးတစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀ နှုန်းဖြင့် ဧပြီ ၂၅ ရက်တွင် သမဝါယမအသင်းသား ပြည်သူများထံသို့ ဖြန့်ဖြူးရောင်းချပေးခဲ့သည်။

ထိုသို့ရောင်းချရာတွင် ဒေသပေါက်ဈေးထက် ထက်ဝက်နီးပါး သက်သာသည့်အပြင် စားသုံးသူပြည်သူများအတွက်လည်း လတ်ဆတ်သောငါးများကို စားသုံးရသည့် အကျိုးကျေးဇူးများ ရရှိလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

■

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ( ၂၈-၄-၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၀၀၀ | ၉,၀၀၀ | ၅၀ | ၄၅၀,၀၀၀ |
| MTSH | ၃,၃၀၀ | ၃,၃၀၀ | ၄၅၅ | ၁,၅၀၉,၇၅၀ |
| MCB | ၈,၀၀၀ | ၈,၀၀၀ | ၆၆ | ၅၂၈,၀၀၀ |
| FPB | ၁၉,၀၀၀ | ၁၉,၀၀၀ | ၁၄၀ | ၂,၆၆၀,၀၀၀ |
| TMH | ၂,၆၅၀ | ၂,၆၅၀ | ၁ | ၂,၆၅၀ |
| EFR | ၃,၀၅၀ | ၃,၀၅၀ | ၅ | ၁၅,၂၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူပါသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဧပြီ ၂၈

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က)အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၅၁.၁ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၈၇၃.၃ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၉၃.၂၃ |
| (ဃ)ထိုင်း | တစ်ဘတ် | = | ၄၉.၄၄၅ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၇၈.၁၃ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၀.၈၅၇ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၀၁.၈ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၆၉.၄ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၄၂၄.၉ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၉.၃၉ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

**စာတည်းမှူးချုပ်** - ဦးစိုးစိုးနိုင်
**စာတည်းမှူး** - ဦးဝင်းနိုင်
**သတင်းထောက်မှူး** - ဦးမြင့်စိုး
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
**ဘာသာပြန်** - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊
**စာတည်းများ** ဦးအောင်ကျော်ကျော်
**အကြီးတန်း** - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊
**သတင်းထောက်များ** ဒေါ်နေဇာဇာထွန်း
**အငယ်တန်း** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊
**သတင်းထောက်များ** ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်မြသီတာ၊ ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဦးတင်ထွန်းတာ၊ ဦးကျော်စွာလင်းနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဒေါ်အေးအေးသင်းနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## အချို့သောနိုင်ငံများ၏ ဝင်ရောက်စွက်ဖက်မှုများရှိ၍ နိုင်ငံတကာဆက်ဆံရေးအား သတိထားဆောင်ရွက်ရမည်

ဥပဒေအသိပညာရှင်များ၊ စီးပွားရေးအသိပညာရှင်များ ပိုမိုများပြားလာစေရေးအတွက် တက္ကသိုလ်၊ ကောလိပ်အဆင့်အလိုက် ဥပဒေဘွဲ့၊ စီးပွားရေးဘွဲ့သင်တန်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတကာဆက်ဆံရေးနှင့် ပတ်သက်၍လည်း မိမိတို့နိုင်ငံအနေဖြင့် လွတ်လပ်ပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒ၊ နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူများဖြင့်သာ ကျင့်သုံးဆောင်ရွက်လျက်ရှိကြောင်း၊ သို့ဖြစ်၍ အိမ်နီးချင်းနိုင်ငံများနှင့် ဆက်စပ်နေသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများအနေဖြင့် နှစ်နိုင်ငံချစ်ကြည်ရေးကို ရှေးရှု၍ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ နိုင်ငံအားလုံးသည် မိတ်ဆွေနိုင်ငံများဖြစ်ကြောင်း၊ သို့သော် အချို့သောနိုင်ငံများ၏ ဝင်ရောက်စွက်ဖက်မှုများရှိ၍ နိုင်ငံတကာဆက်ဆံရေးအား သတိထားဆောင်ရွက်ရမည်ဖြစ်ကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၆-၄-၂၀၂၂ ရက်နေ့တွင် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

# ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား တွေ့ဆုံ

**နေပြည်တော် ဧပြီ ၂၈**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးအောင်နိုင်ဦးသည် မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီအဖွဲ့ဝင်များကို ယနေ့မွန်းလွဲပိုင်းတွင် မော်လမြိုင်မြို့ရှိ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး အောင်ဆန်းခန်းမ၌ တွေ့ဆုံသည်။



**ပြောကြား**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ခွင့်ပြုဆောင်ရွက်ရာတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီဖြစ်စေရေး၊ လုပ်ငန်းများ လွယ်ကူလျင်မြန်စွာ ဆောင်ရွက်ပေးနိုင်ရေးသည် အရေးကြီးကြောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်သည့် တင်ပြလျှောက်ထားမှုများကို ဥပဒေပြဋ္ဌာန်းချက်ပါ သတ်မှတ်ကာလအတွင်း ပြီးပြတ်အောင် စိစစ်ဆောင်ရွက်ပေးရန်လိုကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၈)ရပ်ကို အခြေခံကာ ရင်းနှီးမြှုပ်နှံမှု မူဝါဒအမြန်ချမှတ်အကောင်အထည်ဖော်နိုင်အောင် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ပြည်နယ်အတွင်းရှိ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုတိုးတက်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ထုတ်လုပ်မှုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးနှင့် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ အချိန်တိုတိုအတွင်း ရလဒ်ကောင်းများရရှိမည့် လုပ်ငန်းများကို ဦးစားပေးလုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊ နိုင်ငံသားကုန်ထုတ်လုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ လွယ်ကူချောမွေ့စွာဆောင်ရွက်နိုင်ရေး ဌာနများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန်ဖြစ်ကြောင်း ပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

ထို့နောက် မွန်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ/ ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌက မွန်ပြည်နယ်အတွင်းရှိ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည်နယ်အတွင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီတို့မှ ခွင့်ပြုထားသော လုပ်ငန်းများအနက်မှ ရပ်တန့်နေသော လုပ်ငန်းများ၊ လက်ရှိအခြေအနေမှ ပိုမိုဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ချက်များနှင့် လက်ရှိဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီဝင်များက ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိလိုသည်များကို မေးမြန်းရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်း ဆွေးနွေးပြောကြားသည်။

တွေ့ဆုံပွဲအခမ်းအနားသို့ မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်ရင်းနှီးမြှုပ်နှံမှု ကော်မတီအဖွဲ့ဝင်များ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးသို့ သွားရောက်၍ ရုံးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံ၍ တင်ပြလာသည့်အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးသည်။

**သတင်းစဉ်**

# ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင် ရောဝတီရေတပ်စခန်းဌာနချုပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြား

**နေပြည်တော် ဧပြီ ၂၈**

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်သည် ယနေ့နံနက်ပိုင်းတွင် ရောဝတီရေတပ်စခန်း ဌာနချုပ် သီဟသူရထွန်းတင်ခန်းမ၌ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကား ပြောကြားသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(ရေ)က စားသောက်ကုန်များ၊ သုတ၊ ရသ၊ စာအုပ်/စာစောင်များနှင့် အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ရာ ရောဝတီရေတပ်စခန်းဌာနချုပ်မှ ဌာနချုပ်မှူးနှင့် တာဝန်ရှိသူများက အသီးသီးလက်ခံရယူကြသည်။

**ရင်းရင်းနှီးနှီး နှုတ်ဆက်**

တွေ့ဆုံပွဲအပြီးတွင် ကာကွယ်ရေးဦးစီးချုပ်(ရေ)က ရောဝတီရေတပ်စခန်းဌာနချုပ်မှ တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် မေ ၂၈**

ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၁/၂၀၂၁) ကို ယမန်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**အဖွင့်အမှာစကားပြောကြား**

ရှေးဦးစွာ ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင်က အဖွင့်အမှာစကားပြောကြားရာတွင် ကျောင်းသုံးစာအုပ်များ ပုံနှိပ်ဖြန့်ချိခြင်းလုပ်ငန်းတာဝန်သည် မိမိတို့ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန တို့အပြင် နယ်စပ်ရေးရာဝန်ကြီးဌာန၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင် ဝန်ကြီးဌာန အစရှိသည့်အစိုးရဌာနများ တက်ညီလက်ညီ ပူးပေါင်းပါဝင် ဆောင်ရွက်ကြရသည့် နိုင်ငံလုံးဆိုင်ရာ ကျယ်ပြန့်သော တာဝန်ကြီး ဖြစ်ပါကြောင်း။

အားလုံး စည်းလုံးညီညွတ်စွာ ပေါင်းစပ်ညှိနှိုင်း အကောင်အထည်ဖော်ခဲ့ကြသဖြင့် နှစ်စဉ်နှစ်တိုင်း အောင်မြင်ချောမောခဲ့ပါကြောင်း၊ အခြေခံပညာ ကျောင်းများရှိ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၏ လက်ဝယ်သို့ အချိန်မီ အရောက် ပို့ဆောင်နိုင်ရေးမှာ ပို့ဆောင်ရေးဌာနများ (မီးရထား၊ ကုန်ကား၊ ရေကြောင်းသာမက ဝေးလံခေါင်ဖျားဒေသများသို့ လေကြောင်းတို့ဖြင့်) လက်တွဲလုပ်ဆောင်ခဲ့ရကြောင်း၊ စာသင်နှစ်အမီ နောက်မကျအောင် စီမံလုပ်ဆောင်ခဲ့ကြပါကြောင်း။

ပုံနှိပ်ရေးအပိုင်းတွင် မှန်ကန်ရေးနှင့် အရည်အသွေးစံချိန်စံညွှန်းကိုက်ညီရေး၌ ပြန်ကြားရေးဝန်ကြီးဌာနတွင် အပြည့်အဝတာဝန်ရှိသကဲ့သို့ ဖြန့်ချိရေး၊ အချိန်မီရောက်ရှိရေးသည် ခရိုင်၊ မြို့နယ်အသီးသီး၌ ရှိကြသော ပညာရေးဝန်ထမ်း အဆင့်ဆင့် အပါအဝင် ပညာရေးဝန်ကြီးဌာနက အဓိကတာဝန်ရှိပါကြောင်း၊ နှစ်လွှာပေါင်းမှတစ်ရွက် မည်သော စွယ်တော်ရွက်ပမာ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့သည် အစဉ်အဆက် ပေါင်းစပ်ညှိနှိုင်းခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း တို့ဖြင့် အခက်အခဲအမျိုးမျိုးကို ဖြေရှင်းအောင်မြင်ခဲ့ကြောင်း၊ ဆက်လက်၍ တက်ရောက်လာသော ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများက ရင်းနှီးပွင့်လင်းစွာ အကြံပေးဆွေးနွေးကြပါရန် မေတ္တာရပ်ခံပါကြောင်း ပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်းက ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ထုတ်လုပ်ရေးဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ထုတ်လုပ်ရေးဆပ်ကော်မတီ၊ ကျောင်းသုံးစာအုပ်များ ဖြန့်ချိရေးဆပ်ကော်မတီ၊ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ ကုန်ကြမ်းပစ္စည်းများ ဝယ်ယူရေးနှင့် စိစစ်ရေးကော်မတီ၊ ကြမ်းခင်းဈေး တွက်ချက်ရေးကော်မတီ၊ အရည်အသွေးစိစစ်ရေးအဖွဲ့၊ မျက်မြင်စစ်ဆေးရေးအဖွဲ့ တို့၏ လက်ရှိဖွဲ့စည်းထားရှိမှုနှင့် ပြင်ဆင်ရန်လျာထားမှုအခြေအနေကိုလည်းကောင်း၊ ယခုနှစ် ကျောင်းသုံးစာအုပ်ရိုက်နှိပ်ခဲ့မှုနှင့် လက်ရှိကြုံတွေ့ရသည့် အခက်အခဲများ၊ ကျော်လွှားနိုင်မည့်နည်းလမ်းများကိုလည်းကောင်း၊ ဆက်လက်ဆောင်ရွက်ရန် လျာထားသည့် လုပ်ငန်းစဉ်များကိုလည်းကောင်း ဆွေးနွေးတင်ပြသည်။

**ဆွေးနွေးတင်ပြ**

ထို့နောက် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီဝင်များက သက်ဆိုင်ရာ ကဏ္ဍအလိုက် ပေါင်းစပ်ဆောင်ရွက်သွားမည့် အခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ထုတ်လုပ်ရေး ဆပ်ကော်မတီအတွင်းရေးမှူး ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်အောင်၊ ကျောင်းသုံးစာအုပ်များ ဖြန့်ချိရေးဆပ်ကော်မတီ တွဲဖက်အတွင်းရေးမှူး အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်၊ ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းထွန်းတို့က ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များနှင့် သင်ရိုးသစ်အတန်းများအတွက် ကျောင်းသုံးစာအုပ်များ အရည်အသွေးပြည့်မီစွာ အချိန်မီရိုက်နှိပ်ဖြန့်ချိနိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ထုတ်လုပ်ရေးဆပ်ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်က တင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးသည်။

ထို့နောက် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ နေပြည်တော်အတွင်းရှိ တက္ကသိုလ်များနှင့် အသက်မွေးသိပ္ပံကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၈**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇေယျာသီရိမြို့နယ်အတွင်းရှိ ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ပျဉ်းမနားမြို့နယ်အတွင်းရှိ စိုက်ပျိုးရေးသိပ္ပံကျောင်း၊ ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ အစိုးရစက်မှုလက်မှု သိပ္ပံကျောင်း (နေပြည်တော်)၊ အစိုးရနည်းပညာ အထက်တန်းကျောင်းများ ပြန်လည်ဖွင့်လှစ်သင်ကြားနိုင်ရေးအတွက် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



**ရှင်းလင်းတင်ပြ**

ကြည့်ရှုစစ်ဆေးစဉ် ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာနန်းဆိုင်ဟွမ်းကလည်းကောင်း၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမာမာဝင်းကလည်းကောင်း၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ် ဒုတိယ ပါမောက္ခချုပ် ဒေါက်တာရီစီနေဝင်းကလည်းကောင်း၊ ပျဉ်းမနားမြို့နယ် စိုက်ပျိုးရေးသိပ္ပံကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းမာသန်းကလည်းကောင်း၊ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း (နေပြည်တော်) ကျောင်းအုပ်ဆရာကြီး ဒေါက်တာမင်းမင်းထွန်းကလည်းကောင်း၊ အစိုးရနည်းပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးညိုချောကလည်းကောင်း ကျောင်းများ ပြန်လည်ဖွင့်လှစ်ရာတွင် သင်ကြားရေး၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ နေထိုင်စားသောက်ရေးတို့နှင့် ကျောင်းများဖွင့်လှစ်နိုင်ရန် ကြိုတင်စီမံထားရှိမှုများကို သက်ဆိုင်ရာတက္ကသိုလ်များနှင့် ကျောင်းများအလိုက် ရှင်းလင်းတင်ပြကြသည်။

**မှာကြား**


တင်ပြချက်များနှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေးကို စီစဉ်ဆောင်ရွက်ရန် လိုကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်ဆေးမထိုးနှံရသေးသည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများကို စာရင်းတိကျစွာကောက်ယူပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံနိုင်ရေး ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ကျောင်းသား ကျောင်းသူများအား ထူးချွန်ထက်မြက်ပြီး တတ်မြောက်ကျွမ်းကျင်သည့် ပညာရှင်များဖြစ်ရေးအတွက် ပြုစုပျိုးထောင် သင်ကြားပေးစေလိုကြောင်း မှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက သက်ဆိုင်ရာ တက္ကသိုလ် / ကျောင်းအသီးသီးရှိ စာသင်ဆောင်များ၊ ဓာတ်ခွဲခန်း၊ အိပ်ဆောင်များ ၊ စာကြည့်တိုက်များနှင့် လက်တွေ့သင်ကြားမည့် သင်တန်းခန်းမများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**ခေတ်သစ်နယ်ချဲ့ အလိုကျ ရှုးရှူးနှမ်းနှမ်း လိုက်ပါမိရင် ဘဝတွေကြွေလွင့်ကြရမယ်။ မကောင်းမှုရှောင်ကာ ကောင်းမှုဆောင်နိုင်ကြပါစေ။ စိတ်ဖြူနှုတ်ဖြူ - အလုပ်ဖြူတဲ့ လူငယ်တွေ။**

# မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ




**နေပြည်တော် မေ ၂၈**
ဒေသဝမ်းစာဖူလုံရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက မူဝါဒများချမှတ်ပေးထားရာ တိုးချဲ့မြို့ပြစီမံကိန်းများနှင့် စီးပွားရေးအထူးဇုန်များကို စိုက်ပျိုးမြေများတွင် ဆောင်ရွက်ခြင်းမရှိအောင် ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ရန် အချက်များလည်း အပါအဝင်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက ပြောကြားသည်။

**ပြောကြား**

ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက ထိုကဲ့သို့ ပြောကြားခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများပေါ်တွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးအပါအဝင် လုပ်ငန်းအသီးသီး ဆောင်ရွက်နိုင်ရန် လုပ်ပိုင်ခွင့် အသုံးပြုခွင့်များကို မှန်မှန်ကန်ကန်နှင့် အကျိုးရှိရှိ အသုံးချနိုင်ရေးအတွက် အမြန်ဆုံး စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လုပ်ပိုင်ခွင့် အသုံးပြုခွင့်လျှောက်ထားမှုများတွင် မြေများအပေါ် လက်ဦးရယူခြင်းနှင့် ရောင်းကုန်ဈေးကွက်သဖွယ်ဆောင်ရွက်ခြင်းများ မဖြစ်စေရေးအတွက် သက်ဆိုင်ရာ ကော်မတီအဆင့်ဆင့်က အထူးဂရုပြုစိစစ်ဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

**ဆွေးနွေးဆောင်ရွက်**

အစည်းအဝေးသို့ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းအောင်ကျော်နှင့် ဗဟိုကော်မတီဝင်များ စုံညီစွာတက်ရောက်ကြပြီး ဗဟိုကော်မတီအတွင်းရေးမှူး ဦးသက်နိုင်ဦးက အစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ရမည့် လုပ်ငန်းစာတွဲများကိုတင်ပြရာ အစည်းအဝေး တက်ရောက်လာကြသူများက လုပ်ငန်းအကြောင်းအရာ တစ်ခုချင်းအလိုက် ဆွေးနွေးဆောင်ရွက်ခဲ့ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် ပထမအကြိမ် ကျင်းပသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီအစည်းအဝေးတွင် တိုင်းဒေသကြီး/ပြည်နယ် စီမံခန့်ခွဲရေးကော်မတီအချို့က မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေပုဒ်မ ၃-က နှင့်အညီ တင်ပြလာသည့် တိုင်းဒေသကြီး/ပြည်နယ် စီမံခန့်ခွဲရေးကော်မတီတွင် ထည့်သွင်းဖွဲ့စည်းရမည့် ဒေသခံလူမျိုးစု ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အရပ်ဘက်ဆိုင်ရာ အဖွဲ့အစည်း ကိုယ်စားလှယ်များ၊ သင့်လျော်သည့် ပညာရှင်များ၏ စာရင်းများနှင့် ပတ်သက်၍လည်းကောင်း၊ ယခင်အစိုးရကာလ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ သဘောထားမှတ်ချက်ပြန်ကြားလာသည့် အမှုတွဲများကို စိစစ်ခြင်း၊ လက်ရှိကာလတွင် သက်ဆိုင်ရာ ဝန်ကြီးဌာနများသို့ သဘောထားမှတ်ချက် တောင်းခံထားသည့် အမှုတွဲများကို စိစစ်ခြင်း၊ ဗဟိုကော်မတီသို့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဥပဒေပုဒ်မ ၈-က(ခ) အရ အယူခံဝင်ရောက်လာသည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**ပြန်လည်သိမ်းဆည်းသွားမည်**

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဗဟိုကော်မတီအနေဖြင့် ယခင်ကာလများက မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများကို လုပ်ကိုင်အသုံးပြုရန် အကြောင်းအမျိုးမျိုးဖြင့် ရယူထားပြီး အကောင်အထည်ဖော်ရန် ခွင့်ပြုသတ်မှတ်ကာလကျော်လွန်နေသည့် ဧရိယာများကိုလည်း အထူးအဖွဲ့များ ဖွဲ့စည်း၍ ဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြန်လည်သိမ်းဆည်းသွားမည် ဖြစ်ကြောင်း၊ အလားတူ သတ်မှတ်မြေခွန်တော် ကင်းလွတ်ခွင့်ကာလကုန်ဆုံးခဲ့ပြီး နှစ်စဉ် ပုံမှန်မြေခွန်တော်ပေးဆောင်ရန် အချိန်စေ့ရောက်သော်လည်း ပျက်ကွက်နေမှုများအပေါ် မြေခွန်တော် ကြွေးကျန်မရှိစေရေးအတွက် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

*** သစ်တောစိုက်ခင်းမှ**

လိုအပ်ကြောင်း၊ မြန်မာနိုင်ငံတွင် သစ်တောများ ပြုန်းတီးရခြင်း၏ အကြောင်းရင်းတစ်ခုဖြစ်သော မြေအသုံးချမှုပြောင်းလဲခြင်းကိုလည်း အထူးဂရုပြုစိစစ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံ သစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်းလုပ်ငန်းများကိုလည်း ဆက်လက်ကြိုးစားဆောင်ရွက်သွားရန်လိုအပ်ကြောင်း မှာကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော်-ကံပြားလမ်း မြို့သစ်ကြိုးဝိုင်းအကွက်အမှတ် ၅ ရှိ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ စိုက်ပျိုးတည်ထောင်ထားသော ၂/၂၀၁၈ အခြားစိုက်ခင်း ဧက ၂၀ နှင့် ၂၀၁၉ ခုနှစ် သစ်မျိုးစုံစိုက်ခင်း၏ ဖြစ်ထွန်းအောင်မြင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ မကွေးတိုင်းဒေသကြီး အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ရှင်းလင်းတင်ပြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရေနံချောင်းမြို့နယ် မကွေး-ရေနံချောင်း ကားလမ်း မိုင်တိုင်(၃၅၃/၀) အနီး ဖန်ခါးစမ်းပျိုးဥယျာဉ်ရှိ ပျိုးပင်တစ်သိန်း ပျိုးထောင်ထားရှိမှုနှင့် အထူးစိမ်းလန်းစိုပြည်ရေးဇုန်စီမံကိန်း (Greening Complex Zone) တွင် စိုက်ပျိုးမည့် ပျိုးပင်ကြီးများ ပျိုးထောင်ထားမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရေနံချောင်းမြို့ရှောင်လမ်း မိုင်တိုင်(၆/၃) အနီး အထူးစိမ်းလန်းစိုပြည်ရေးဇုန် စီမံကိန်း (Greening Complex Zone) ဧရိယာအတွင်း ၂၀၂၀ ပြည့်နှစ်က ပျိုးပင်ကြီးများဖြင့် စိုက်ပျိုးခဲ့သော အပင်များ၏ ဖြစ်ထွန်းအောင်မြင်မှုကို ကြည့်ရှုစစ်ဆေးပြီး ၂၀၂၁ ခုနှစ်အတွက် မိုးကြိုရေလောင်းစိုက်ပျိုးမည့် အပင်များအတွက် ကြိုတင်အဖွင့် စိုက်ပျိုးပေးသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ချောက်မြို့နယ် ကျောက်တန်းအုပ်စု ကန်သာကျေးရွာရှိ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ တည်ထောင်ပေးထားသော ဂါလန် ၅၀၀၀ ဆံ့ မိုးရေစုကန်၏ ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာသားများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ချောက်မြို့နယ် ရွှေပုံတောင်အနီး ၂၀၂၀ ပြည့်နှစ်က မိုးကြိုရေလောင်းစိုက်ပျိုးခဲ့သည့် အထူးစိမ်းအပင်ကြီး ၂၄၃ ပင်၏ ဖြစ်ထွန်းအောင်မြင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်ရှိ သစ်တောဦးစီးဌာနနှင့် Japan International Forestry Promotion and Cooperation Center – JIFPRO တို့ ပူးပေါင်းဆောင်ရွက်ထားသည့် လက်ထုတ်နှင့် ခက်လန်းကန် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်း စီမံကိန်း ဧက ၂၄၀ ၏ ဖြစ်ထွန်းအောင်မြင်မှုကို ကြည့်ရှုစစ်ဆေးရာ မန္တလေးတိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးက ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက ဒေသခံပြည်သူလူထု၏ စိတ်ဝင်စားမှု ပိုမိုရရှိအောင် ဆောင်ရွက်ရေး၊ ပူးပေါင်းဆောင်ရွက်မှုပိုမိုရရှိစေရေးအတွက် ရရှိလာမည့်အကျိုးကျေးဇူးများကို ဒေသခံပြည်သူလူထု သိရှိနားလည်အောင် ရှင်းလင်းဆောင်ရွက်သွားရန် မှာကြားသည်။

**ညှိနှိုင်းဆောင်ရွက်ပေး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညောင်ဦးမြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းက တည်ထောင်ထားသော ပလင်းကမ်းသာယာဆင်စခန်း ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ရှင်းလင်းဆောင်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့မှ တိုင်းတာဝန်ခံများက မိမိတို့တိုင်းဒေသကြီးအလိုက် လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညောင်ဦးမြို့နယ် သစ်တောဦးစီးဌာနက တည်ထောင်ထားသော နဘူးတော အမြဲတမ်းပျိုးဥယျာဉ်ရှိ လူထုဖြန့်ပျိုးပင် ၆၅၀၀၀ ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■

---

# ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်



**နေပြည်တော် မေ ၂၈**
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်မှုဖြင့် သဘာဝမြစ်ချောင်းအင်းအိုင်များတွင် ငါးသယံဇာတများ ရေရှည်စဉ်ဆက်မပြတ် ဖမ်းယူစားသုံးနိုင်ရေးအတွက် မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းကို ယနေ့နံနက်ပိုင်းက မရမ်းခြံဆိပ်အနီးတွင် ကျင်းပခဲ့သည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအောင်ညီတိုး၊ ဒုတိယတိုင်းဦးစီးမှူး၊ မန္တလေးခရိုင်ငါးလုပ်ငန်းဦးစီးမှူး၊ အောင်မြေသာစံမြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ သရက်ကုန်း ငါးလုပ်ငန်းစခန်း၊ နတ်ရေကန်ငါးလုပ်ငန်းစခန်း တာဝန်ခံများနှင့် ဝန်ထမ်းများတက်ရောက်ခဲ့ပြီး ဧရာဝတီမြစ်အတွင်း ငါးမျိုးများ စိုက်ထည့်ခဲ့သည်။

ငါးမျိုးများစိုက်ထည့်ရာတွင် နိုင်ငံတော်ကောင်စီ၏လမ်းညွှန်မှုဖြင့် နှစ်လက်မအရွယ် ငါးသားပေါက်များဖြစ်သော သရက်ကုန်းစခန်းမှ ငါးခုံးမကြီး နှစ်လက်မကောင်ရေ ၁၅၀၀၀၊ ရွှေဝါငါးကြင်း နှစ်လက်မကောင်ရေ ၄၀၀၀၀ နှင့် နတ်ရေကန်ငါးစခန်းမှ ငါးမြစ်ချင်း နှစ်လက်မကောင်ရေ ၁၀၀၀၀၊ ရွှေဝါငါးကြင်း နှစ်လက်မကောင်ရေ ၂၀၀၀၀ စုစုပေါင်းကောင်ရေ ၂၂၀၀၀၀ အား မျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဂုဏ်ဆောင် နိုင်ငံတော်၏ရတနာ သားကောင်းသမီးမွန်များ

## လွတ်လပ်ရေးကြိုးပမ်းမှုတိုက်ပွဲများကြားမှ ကရုဏာရှင် ဗိုလ်မှူးဒေါ်ခင်အုန်းမြ

လင်းအောင်

**စစ်မီးလျှံကြားမှ မြန်မာ့ကြက်ခြေနီသူနာပြုတစ်ဦး**

အချိန်ကာလမှာ ၁၉၄၂ ခုနှစ်။ မြန်မာနိုင်ငံသို့ ဒုတိယကမ္ဘာစစ်မီး ကူးစက်ရောက်ရှိလာချိန်။

မြန်မာနိုင်ငံအတွင်း အရှေ့တောင်ဘက်ဒေသမှ တစ်ဆင့် ဝင်ရောက်လာပြီဖြစ်သော ဂျပန်တပ်များက ဆုတ်ခွာလျက်ရှိသည့် ဗြိတိသျှတပ်များနောက်သို့ မြေပြင်တွင် လိုက်လံတိုက်ခိုက်လျက်ရှိသကဲ့သို့ ကောင်းကင်ယံမှလည်း ဗုံးကြဲတိုက်ခိုက်နေချိန်ဖြစ်သည်။

မြန်မာနိုင်ငံမြောက်ပိုင်းရှိ အိန္ဒိယနှင့်တရုတ်နိုင်ငံအကြား ဆက်သွယ်ထားသည့် လီဒိုလမ်းမဖြတ်သန်းသွားရာ မိုးကောင်းမြို့တွင် စစ်ဘေးဒဏ်ကြောင့် အိန္ဒိယနှင့် တရုတ်နိုင်ငံသို့ တိမ်းရှောင်ထွက်ပြေးသည့် စစ်ပြေးဒုက္ခသည်များ ရောက်ရှိလာသကဲ့သို့ မြို့ခံအများစုမှာလည်း စစ်ဘေးလွတ်မည်ဟု ယူဆသည့် နေရာဒေသအသီးသီးသို့ တိမ်းရှောင်သွားကြပြီ ဖြစ်သည်။ ထိုသို့ ရောက်ရှိလာသော စစ်ဘေးဒုက္ခသည်များအကြား တိုက်ပွဲကြောင့် ထိခိုက်ဒဏ်ရာရသူများ ပါဝင်သကဲ့သို့ ဝမ်းရောဂါ၊ ကျောက်ရောဂါစသည့် ကူးစက်ရောဂါများလည်း ပျံ့နှံ့ဖြစ်ပွားလျက်ရှိသည်။

မိုးကောင်းဆေးရုံရှိ တာဝန်ကျဆရာဝန်၊ ဆရာမများ၊ ကျန်းမာရေးလုပ်သားများမှာလည်း စစ်ဘေးကြောင့် တိမ်းရှောင်သွားကြသည့်အတွက် ဆေးရုံတွင်ကျန်ရှိခဲ့သောလူနာများနှင့် ဆေးရုံသို့ ထပ်မံရောက်ရှိလာသော စစ်ပြေးလူနာများမှာ အားကိုးရာမဲ့ဖြစ်နေကြရသည်။ ဤအခြေအနေ၌ စစ်မဖြစ်မီ ၁၉၃၈ ခုနှစ်ကတည်းက မိုးကောင်းမြို့ အမျိုးသမီးကြက်ခြေနီသူနာပြုတပ်ဖွဲ့ကို ဦးဆောင်ဖွဲ့စည်းခဲ့သော မခင်အုန်းမြနှင့် ကြက်ခြေနီအမျိုးသမီးတပ်ဖွဲ့ဝင်များသည် စစ်ဘေးကြောင့် တိမ်းရှောင်သွားသည့် မိသားစုများနောက်သို့ လိုက်ပါသွားခြင်းမရှိဘဲ မိုးကောင်းဆေးရုံသို့ ရောက်ရှိလာခဲ့ကြပြီး အားကိုးရာမဲ့နေသည့် လူနာများကို တတ်စွမ်းသမျှ ရှေးဦးသူနာပြုစုနည်းများဖြင့် ပြုစုစောင့်ရှောက်ခြင်း၊ အစားအစာများ ကျွေးမွေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြသည်။

၁၉၄၂ ခုနှစ်အတွင်း ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) မှ ဗိုလ်ဖုန်းမြင့် ဦးဆောင်သည့် ရှေ့ပြေးတပ်ဖွဲ့ မိုးကောင်းမြို့သို့ ချီတက်ရောက်ရှိလာချိန်တွင်လည်း မခင်အုန်းမြနှင့် သူနာပြုတပ်ဖွဲ့ဝင်များသည် မကျန်းမမာဖြစ်နေသော ဘီအိုင်အေရဲဘော်များကို ဆက်လက်ပြုစုပေးခဲ့ကြသည်။ ဆက်လက်၍ မိုးကောင်းမြို့သို့ ဂျပန်တပ်မတော် ရောက်ရှိလာချိန်တွင် ဦးမန်းတောင်ခေါ် မန်းဦးတောင်နှင့် တောင်ပေါ်ရွာ၌ ဖွင့်လှစ်သော စစ်ဆေးရုံတွင်လည်း ထိုစဉ်က အသက် ၂၀ နှစ်သာ ရှိသေးသည့် မခင်အုန်းမြ ဦးဆောင်သော ကြက်ခြေနီတပ်ဖွဲ့ဝင် အမျိုးသမီးများသည် သူနာပြုလုပ်ငန်းများကို စွမ်းစွမ်းတမံ ဆောင်ရွက်ခြင်းဖြင့် အသက်ပေါင်းများစွာကို မဆုံးရှုံးစေရန် ကယ်တင်ပေးခဲ့ကြသည်။

**ငယ်စဉ်ဘဝ ကြိုးပမ်းစွမ်းဆောင်မှုများ**

နောင်တစ်ချိန်တွင် မြန်မာနိုင်ငံ၏ ပထမဆုံး ဖလော်ရင့်နိုက်တင်ဂေးဆုရှင်ဖြစ်လာမည့် ဒေါ်ခင်အုန်းမြကို ၁၉၁၇ ခုနှစ် အောက်တိုဘာလ ၁၆ ရက်နေ့၌ ရှမ်းပြည်နယ် နမ္မတူဘော်တွင်းတွင် ဖခင် ရှေ့နေကြီး ဦးအုန်းဖေ(ဦးဦးဖေ)၊ အမိ ဒေါ်ခင်တို့က မွေးဖွားခဲ့ပြီး မော်လမြိုင် မော်တင်လိန်းကျောင်းနှင့် မြစ်ကြီးနား အထက်တန်းကျောင်းတို့တွင် ပညာသင်ကြားခဲ့သည်။ မခင်အုန်းမြသည် ၁၉၃၈ ခုနှစ်၌ မိုးကောင်းမြို့တွင် နေထိုင်စဉ် မိုးကောင်းမြို့ စာနယ်ဇင်း ကိုယ်စားလှယ်နှင့် မြန်မာ့အလင်းသတင်းစာ သတင်းထောက်အဖြစ် ဆောင်ရွက်ခဲ့သည်။

ထိုစဉ်က အသက် ၂၁ နှစ်အရွယ် မခင်အုန်းမြ၏ ဦးဆောင်မှုဖြင့် မိုးကောင်းမြို့ ကုမ္မာရီအသင်း၊ အမျိုးသမီးကုသိုလ်ရေးအသင်းများကို တည်ထောင်၍ အတွင်းရေးမှူးတာဝန် ထမ်းဆောင်ခဲ့သည့်အပြင် အမျိုးသမီးကြက်ခြေနီသူနာပြုတပ်ဖွဲ့ကိုလည်း စတင်ဦးဆောင်ဖွဲ့စည်းခဲ့သည်။

ဆေးရုံတွင် လူနာစောင့်ရှောက်ရေးလုပ်ငန်းများကို တာဝန်ထမ်းဆောင်ခဲ့ရာ၌ စက်သေနတ်၊ ဗုံးဒဏ်များကြောင့် ဆေးရုံမီးလောင်ပျက်စီးသည့် နောက်ဆုံးအချိန်ရောက်မှ ဆေးရုံကို စွန့်ခွာခဲ့ရပြီးနောက် စစ်ဖြစ်ခါစတွင် ကွဲကွာခဲ့သော မိခင်ဖြစ်သူကို ရှာဖွေရန် ကြိုးပမ်းခဲ့သည်။ ညအချိန် လှေငယ်တစ်စင်းဖြင့် လွဲလောချောင်း တစ်ဖက်ကမ်းကို ဖြတ်ကူး၍လည်းကောင်း၊ အမိုးအကာမပါ ကုန်တင်ပက်လက်ရထားတွဲများတွင် လိုက်ပါ၍လည်းကောင်း မိခင်ကြီးကို လိုက်လံရှာဖွေခဲ့ရာ နောက်ဆုံး၌ ပင်းဘောရွာလေးတွင် မိခင်နှင့် ပြန်လည်ဆုံတွေ့နိုင်ခဲ့သည်။

မိခင်ဖြစ်သူနှင့် ပြန်လည်ဆုံတွေ့သည့် ပင်းဘောရွာအနီး တောင်ခြေတွင်လည်း အိန္ဒိယနယ်စပ်နှင့် ဟူးကောင်းတောင်ကြားဒေသမှ စစ်ပြေးခိုလှုံလျက်ရှိသည့် ဒုက္ခသည် ၁၀၀ ကျော်၏ ထိခိုက်ဒဏ်ရာရရှိမှုများ၊ နာမကျန်းမှုများကို ပြုစုစောင့်ရှောက်ပေးခဲ့သည်။ ထို့နောက် ဒေါ်ခင်အုန်းမြသည် အင်းတော်မြို့သို့ ရောက်ရှိသွားခဲ့ပြီး အင်းတော်ရှိ ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီဒီအေ) ဆေးတပ်ဖွဲ့သို့ ဝင်ရောက်ခဲ့သည်။ အင်းတော်ရှိ နန်းကင်ရွာ စစ်ဆေးရုံတွင် တာဝန်ထမ်းဆောင်၍ အင်းတော်၊ မဲဇာ၊ ကောလင်းဒေသရှိ တော်လှန်ရေးရဲဘော်စစ်သည်များ၊ ရွာသူရွာသားများကို သူနာပြုခြင်း၊ ဆေးကုသခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။ ထိုစဉ်က ရန်ကုန်မြို့ရှိစစ်ဝန်ကြီးရုံး၏ တာဝန်ပေးအပ်မှုအရ ဗမာ့ကာကွယ်ရေးတပ်မတော်၊ မျိုးချစ်ဗမာ့တပ်မတော်ကာလအသီးသီးတွင် ပဲခူးရှိ ဘီဒီအေစံပြဆေးရုံ၊ မင်္ဂလာဒုံစစ်ဆေးရုံတို့တွင် သူနာပြုဆရာမအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

**လွတ်လပ်ရေးမော်ကွန်းဝင် တစ်ဦးတည်းသော မြန်မာ့အမျိုးသမီးသူနာပြု**

၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့ ဖက်ဆစ်တော်လှန်ရေးဆင်နွှဲချိန်၌ ဆရာမ ဒေါ်ခင်အုန်းမြသည် ဗိုလ်မှူးကျော်ဇော ဦးစီးသော တိုင်းအမှတ် (၄) လက်ျာကျော်ထင်တပ်ဖွဲ့၏ ပဲခူး၊ ရွှေကျင်၊ သထုံဒေသအတွင်း ဆေးတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်ခဲ့ပြီး စစ်သည်လူနာများ ပြုစုစောင့်ရှောက်ရေးနှင့် တော်လှန်ရေးရဲဘော်များ ရည်မှန်းချက်ခရီး ဆက်လက်ချီတက်နိုင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည်။ ဤကဲ့သို့ ဒေါ်ခင်အုန်းမြ၏ တော်လှန်ရေးကာလအတွင်း ပေးအပ်သည့်တာဝန်များအား စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့မှုကို အသိအမှတ်ပြုလျက်စစ်ပြီးကာလတွင် စစ်သေနာပတိချုပ် ဗိုလ်ချုပ်အောင်ဆန်းက ဂုဏ်ထူးဆောင်လက်မှတ် ချီးမြှင့်ဂုဏ်ပြုခဲ့ပါသည်။

> **သူနာပြုဆရာမကြီး ဒေါ်ခင်အုန်းမြသည် သူနာပြုသင်တန်းမတက်ရောက်ရသေးချိန် စစ်အတွင်းကာလ၌ပင် စက်သေနတ်၊ ဗုံးဒဏ်များကြောင့် စစ်ပြေးဒုက္ခသည် ဒဏ်ရာရသူများကို တတ်သိသမျှ ရှေးဦးသူနာပြုပညာဖြင့် အသက်စွန့်ပြုစုစောင့်ရှောက် ကယ်တင်ခဲ့ခြင်း၊ မိန်းမသားပင်ဖြစ်လင့်ကစား တော်လှန်ရေးကာလအတွင်း၌လည်း စစ်ပြေးဒုက္ခသည်များနှင့် နာမကျန်းဒဏ်ရာရ တော်လှန်ရေးရဲဘော်များကို သူနာပြုအတတ်ပညာဖြင့် ပြုစုစောင့်ရှောက်ပေးခဲ့ခြင်းတို့အတွက် လွတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယအဆင့်) တံဆိပ်ကို ချီးမြှင့်ပေးအပ်ခဲ့။**



မြန်မာနိုင်ငံ၏ ပထမဆုံး
ဖလော်ရင့်နိုက်တင်ဂေးဆုရှင်
ဗိုလ်မှူး ဒေါ်ခင်အုန်းမြ

စစ်ပြီးချိန် ၁၉၄၅ ခုနှစ်တွင် ဒေါ်ခင်အုန်းမြသည် ပဲခူးမြို့ ပြည်သူ့ဆေးရုံတွင် သားဖွားဆရာမသင်တန်းတက်ရောက်ခဲ့သည်။ လွတ်လပ်ရေးရပြီးနောက် ၁၉၄၈-၄၉ ခုနှစ်တွင် ရန်ကုန်မြို့ရှိ ကျန်းမာရေးသင်တန်းကျောင်း၌ ကျန်းမာရေးဆရာမ သင်တန်းသို့ ဆက်လက်တက်ရောက်နေစဉ် ထိုစဉ် ကာလက နိုင်ငံတော်အတွက် ကြီးမားသော စစ်ရေးဆိုင်ရာခြိမ်းခြောက်မှုဖြစ်သည့် အင်းစိန်တိုက်ပွဲကြီး ပေါ်ပေါက်လာ ခဲ့ရာ ဒေါ်ခင်အုန်းမြသည် သင်တန်းတက်ရောက်နေမှုကို စွန့်လွှတ်ပြီး စေတနာ့ဝန်ထမ်းသူနာပြုဆရာမအဖြစ် ကိုယ်တိုင်ဆန္ဒပြုလျက် ရှေ့တန်းစစ်မျက်နှာ အမှတ်(၁) ဆေးရုံသို့ သွားရောက်တာဝန်ထမ်းဆောင်ခဲ့သည်။

တိုက်ပွဲများပြီးဆုံး၍ ငြိမ်းချမ်းချိန် ၁၉၅၂ ခုနှစ်သို့ ရောက်ရှိမှသာ ဆရာမ ဒေါ်ခင်အုန်းမြသည် မော်လမြိုင်မြို့ ပြည်သူ့ဆေးရုံတွင် သူနာပြုဆရာမသင်တန်း ဆက်လက်တက်ရောက်ခဲ့ပြီးနောက် ၁၉၅၄ ခုနှစ်မှ ၁၉၅၈ ခုနှစ်အထိ အမှတ် (၇) လူနာလက်ခံရေးတပ်နှင့် တပ်နယ်ဆေးရုံတွင် သူနာပြုဆရာမကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၅၈ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် စစ်သူနာပြုအရာရှိ ဒုတိယဗိုလ်အဖြစ် ခန့်အပ်ခြင်းခံရပြီး အမှတ်(၂) တပ်မတော်ဆေးရုံတွင် တာဝန်ထမ်းဆောင်ခဲ့ရာ ၁၉၈၃ ခုနှစ်တွင် ဆရာမမှူး၊ ဗိုလ်မှူးအဆင့်ဖြင့် အငြိမ်းစားယူခဲ့သည်။

နိုင်ငံတော်အစိုးရက သူနာပြုဆရာမကြီး ဒေါ်ခင်အုန်းမြသည် သူနာပြုသင်တန်းမတက်ရောက်ရသေးချိန် စစ်အတွင်းကာလ၌ပင် စက်သေနတ်၊ ဗုံးဒဏ်များကြောင့် စစ်ပြေးဒုက္ခသည် ဒဏ်ရာရသူများကို တတ်သိသမျှ ရှေးဦးသူနာပြုပညာဖြင့် အသက်စွန့် ပြုစုစောင့်ရှောက် ကယ်တင်ခဲ့ခြင်း၊ မိန်းမသားပင်ဖြစ်လင့်ကစား တော်လှန်ရေးကာလအတွင်း၌လည်း စစ်ပြေးဒုက္ခသည်များနှင့် နာမကျန်းဒဏ်ရာရ တော်လှန်ရေးရဲဘော်များကို သူနာပြုအတတ်ပညာဖြင့် ပြုစုစောင့်ရှောက်ပေးခဲ့ခြင်းတို့အတွက် လွတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယအဆင့်) တံဆိပ်ကို ချီးမြှင့်ပေးအပ်ခဲ့ပါသည်။

စာမျက်နှာ ၇ သို့ ❍

**စစ်ဘေးရန်နှင့် သားရိုင်းတိရစ္ဆာန်အန္တရာယ်များကြားမှ သူနာပြုစေတနာရှင်**

ဂျပန်ခေတ် စစ်ကာလအတွင်း မန်းဦးတောင်နှင့် တောင်ပေါ်ရွာဆေးရုံတွင် ဒေါ်ခင်အုန်းမြနှင့် အမျိုးသမီးကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များသည် သာမန်အချိန်များကဲ့သို့ လူနာများကို အေးချမ်းစွာ ပြုစုစောင့်ရှောက်ခဲ့ရခြင်း မဟုတ်ပေ။ မြန်မာနိုင်ငံသို့ ဂျပန်တပ်များ စတင်ဝင်ရောက်လာချိန်၌ မိုးကောင်းမြို့တွင် ဂျပန်လေတပ်၏ ဗုံးကြဲတိုက်ခိုက်မှုများ ကြုံတွေ့ခဲ့ရသည့်နည်းတူ ဂျပန်ခေတ်၌လည်း ဗြိတိသျှ မဟာမိတ်တပ်များက မြန်မာနိုင်ငံအတွင်း ပြန်လည်ဝင်ရောက်သိမ်းပိုက်ရေးအတွက် စစ်ဆင်တိုက်ခိုက်မှု၊ ဗုံးကြဲတိုက်ခိုက်မှုများကို ရင်ဆိုင်ကြုံတွေ့ခဲ့ကြရသည်။

မဟာမိတ်တပ်များ၏ ဗုံးကြဲတိုက်ခိုက်မှုကြောင့် ဒေါ်ခင်အုန်းမြနှင့် အမျိုးသမီးကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များသည် လူနာများနှင့်အတူ ဆေးရုံဗုံးခိုကျင်းအတွင်း ကျင်းပြို၍ ကျင်းပိခြင်းများ အကြိမ်ကြိမ် ကြုံတွေ့ခဲ့ကြရသည်။ ထို့အပြင် တောင်ပေါ်ဆေးရုံတည်ရှိရာ ဦးမန်းတောင် ခေါ် မန်းဦးတောင်သည် ထိုစဉ်က တောတောင်ထူထပ်နေဆဲဖြစ်သည့်အတွက် ကျားအပါအဝင် တောရိုင်းတိရစ္ဆာန်များ၏ အန္တရာယ်ကိုလည်း ကြုံတွေ့ခဲ့ကြရသည်။

**မိခင်ပျောက်ရှာဖွေခဲ့သူ**

ဒေါ်ခင်အုန်းမြသည် ဂျပန်ခေတ် တောင်ပေါ်

# မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ (၅) နှစ်စီမံကိန်း (၂၀၂၁-၂၀၂၅) မူကြမ်းရေးဆွဲခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ





**နေပြည်တော် မေ ၂၈**

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ (၅) နှစ်စီမံကိန်း (၂၀၂၁-၂၀၂၅) မူကြမ်းရေးဆွဲခြင်း အခြေအနေများနှင့် ပတ်သက်၍ မသန်စွမ်းသူများ၏ အခွင့်အရေးကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ပေးနိုင်ရန်အတွက် မည်သို့ ထည့်သွင်းရေးဆွဲထားသည်ကို သိရှိရမည် ဖြစ်၍ စိတ်ဝင်စားမှုရှိပါကြောင်း၊ မသန်စွမ်းမှု အမျိုးအစားများကို အခြေခံမူတည်ပြီး မသန်စွမ်းမှု အဆင့်သတ်မှတ်ခြင်းနှင့် မှတ်ပုံတင်ခြင်းလုပ်ငန်းများနှင့်လည်း ဆက်စပ်နေပါကြောင်း၊ တစ်နိုင်ငံလုံးရှိ မသန်စွမ်းသူများ၏ စာရင်းဇယားများရရှိပြီး ယခုရေးဆွဲနေသော မဟာဗျူဟာနှင့် ချိတ်ဆက်ဆောင်ရွက်ပါက မသန်စွမ်းသူများ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က ပြောကြားသည်။

ယနေ့နံနက်ပိုင်းတွင်ကျင်းပသော မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ (၅) နှစ်စီမံကိန်း (၂၀၂၁-၂၀၂၅) မူကြမ်းရေးဆွဲခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က ထိုသို့ပြောကြားခြင်းဖြစ်သည်။

**ပြောကြား**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာကို ၂၀၁၉ ခုနှစ်က စတင်ရေးဆွဲခဲ့ပြီး ကဏ္ဍအလိုက် အစည်းအဝေးများနှင့် လုပ်ငန်းစဉ်များ ညှိနှိုင်းအတည်ပြုပေးနိုင်ရေး လုပ်ငန်းများကို အလေးထားပြီး ဆောင်ရွက်ပေးစေလိုပါကြောင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာနှင့်ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်ခြင်းသည် နောင်လာမည့် အစိုးရအတွက်လည်း ကြိုတင်ပြင်ဆင်ပေးခြင်း ဖြစ်ပါကြောင်း၊ နောက်ဆုံး(မူကြမ်း)အဆင့်ကို ညှိနှိုင်းအတည်ပြုခြင်း၊ လုပ်ငန်းစဉ်များ ပြီးဆုံးပါက ပြည်သူသို့ အသိပေးတင်ပြခြင်းကို ဆောင်ရွက်နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးဦးအောင်ထွန်းခိုင်က မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ (မူကြမ်း) ပါ အခန်းကဏ္ဍအလိုက် အခန်းကဏ္ဍတိုင်းတွင် ဦးစားပေးလုပ်ငန်းများကို ထည့်သွင်းရေးဆွဲရာ မသန်စွမ်းသူများ၏ အကျိုးစီးပွား၊ အခွင့်အရေးကို ဦးတည်စဉ်းစားရေးဆွဲထည့်သွင်းသင့်ပါကြောင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ (၅) နှစ်စီမံကိန်း အပြီးသတ်ရေးဆွဲနိုင်ရေးအတွက် Technical Core Group နှင့် ညှိနှိုင်းအစည်းအဝေးများပြုလုပ်ပြီး အကြံပြုချက်များ ရယူသင့်ပါကြောင်း၊ မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးမှသာ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ (၅) နှစ်စီမံကိန်း အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ဖြည့်စွက်ပြောကြားသည်။

**ညှိနှိုင်းဆွေးနွေး**

ထို့နောက် ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ထိခိုက်လွယ်အုပ်စုများဌာနခွဲမှ ညွှန်ကြားရေးမှူးက မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ (၅) နှစ်စီမံကိန်း (၂၀၂၁-၂၀၂၅) မူကြမ်းရေးဆွဲခြင်းနှင့်စပ်လျဉ်းသည့် နောက်ခံအကြောင်းအရာများ၊ ရည်ရွယ်ချက်များ၊ အခြေခံစည်းမျဉ်းများ၊ နည်းလမ်းများ၊ ချိတ်ဆက်ဆောင်ရွက်မှုများ၊ ဆောင်ရွက်သည့်လုပ်ငန်းစဉ်များ၊ ဆပ်ကော်မတီအလိုက် အစည်းအဝေးများ ကျင်းပခြင်းများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာကြသူများက ဖြည့်စွက်ညှိနှိုင်း ဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးအတွက် ကော်မတီများဖွဲ့စည်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ ရှင်းလင်းတင်ပြသည့် အစည်းအဝေးကိုကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ လုပ်ငန်းစဉ်များမှာ Life Circle Approach ဖြစ်သဖြင့် မိခင်ဝမ်းတွင်းမှစ၍ သက်ကြီးရွယ်အိုများအထိ အကာအကွယ်ပေးနိုင်ရေး အရေးကြီးပါကြောင်း၊ Social Sector ဖြစ်သည့်အတွက် လုပ်ငန်းများ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန်လိုအပ်ပါကြောင်း၊ ထို့ကြောင့် ဝန်ကြီးဌာနရှိ ဦးစီးဌာန(၃)ခုမှ ကော်မတီများ ဖွဲ့စည်းပြီး ဆက်စပ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံသည် ကလေးစစ်သားအသုံးပြုမှုနှင့် ပတ်သက်၍ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ နောက်ဆက်တွဲ စာရင်းမှ Delist ဖြစ်ပြီးဖြစ်သဖြင့် တပ်မတော်၏ဂုဏ်သိက္ခာ၊ နိုင်ငံ၏ဂုဏ်သိက္ခာအတွက် ကောင်းသော ပုံရိပ်လက္ခဏာပင်ဖြစ်ပါကြောင်း၊ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ်ကြီးလေးသော ကျူးလွန်မှုများမှ ကာကွယ်တားဆီးနိုင်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးအောင်ဝင်းခိုင်က လက်နက်ကိုင်ပဋိပက္ခများကြောင့် ကလေးသူငယ်များအပေါ် ထိခိုက်မှုများရှိပါကြောင်း၊ ကလေးသူငယ်များအနေဖြင့် ကိုယ်တိုင်ထိခိုက် ခံစားရခြင်းများရှိသကဲ့သို့ မိဘများ၊ မိသားစုဝင်များ ထိခိုက်ခံစားရခြင်းသည်လည်း ကလေးသူငယ်များ၏ ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေနိုင်သဖြင့် ကလေးသူငယ်များ၏ အခြေခံအခွင့်အရေးကို ထိပါးခြင်းပင်ဖြစ်ပါကြောင်း၊ ကလေးသူငယ်အခွင့်အရေးဥပဒေကိုလည်း ၂၀၁၉ ခုနှစ်တွင် ပြဋ္ဌာန်းထားပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးနိုင်ရေးအတွက် ကြိုတင်ကာကွယ်ပေးခြင်း၊ ကာကွယ်စောင့်ရှောက်ကူညီပေးခြင်းနှင့် ကျူးလွန်ခံရသူများအား ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ နောက်ဆက်တွဲစောင့်ရှောက်မှုပေးခြင်းများ ဆောင်ရွက်ပေးရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ တာဝန်ရှိသူက လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ်ကြီးလေးသော ကျူးလွန်မှုများမှ ကာကွယ်တားဆီးနိုင်ရေးအတွက် ကော်မတီများဖွဲ့စည်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

အစည်းအဝေးတွင် လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီ၊ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များ အပေါ် ကြီးလေးသော ကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးလုပ်ငန်းကော်မတီနှင့် လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များပါဝင်ပတ်သက်မှုဆိုင်ရာ နောက်ဆက်တွဲ အခြေပြစာချုပ် အကောင်အထည်ဖော်နိုင်ရေး အမျိုးသားအဆင့် ကော်မတီတို့ကို ဆက်လက်ဖွဲ့စည်းဆောင်ရွက်သွားရန်နှင့် စောင့်ကြည့်စစ်ဆေးခြင်း၊ အကဲဖြတ်ခြင်း (Monitoring and Evaluation) လုပ်ငန်းတာဝန်ကို လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ်ကြီးလေးသော ကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်အဖြစ် သတ်မှတ်ဆောင်ရွက်သွားရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

○ စာမျက်နှာ ၆ မှ

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိရေးအတွက် စွန့်လွှတ်စွန့်စား ကြိုးပမ်းခဲ့သူများကို ဂုဏ်ပြုချီးမြှင့်သည့် လွတ်လပ်ရေးမော်ကွန်းဝင်တံဆိပ်ရရှိသူများအနက် ဆရာမကြီးဒေါ်ခင်အုန်းမြသည် မြန်မာအမျိုးသမီးသူနာပြုနှင့် စစ်သူနာပြုများအနက် တစ်ဦးတည်းသော အမျိုးသမီးသူနာပြုလည်း ဖြစ်လာခဲ့သည်။ နိုင်ငံတော်အစိုးရအဆက်ဆက်အနေဖြင့် ဆရာမကြီး ဗိုလ်မှူးဒေါ်ခင်အုန်းမြအား လွတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယအဆင့်)အပြင် လွတ်လပ်ရေးစည်းရုံးမှုတံဆိပ်၊ လွတ်မြောက်ရေးတံဆိပ်၊ စစ်မှုထမ်းကောင်းတံဆိပ်၊ ပြည်ပရန်နှိမ်တံဆိပ်၊ ပြည်သူ့စစ်တိုက်ပွဲဝင်တံဆိပ်များကိုလည်း နှစ်အလိုက် ဆက်လက်ချီးမြှင့်ခဲ့သည်။

**မြန်မာနိုင်ငံ၏ ပထမဆုံး ဖလော်ရင့်နိုက်တင်ဂေးဆုရှင်**

ဤကဲ့သို့ ကြိုးပမ်းစွမ်းဆောင်မှုများအရ ၁၉၆၂ ခုနှစ်တွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် ဖလော်ရင့်နိုက်တင်ဂေးဆုတံဆိပ်အတွက် အရည်အချင်းပြည့်ဝပြီး အသင့်တော်ဆုံးဟု ယူဆသည့် ဒေါ်ခင်အုန်းမြ၏ အမည်စာရင်းကို အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီသို့ ထောက်ခံတင်ပြပေးပို့ခဲ့သည်။ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီသည် ဖလော်ရင့်နိုက်တင်ဂေးဆုတံဆိပ် ရွေးချယ်ရေးဆိုင်ရာ အရည်အသွေးများနှင့် ကိုက်ညီမှုရှိသည့် မြန်မာနိုင်ငံ အမှတ်(၂)တပ်မတော်ဆေးရုံမှ ထိုစဉ်က ဗိုလ်ဒေါ်ခင်အုန်းမြအား ဖလော်ရင့်နိုက်တင်ဂေးဆုတံဆိပ်ရှင်အဖြစ် ချီးမြှင့်အပ်နှင်းကြောင်း ၁၉၆၃ ခုနှစ် မေလ ၁၂ ရက်နေ့ (ကမ္ဘာ့သူနာပြုများ၏မိခင် ကရုဏာရှင် ဖလော်ရင့်နိုက်တင်ဂေး၏မွေးနေ့)တွင် နိုင်ငံတကာသို့ ထုတ်ပြန်ကြေညာခဲ့ရာ မြန်မာနိုင်ငံ၏ ပထမဆုံး ဖလော်ရင့်နိုက်တင်ဂေးဆုရှင်အဖြစ်လည်း ပေါ်ထွန်းလာခဲ့ပါသည်။

**စာပေတာဝန်၊ လူမှုရေးတာဝန်များ**

ကမ္ဘာတစ်ဝန်းရှိ ဂုဏ်ပြုခံ ထူးချွန်သူ သူနာပြုနှင့် ကြက်ခြေနီစေတနာ့ဝန်ထမ်းများတွင် မြန်မာနိုင်ငံအတွက် ပထမဆုံး ဂုဏ်ဆောင်ခဲ့သော ဖလော်ရင့်နိုက်တင်ဂေးဆုရှင် ဆရာမကြီး ဗိုလ်မှူးဒေါ်ခင်အုန်းမြသည် အငြိမ်းစားယူပြီးနောက်တွင်လည်း စာပေတာဝန်၊ လူမှုရေးတာဝန်များကို စွမ်းစွမ်းတမံ ဆောင်ရွက်သွားခဲ့ပါသည်။

၁၉၃၈ ခုနှစ် ဆယ်ကျော်သက်ကာလ လူငယ်ဘဝ၌ မိုးကောင်းမြို့ စာနယ်ဇင်းကိုယ်စားလှယ်နှင့် မြန်မာ့အလင်းသတင်းစာ သတင်းထောက်အဖြစ် ဆောင်ရွက်ခဲ့စဉ် သတင်းဦး သတင်းထူးများ ပေးပို့နိုင်သည့်အတွက် မြန်မာ့အလင်းသတင်းစာတိုက်၏ "ထူးဦးဆု"ကို ချီးမြှင့်ခံခဲ့ရသူ ဆရာမကြီး ဒေါ်ခင်အုန်းမြသည် "မြမာလာ" ကလောင်အမည်ဖြင့် စာအုပ်စာတမ်းများရေးသားပြုစုခဲ့ရာ ဣတ္ထိယဘဝဆောင်းပါး၊ ဘဝတိုက်ပွဲဝတ္ထု၊ ကျွန်မဘဝအစ ကြက်ခြေနီက ဆောင်းပါးနှင့် ဖွားဖွားကြက်ခြေနီ အခန်းဆက်ဆောင်းပါးများမှာ ထင်ရှားခဲ့သည်။

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ သက်ကြီးကန်တော့ခံ စာပေပညာရှင်ဖြစ်ခဲ့သည့်အပြင် မြစ်ကြီးနားမြို့နယ်အသင်းနာယက၊ ရွှေတိဂုံစေတီတော်တောင်ဘက်မုခ် ကျောက်စိမ်းတွင်းဓမ္မာရုံဥက္ကဋ္ဌ၊ ဒဂုံမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အမှုဆောင်အဖြစ်လည်းကောင်း၊ ရန်ကုန်မြို့ စကားဝါလမ်း တိပိဋကကျောင်းတော်၊ မဟာစည်အမျိုးသမီးယောဂီစောင့်ရှောက်ရေးအသင်း၊ ဟိတေသီအသင်း၊ မြန်မာနိုင်ငံသူနာပြုအသင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့တွင် ရာသက်ပန်အသင်းဝင်အဖြစ်လည်းကောင်း အသီးသီး တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။ ၁၉၉၆ ခုနှစ်တွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ အကြံပေးပုဂ္ဂိုလ်အဖြစ် ဆောင်ရွက်ခဲ့ပြီး ၂၀၀၉ ခုနှစ် နိုဝင်ဘာလ ၂၇ ရက်နေ့တွင် ကွယ်လွန်ခဲ့ပါသည်။

ဆရာမကြီး ကွယ်လွန်ခဲ့သော်လည်း မြန်မာနိုင်ငံသူနာပြုနှင့် ကြက်ခြေနီစေတနာ့ဝန်ထမ်းများ၏ ကျန်းမာရေးစောင့်ရှောက်မှုသမိုင်းတွင်လည်းကောင်း၊ လွတ်လပ်ရေးကြိုးပမ်းမှုနှင့် တပ်မတော်သမိုင်းတွင် လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ၏ ဖလော်ရင့်နိုက်တင်ဂေးဆုချီးမြှင့်ခံရသူများ သမိုင်းစာမျက်နှာတွင် လည်းကောင်း မြန်မာ့တပ်မတော်ဆေးဝန်ထမ်း တပ်ဖွဲ့မှ ဗိုလ်မှူးဒေါ်ခင်အုန်းမြ၏ အမည်နာမသည် မျိုးဆက်သစ် မြန်မာနိုင်ငံသားများအတွက် ထာဝစဉ်ဂုဏ်ယူနေရမည့် သင်္ကေတအဖြစ် ရပ်တည်ရှင်သန်နေမည် ဖြစ်ပါသည်။ ။

**ရည်ညွှန်း**

- မြန်မာနိုင်ငံမှဖလော်ရင့်နိုက်တင်ဂေးဆုရှင်များ - မြန်မာနိုင်ငံကြက်ခြေနီအသင်း ၇၅ နှစ်မြောက် စိန်ရတု အထိမ်းအမှတ်မဂ္ဂဇင်း (၂၀၁၄ ခုနှစ်) (စာ ၈၄-၈၅)
- ခင်အုန်းမြ ဒေါ် - ဝီကီပီးဒီးယားစာမျက်နှာ https://my.wikipedia.org> wiki

■

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဘာသာရပ်ဆိုင်ရာ စာတမ်းဖတ်ပွဲကျင်းပ

**နေပြည်တော် မေ ၂၈**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ဘာသာရပ်ဆိုင်ရာ စာတမ်းဖတ်ပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် Assembly Hall ၌ ကျင်းပသည်။




**တက်ရောက်**

စာတမ်းဖတ်ပွဲသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်း၊ ဒုတိယဥက္ကဋ္ဌ ဦးဝင်းသော်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒါရိုက်တာအဖွဲ့ဝင်များ ဖြစ်ကြသော ဒေါက်တာခင်နိုင်ဦး၊ ဦးအောင်ကျော်သန်းနှင့် ဒေါက်တာလင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်များ ဖြစ်ကြသော ဦးအောင်အောင်၊ ဒေါ်တင်မိုးမိုး၊ ဦးဝင်းမြင့်၊ ဦးမျိုးမင်းနှင့် အရာထမ်းများနှင့်အမှုထမ်းများ တက်ရောက်ကြသည်။

စာတမ်းဖတ်ပွဲတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌက ယခုကဲ့သို့ ဘာသာရပ်ဆိုင်ရာ စာတမ်းဖတ်ပွဲပြုလုပ်ရခြင်း၏ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဌာနအသီးသီးမှ လုပ်ငန်းဆောင်ရွက်မှုများကို အပြန်အလှန်သိရှိစေရန်နှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ လုပ်ကိုင်ဆောင်ရွက်မှုများကို နားလည်သိရှိရန်ဖြစ်ကြောင်း၊ သို့ပါ၍ စာတမ်းဖတ်ပွဲများကို စဉ်ဆက်မပြတ် လုပ်ကိုင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများဖြင့် ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးများကို ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

သို့ပါ၍ ဒေသဆိုင်ရာ အဖွဲ့အစည်းများဖြစ်သည့် အာဆီယံ၊ အေစီယူ၊ အာရှဖွံ့ဖြိုးရေးဘဏ်နှင့် အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့နှင့် နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သော အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ်တို့၏ လုပ်ငန်းဆောင်ရွက်မှုများကို သိရှိခြင်းဖြင့် အသိပညာများ တိုးပွားလာပြီး မိမိအဖွဲ့အစည်းအတွက်သာမက နိုင်ငံတော်အတွက်ပါ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဌာန အသီးသီးမှ ဝန်ထမ်းများအနေဖြင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့နှင့် သက်ဆိုင်သည့် ဘာသာရပ်ဆိုင်ရာလုပ်ငန်းများကို ဖတ်ကြားဆွေးနွေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်ဖြစ်ကြောင်း ပြောကြားသည်။

**အကြံပြုဆွေးနွေး**

ဆက်လက်၍ ဘဏ်လုပ်ငန်းကြီးကြပ်စစ်ဆေးရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြတ်သီတာမင်းက "အာဆီယံ ဘဏ်လုပ်ငန်းပေါင်းစည်းရေးလုပ်ငန်းကော်မတီ (WC–ABIF)၏ ဆောင်ရွက်ဆဲကိစ္စရပ်များနှင့် ဆက်လက်ဆောင်ရွက်မည့်ကိစ္စရပ်များ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ငွေကြေးလုပ်ငန်းအုပ်ချုပ်မှုဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထင်လင်းအောင်က "ဆုံးရှုံးနိုင်ခြေအခြေခံသော ဘဏ်လုပ်ငန်း ကြီးကြပ်စစ်ဆေးခြင်းသင်တန်း (Training on Risk–Based Banking Supervision) သို့ တက်ရောက်ခဲ့သည့်အစီရင်ခံစာ" ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးတင်ပြကြရာ တက်ရောက်လာကြသည့် ဒုတိယဥက္ကဋ္ဌများ၊ ဒါရိုက်တာအဖွဲ့ဝင်များနှင့် အရာထမ်းများက အကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

■

## အနုပညာအထက်တန်းကျောင်းများ ပြန်လည်ဖွင့်လှစ်မည်

**နေပြည်တော် မေ ၂၈**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနအနေဖြင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးစရိုက်လက္ခဏာများကို မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိရာ မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပညာရပ်များ၊ ပန်းချီပန်းပုပညာရပ်များနှင့် တိုင်းရင်းသားများ၏ ဓလေ့ထုံးစံများအား ထိန်းသိမ်းဖော်ထုတ်မြှင့်တင်ခြင်း၊ မှတ်တမ်းတင်ခြင်း၊ သုတေသနပြုလုပ်ခြင်းနှင့် အနုပညာမျိုးဆက်သစ်များ လေ့ကျင့်ပျိုးထောင်မွေးထုတ်ပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

အနုပညာမျိုးဆက်သစ်များ ပေါ်ထွန်းလာစေရေးအတွက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာအထက်တန်းကျောင်း(ရန်ကုန်)ကို ၁၉၅၂ ခုနှစ်တွင် လည်းကောင်း၊ အနုပညာအထက်တန်းကျောင်း(မန္တလေး)ကို ၁၉၅၃ ခုနှစ်တွင်လည်းကောင်း စတင်ဖွင့်လှစ်၍ ပန်တျာသင်တန်းနှင့် ပန်းချီပန်းပုသင်တန်းများကို သင်ကြားပေးလျက်ရှိသည်။

ပန်တျာသင်တန်းတွင် အက (အမျိုးသား၊ အမျိုးသမီး)၊ ဆိုင်း၊ နှဲ၊ တယော၊ စန္ဒရား၊ စောင်းနှင့် ပတ္တလားဘာသာရပ်များကို သင်ကြားပို့ချပြီး မသင်မနေရ ဘာသာရပ်အဖြစ် သင်္ကေတ၊ ကဗျာနှင့် အဆိုပညာရပ်များကိုလည်းကောင်း၊ ပန်းချီပန်းပုသင်တန်းတွင် အခြေခံပန်းချီ၊ လုပ်ငန်းပန်းချီ၊ ရသပန်းချီ၊ မြန်မာ့ရိုးရာပန်းချီနှင့် ပန်းပုပညာရပ်များကိုလည်းကောင်း စာပေဘာသာရပ်နှင့် တွဲဖက်ကာ သုံးနှစ်သင်တန်းများအဖြစ် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

၂၀၁၉–၂၀၂၀ ပညာသင်နှစ် သင်တန်းများအားလုံးပြီးဆုံးခဲ့ပြီး ၂၀၂၀–၂၀၂၁ ပညာသင်နှစ် သင်တန်းများစတင်ဖွင့်လှစ်ချိန်တွင် ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်–၁၉ ကြောင့် အနုပညာအထက်တန်းကျောင်းများ၌ ဖွင့်လှစ်သင်ကြားလျက်ရှိသော ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ်သင်တန်းများကို ၂၀၂၀ ပြည့်နှစ် မတ် ၂၃ ရက်မှစ၍ ရပ်နားထားခဲ့ရသည်။

ယခုအခါ အဆိုပါ ပန်တျာသင်တန်းနှင့် ပန်းချီပန်းပုသင်တန်းများအား ၂၀၂၁ ခုနှစ် မေ ၃ ရက်တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော ကိုဗစ်–၁၉ ကာကွယ်၊ တားဆီးရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ သတင်းစဉ်

## သံဖြူဇရပ်မြို့နယ်၌ နယ်စပ်ဒေသလမ်းလုပ်ငန်းများ ၈၀ ရာခိုင်နှုန်းကျော်ပြီးစီး

**သံဖြူဇရပ် မေ ၂၈**

နယ်စပ်ရေးရာဝန်ကြီးဌာနသည် မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်၌ နယ်စပ်ဒေသ ကျေးရွာများ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် စခန်းကြီးကျေးရွာအုပ်စု စခန်းကြီး–အတွင်းစခန်းကြီး–ရဲတံခွန်လမ်း ၃ မိုင် ၂ ဖာလုံအနက် ၂ မိုင် ကျောက်ခင်းခြင်း၊ ပယော်ဟဲကျေးရွာအဝင်လမ်း ၁ မိုင် ၄ ဖာလုံ ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ ဝဲကလိကျေးရွာအုပ်စု ဝဲကလိ – အိုင်ရှည် လမ်း ၃ မိုင်အနက် ၁ မိုင် ၄ ဖာလုံ ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများကို နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ်ခွင့်ပြုရန်ပုံငွေကျပ် ၅၂၇ ဒသမ ၁၅၇ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကြောင်းနှင့် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ မိုးမကျမီ အချိန်မီပြီးစီးရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ငွေကြယ်

## ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု ကြည့်ရှုစစ်ဆေး

**လှည်းကူး မေ ၂၈**

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ်အတွင်းရှိ ကောက်ကွေ့ကျေးရွာ၊ စာဘူးတောင်းကျေးရွာနှင့် ဂုံမင်းလှျိုကျေးရွာများသို့ ကျေးလက်နေပြည်သူများ၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ပြီး လုပ်ငန်းဆိုင်ရာများအား မေ ၂၆ ရက် မွန်းတည့် ၁၂ နာရီတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်နှင့်အဖွဲ့ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဆောင်ရွက်ပြီးစီးခဲ့သော ကောက်ကွေ့ကျေးရွာ ကုန်ထုတ် ဂဝံလမ်း ပေ ၂၄၀၀၊ ကုန်ထုတ်တံတား ပေ ၈၀၊ စာဘူးတောင်းကျေးရွာတွင် စက်ရေတွင်းနှင့် အမြင့်တင်ရေစင်၊ ဂုံမင်းလှျိုကျေးရွာတွင် ကုန်ထုတ် ဂဝံလမ်း ပေ ၃၉၀၀၊ ကုန်ထုတ်တံတား ပေ ၁၂၀ တို့ ဆောင်ရွက်ပြီးစီးမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ လုပ်ငန်းဆောင်ရွက်ပေးခဲ့ကြသော ကုမ္ပဏီများနှင့် ဌာနတာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ညွှန်ကြားရေးမှူးချုပ်က ရှေ့ဆက်ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို လမ်းညွှန်မှာကြားခဲ့သည်။



အဆိုပါ ကျေးရွာသုံးရွာရှိ ကုန်ထုတ်ဂဝံလမ်းများ၊ ကုန်ထုတ်တံတားများ၊ အမြင့်တင်ရေစင် စက်ရေတွင်း စသည်တို့ကို ပြုလုပ်ဆောင်ရွက်ပေးခဲ့မှုကြောင့် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေလွယ်ကူသွားကြောင်းနှင့် အိမ်ခြေ ၃၀၀ ခန့် ကျေးလက်ရေရရှိရေးတွင် ကျေးရွာနေ ပြည်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ဉာဏ်ဟိန်း

# အနုပညာသည် ...

**စာချစ်သူ**

ရန်ကုန်နွေရဲ့ အပူဒဏ်က ပိုပြင်းလာပြီ။ အပူဒဏ်ကို ရှောင်တဲ့အနေနဲ့ ကျွန်တော်ကတော့ အားလပ်ရက်တွေမှာ အိမ်တွင်းအောင်းရင်း ကိုရီးယားဇာတ်လမ်းတွဲတွေ တစ်ဝကြီးထိုင်ကြည့်နေဖြစ်တယ်။

ကိုရီးယားဇာတ်လမ်းတွဲတွေရဲ့ ထုံးစံအတိုင်း ဇာတ်ကောင်အချင်းချင်းအားပြိုင်မှုတွေကို ကြည့်ရင်း ကြည့်ရင်း ရှေ့ဘာများဆက်ဖြစ်မလဲဆိုတဲ့ သိချင်စိတ်တွေနဲ့အတူ အပူဒဏ်တွေကို မသိတော့ဘူး၊ ထမင်းစားချိန်၊ အိပ်ချိန် မသိတော့ဘူး။ တကယ့်ကို ထမင်းမေ့ ဟင်းမေ့နဲ့ ကိုရီးယားဇာတ်လမ်းတွဲတွေထဲ နစ်ဝင်စီးမျောနေမိတယ်။

ကိုရီးယားဇာတ်လမ်းတွဲတွေရဲ့ ညို့ယူဖမ်းစားမှုဟာ ကျွန်တော်တို့နိုင်ငံတွင်သာမကဘူး၊ တရုတ်၊ ဂျပန်အပါအဝင် အာရှတစ်လွှားက ပရိသတ်တွေကြားမှာလည်း အတော်ကို ရေပန်းစားနေတယ်။

ကိုရီးယားမင်းသား မင်းသမီးတွေရဲ့ အနုပညာစွမ်းပကားကြောင့်လည်း ကျွန်တော်တို့တစ်တွေဟာ ကိုရီးယားရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံတွေနဲ့ ပိုမိုထိတွေ့ရင်းနှီးလာခဲ့ရတယ်။ ပဲခေါက်ဆွဲ၊ ဂင်ချီ အပါအဝင် ကိုရီးယားအစားအစာတွေကိုလည်း မြည်းစမ်းကြည့်လာမိတယ်။ အိုပါး၊ အိုမားတို့နဲ့လည်း ရင်းနှီးလာရတယ်။ သို့အတွက် ကိုရီးယားမင်းသား မင်းသမီးတွေကို သူတို့နိုင်ငံရဲ့ယဉ်ကျေးမှုသံတမန်များရယ်လို့တောင် တင်စားသတ်မှတ်လာကြရတယ်။

**ရုပ်ရှင်အနုပညာရှင်တွေရဲ့ ဩဇာတိက္ကမဟာ အတော့်ကို ကြီးမား**

ပုဂ္ဂိုလ်ခင်မှ တရားမင်တဲ့ အာရှရဲ့ထုံးစံအတိုင်း မြန်မာနိုင်ငံမှာလည်း ရုပ်ရှင်အနုပညာရှင်တွေရဲ့ ဩဇာတိက္ကမဟာ အတော့်ကို ကြီးမားပါပေတယ်။

ဖဆပလ အစိုးရခေတ်မှာ ပုသိမ်မြို့ကို တိုင်းခန်းလှည့်လည်လာတဲ့ ဝန်ကြီးချုပ်သင်္ဘောနဲ့ ရုပ်ရှင်အနုပညာရှင်တွေ လိုက်ပါလာတဲ့ သင်္ဘောတို့ ဖောတံတားတစ်စင်းစီမှာ ပြိုင်တူဆိုက်ကပ်တဲ့အခါ သင်္ဘောဆိပ်မှာ စောင့်ကြိုနေကြတဲ့ အလွှာအသီးသီးက လူထုလူတန်းစား ၅၀၀ ခန့်ဟာ ရုပ်ရှင်အနုပညာရှင်တွေ လိုက်ပါလာတဲ့ သင်္ဘောဆိုက်ကပ်ရာ ဖောတံတားဆီကို အပြေးအလွှားစုပြုံတိုးဝှေ့ပြီး ကြိုဆိုကြတယ်လို့ ဆိုတယ်။

အမှန်တော့ ဒီသင်္ဘောမှာ ရုပ်ရှင်ဒါရိုက်တာ စာရေးဆရာကြီး သာခုတစ်ဦးသာ ကိုယ်ရေးကိုယ်တာကိစ္စနဲ့ ပုသိမ်ကို လာရောက်ခဲ့ခြင်း ဖြစ်ပါတယ်။ သို့ပေမယ့် ရုပ်ရှင်မင်းသား မင်းသမီးတွေလည်း ပါတယ်ဆိုတဲ့ ကောလာဟလကြောင့် မြို့ခံပရိသတ်ထုကြီးဟာ ဆိပ်ခံဖောတံတားအထိ အုန်းအုန်းကျွက်ကျွက် လာရောက်ကြိုဆိုခဲ့ကြခြင်း ဖြစ်ပါတယ်။

မှတ်မှတ်ရရ၊ သတင်းစာဆရာကြီး ဦးသိန်းဖေမြင့်သည်လည်း ဂန္ထဝင်အနုပညာရှင်တစ်ဦးဖြစ်တဲ့ တွံတေးသိန်းတန်အကြောင်းကို ၁၉၇၁ ခုနှစ်ထုတ် ဗိုလ်တထောင်သတင်းစာရဲ့ ပွင့်ပွင့်လင်းလင်း ပြောပါရစေကဏ္ဍမှာ “ကိုသိန်းတန်” ခေါင်းစဉ်နဲ့ တခုတ်တရ ရေးသားခဲ့ဖူးတယ်။

ဆောင်းပါးမှာ **“ကျေးလက်တောရွာလူထုကြားမှာ အနေကြာတဲ့ ဗိုလ်မှူးကြီးတစ်ယောက်က ရန်ကုန်မြို့ရောက်လာတော့ ရုပ်ရှင်မင်းသားရွှေဘအကြောင်းပြောရင် “ကိုရွှေဘ” “ကိုရွှေဘ”နှင့် ပြောတယ်။ ဒီတော့ ရန်ကုန်နေ သူ့မိတ်ဆွေများက သရော်ကြတယ်။ ဒီတော့ ဗိုလ်မှူးကြီးက “တောလက်ကျေးရွာက လူများဟာ ကိုရွှေဘကို၊ ကိုရွှေဘလို့ပဲ ခေါ်ကြတယ်၊ ကျွန်တော်လည်း လျှာကျိုးနေပြီ”လို့ ရှင်းပြသဗျာ။**

**ရွှေဘဟာ သူတို့ရဲ့အသည်းစွဲပဲ။ ဒါကြောင့် ရိုရိုသေသေ လေးလေးစားစား ချစ်ချစ်ခင်ခင် “ကိုရွှေဘ”လို့ ခေါ်ကြခြင်း ဖြစ်ပါတယ်။**

**ယခုအချိန် မြို့ကြီးများမှအပ မြို့ကြီး၊ မြို့ကလေးများ၊ ရွာကြီးများနှင့် ရွာသိမ်ရွာငယ်များမှ လူထုဟာ တွံတေးသိန်းတန်ကို ကိုသိန်းတန်လို့ ခေါ်ကြတယ်။ ကိုသိန်းတန်ဟာ သူတို့ အသည်းစွဲပဲ”**

> **တကယ်တော့ ပြည်သူချစ်သော အနုပညာရှင်တွေရဲ့ ပင်မတာဝန်ဝတ္တရားက ကိုယ်တတ်ကျွမ်းတဲ့ အနုသုခုမစွမ်းပကားဖြင့် ပြည်သူကို အလုပ်အကျွေးပြု ဖျော်ဖြေတင်ဆက်ခြင်း၊ ပြည်သူရဲ့ရှေ့ဆောင်လမ်းပြအဖြစ် ပညာပေးခြင်း စတဲ့ကိစ္စတွေပါပဲ။ ဆိုရရင် အနုပညာဆိုတာ တစ်ပါတီ၊ တစ်သင်းတစ်ဖွဲ့၊ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အတွက် မဟုတ်ပါဘူး။ အနုပညာသည် ပြည်သူ့အတွက်သာဖြစ်။**

စသဖြင့် ရေးသားခဲ့ပါတယ်။

**မင်းသားကနေ သမ္မတဖြစ်လာ**

သို့ကလို ရုပ်ရှင်အနုပညာရှင်တို့ရဲ့ ပုဂ္ဂိုလ်ရေး ထင်ပေါ်ကျော်ကြားမှုတွေကြောင့် အချို့အနုပညာရှင်တွေဟာ မိမိကျင်လည်ရာ အနုပညာဇာတ်ခုံပေါ်ကနေ ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံပေါ်သို့ ကူးပြောင်းသရုပ်ဆောင်ရင်း မင်းသားကနေ သမ္မတဖြစ်လာသူတွေလည်း ရှိခဲ့ကြတယ်။

သူတို့ကတော့ အမေရိကန်ပြည်ထောင်စုရဲ့ ၄၀ ဦးမြောက် သမ္မတဖြစ်တဲ့ ရော်နယ်ရီဂင်နဲ့ ဖိလစ်ပိုင်နိုင်ငံက သမ္မတ အက်စ်ထရာဒါတို့ပဲ ဖြစ်ကြတယ်။ မင်းသားကြီး အာနိုးကတော့ ရော်နယ်ရီဂင် သမ္မတရာထူးမတက်လှမ်းမီက တာဝန်ထမ်းဆောင်ခဲ့ဖူးတဲ့ ကယ်လီဖိုးနီးယားပြည်နယ် ဂါဗနာ(အုပ်ချုပ်ရေးမှူး) ရာထူးအထိ ဖဝါးထပ်မျှ လိုက်ပါနိုင်ခဲ့ပေမယ့် ရီဂင်လို သမ္မတရာထူးအထိတော့ မတက်လှမ်းနိုင်ခဲ့ဘူး။

ထို့အတူ မြန်မာပရိသတ်နဲ့ ရင်းနှီးကျွမ်းဝင်ခဲ့တဲ့ ဘောလိဝုဒ်ရုပ်ရှင်မင်းသားကြီး အမိတာဘဂျမ်းဟာလည်း လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအဖြစ် တက်လှမ်းနိုင်ခဲ့တယ်။

သို့ဆိုငြား ရုပ်ရှင်မင်းသားဘဝကနေ နိုင်ငံရေးသမားဘဝသို့ ခံယူကူးပြောင်းသွားခဲ့တဲ့ သူတို့ရဲ့ အသက်အရွယ်တွေကို လေ့လာသုတေသန ပြုကြည့်ရင် ရုပ်ရှင်လောကရဲ့ ဘဝနေဝင်ဆည်းဆာအချိန်တွေမှာပဲ အများဆုံးတွေ့ရမှာ ဖြစ်ပါတယ်။

မြန်မာ့ရုပ်ရှင်နဲ့ အနုပညာလောကမှာလည်း နိုင်ငံရေးနယ်ထဲကို ထဲထဲဝင်ဝင် ကူးပြောင်းပြီး နိုင်ငံရေးသမားဘဝကို ခံယူတည်ဆောက်သွားတဲ့ အနုပညာရှင်တွေရှိခဲ့ပါတယ်။ သို့ပေမယ့် ရုပ်ရှင်လောကထက် စာပေနဲ့သတင်းစာလောကက ပိုများနေသယောင်လို့ ဆိုရမယ်။

**ထင်ပေါ်ကျော်ကြားမှုအပေါ် ခုတုံးပြု**

ဒီလိုအနုပညာရှင်ဘဝကို ထာဝရကျောခိုင်းပြီး နိုင်ငံရေးသမားဘဝကို ပီပီပြင်ပြင် ခံယူကူးပြောင်းသွားကြတဲ့သူတွေကိုတော့ ကျွန်တော်တို့လေးစားရပါတယ်။ သို့သော်ငြား ပရိသတ်ရဲ့ အနုပညာ **အားပေးမှုအပေါ်၊ ကိုယ့်ရဲ့ပုဂ္ဂိုလ်ရေး ထင်ပေါ်ကျော်ကြားမှုအပေါ် ခုတုံးပြုပြီး ပြည်သူကို နိုင်ငံရေးအရောင်အသွေးတွေ ဆိုးနေကြတဲ့ လုပ်ရပ်တွေကိုတော့ ကျွန်တော်တို့ မနှစ်သက်ဘူး၊ ဘဝင်မကျဘူးလို့ ပြောရမယ်။**

ပစ္စက္ခရုပ်ရှင်လောကနဲ့ ရုပ်ရှင်လောကသားတွေအကြား နိုင်ငံရေးဘေးပယောဂတွေ စွန်းထင်ခဲ့သလိုမျိုး တစ်ခေတ်တစ်ခါက စာပေလောကနယ်ပယ်ထဲမှာလည်း ကြုံခဲ့ကြဖူးတယ်။ လက်ဝဲသမားကလောင်နီတွေဟာ စာရေးဆရာအသင်းကြီးကို အပိုင်စီးခဲ့ကြဖူးတယ်။ စာရေးဆရာအသင်းကြီးကို နိုင်ငံရေးသမားတို့ရဲ့ ခုတုံးအဖြစ်၊ အစိုးရကိုပုတ်ခတ်တဲ့ စင်မြင့်အဖြစ် အသုံးချခဲ့ဖူးကြတယ်။

လက်ဝဲအုပ်စု၊ လက်ျာအုပ်စု၊ ကြားနေအုပ်စု၊ အလံနီအုပ်စု၊ အလံဖြူအုပ်စု စသဖြင့် အုပ်စုအလိုက် လှုပ်ရှားခဲ့ကြပြီး ရာထူးလုကြတဲ့ဖြစ်စဉ်တွေလည်း ရှိခဲ့ဖူးတယ်။

လက်ဝဲစာရေးဆရာအုပ်စု၊ ကလောင်နီအများစု စာရေးဆရာအသင်းကြီးမှာ ခြေကုပ်ရသွားတဲ့ နှစ်တစ်နှစ်မှာ အသင်းတံဆိပ်ကို ချိုးရုပ်လုပ်ချင်လာသလို ဟိုထောက်ခံ၊ ဒီကန့်ကွက်အထိ လုပ်လာကြတဲ့အထိ ဖြစ်လာခဲ့တယ်။

ထိုသို့ စာရေးဆရာအသင်းကို နိုင်ငံရေးအရောင်ခြယ်ခဲ့မှုကြောင့် ...

**“ဒီမယ် သာခု တစ်ခုတည်းပြောမယ်။ အဖွဲ့အစည်း၊ အသင်းအပင်းရဲ့ အသက်သွေးကြောဟာ စည်းမျဉ်းဥပဒေဖြစ်ပါတယ်။ သွေးကြောကိုတော့ မဖြတ်ကြပါနဲ့။ ခုဒီစာရေးဆရာအသင်းရဲ့ စည်းမျဉ်းထဲမှာ “အသင်းအနေနဲ့ နိုင်ငံရေးမလုပ်ရ”လို့ အတိအလင်း တားမြစ်ထားပါတယ်။ တစ်ဦးချင်းအနေနဲ့ တောခိုချင်ခိုကြပါ၊ ကိုယ့်ယုံကြည်ချက်နဲ့ ကိုယ်လုပ်တာကို သာခု ဘာမှဝင်ရှုပ်စရာမရှိပါဘူး။ စည်းမျဉ်းထဲမှာ ဓားပြမတိုက်ရလို့ ဆိုထားရင် မတိုက်ကြပါနဲ့၊ ကောင်းပြီ ဓားပြတိုက်ချင်သလား၊ အများသဘောတူ စည်းမျဉ်းကို ပြင်ပါ၊ “ဓားပြတိုက်လူသတ် ပြန်ပေးဆွဲခွင့်ရှိသည်” အဲ တိုက်ကြပါ၊ ကြိုက်သလိုလုပ်ကြပါ”** ဟု စာရေးဆရာ ရုပ်ရှင်ဒါရိုက်တာကြီး ဆရာကြီး သာခုက ထိုစဉ်က စာရေးဆရာအသင်းအမှုဆောင် ညီလာခံမှာ ထိုသို့ကန့်ကွက်ပြောဆိုခဲ့ဖူးပါတယ်။

သို့ပေမယ့် ထိုစဉ်က ကလောင်နီတွေမှာ တစ်ယူသန်အစွန်းရောက်တွေဖြစ်နေသည့်အတိုင်း မည်သို့မျှပြော၍မရ၊ စည်းမျဉ်းပြင်ရန်လည်း မဲအပြည့်မရနိုင်မှန်း သိကြ၍ စည်းမျဉ်းကို ဘေးချိတ်ပြီး ဇွတ်အဓမ္မပင် စာရေးဆရာအသင်းကို အရောင်ခြယ်နေကြ၍ ဆရာကြီးသာခုသည်လည်း အသင်းမှ နုတ်ထွက်သွားခဲ့ပါတယ်။

**အနုပညာသည် ပြည်သူ့အတွက်သာဖြစ်**

ပစ္စက္ခအသင်းအဖွဲ့များဖြစ်ကြတဲ့ စာပေ၊ ရုပ်ရှင်၊ ဂီတတို့လည်း ကျန်းမာတော်မူပါစေခင်ဗျား။ ကျွန်တော်တို့ ချစ်ခင်လေးစားရပါသော ဂီတ၊ ရုပ်ရှင်၊ စာပေလောကသားတွေ ကျန်းမာပါစေရယ်လို့လည်း ဆုမွန်ကောင်း တောင်းလိုက်ရကြောင်းပါ။ ကျန်းမာဖို့ဆိုရင် မူလဘူတ ကိုယ်ခံအားတွေ ကောင်းမွန်ဖို့လည်း လိုသဗျ။ ကိုယ်ခံအားနည်းရင်တော့ အင်စတီကျူးရှင်းတွေဟာ ကစဉ့်ကလျားနဲ့ လုံးပါးပါးပျက်စီးပျောက်ကွယ်သွားနိုင်ပါတယ်။

**တကယ်တော့ ပြည်သူချစ်သော အနုပညာရှင်တွေရဲ့ ပင်မတာဝန်ဝတ္တရားက ကိုယ်တတ်ကျွမ်းတဲ့ အနုသုခုမစွမ်းပကားဖြင့် ပြည်သူကို အလုပ်အကျွေးပြု ဖျော်ဖြေတင်ဆက်ခြင်း၊ ပြည်သူရဲ့ ရှေ့ဆောင်လမ်းပြအဖြစ် ပညာပေးခြင်းစတဲ့ ကိစ္စတွေပါပဲ။ ဆိုရရင် အနုပညာဆိုတာ တစ်ပါတီ၊ တစ်သင်းတစ်ဖွဲ့၊ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် အတွက် မဟုတ်ပါဘူး။ အနုပညာသည် ပြည်သူ့ အတွက်သာဖြစ်ကြောင်းပါဗျာ။** ။

---

○ ရှေ့ဖုံးမှ

**မိုးလယ်ကာလ ခန့်မှန်းချက်**

မိုးလယ်ကာလသည် ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ(၁)ရက်နေ့မှ ဩဂုတ်လကုန်အထိ ဖြစ်သည်။ မိုးလယ်ကာလအတွင်း ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း လေးကြိမ်ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ယင်းကာလအတွင်း အနောက်တောင်မုတ်သုံလေသည် အားအသင့်အတင့်မှ အားကောင်းနိုင်သည်။ မိုးရွာသွန်းမှု အခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ရွာသွန်းမြဲအောက်လျော့ပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မိုးနှောင်းကာလ ခန့်မှန်းချက်**

မိုးနှောင်းကာလသည် ၂၀၂၁ ခုနှစ်၊ စက်တင်ဘာ ၁ ရက်မှ အနောက်တောင်မုတ်သုံလေ မြန်မာနိုင်ငံတစ်ဝှမ်းလုံးမှ ပြန်လည်ဆုတ်ခွာသွားသည့်နေ့အထိဖြစ်သည်။ မိုးနှောင်းကာလအတွင်း ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း သုံးကြိမ်ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ယင်းကာလအတွင်း အနောက်တောင်မုတ်သုံလေသည် အားအနည်းငယ်မှ အားအသင့်အတင့်ရှိနိုင်သည်။ မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

❖ ကျောဖုံးမှ

အောက်ဖော်ပြပါအခြေခံကျသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနည်းလမ်းများကို **"ကိုရိုနာဗိုင်းရပ်စ် ရောဂါ မိမိကစ၍ ကာကွယ်ပါ"** ဟူသည့်ဆောင်ပုဒ်အတိုင်း အားလုံးကိုယ်စီ မဖြစ်မနေလိုက်နာ ဆောင်ရွက်ကြပါရန် အသိပေး/သတိပေး နှိုးဆော်ပန်ကြားအပ်ပါသည်-

(၁) အိမ်အပြင်ထွက်လျှင် ပါးစပ်နှင့်နှာခေါင်းစည်း(mask)ကို စနစ်တကျတပ်ဆင်ထားပါ၊ လူအများနှင့် ထိတွေ့ဆက်ဆံရပါက မျက်နှာအကာ (Face Shield) ကို တွဲဖက်တပ်ဆင်ပါ၊
(၂) တစ်ဦးနှင့်တစ်ဦး တတ်နိုင်သမျှ ခပ်ခွာခွာ နေထိုင်လုပ်ကိုင်ပါ၊
(၃) လူစုလူဝေးရှောင်ပါ၊
(၄) လက်ကို စက္ကန့်(၂၀)ကြာ မကြာခဏ စနစ်တကျ ဆေးကြောပါ၊
(၅) အလုံပိတ်အခန်းများ၊ အဲကွန်းအခန်းများ၊ လေဝင်/လေထွက်မကောင်းသောအခန်းများသို့ သွားရောက်ခြင်းမှ အတတ်နိုင်ဆုံးရှောင်ကြဉ်ပါ၊
(၆) အိမ်ပြင်သို့ ထွက်လေ့ရှိသူများအနေဖြင့် အိမ်ရှိ အသက်(၆၀)နှစ်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို/သွေးတိုး/ နှလုံးစသည့်...နာတာရှည်ရောဂါအခံရှိသူများနှင့် အနီးကပ်နေထိုင်ခြင်း၊ အတူစားသောက်ခြင်းတို့မှ ရှောင်ကြဉ်ပါ၊
(၇) အသွားအလာ တားမြစ်ပိတ်ပင်၍ သီးသန့်ခွဲခြားနေထိုင်စေခြင်း (Quarantine)လုပ်ငန်းစဉ်များတွင် အပြည့်အဝ ပူးပေါင်းပါဝင်ပါ၊
(၈) ပါးစပ်နှင့်နှာခေါင်းစည်း(Mask)မတပ်ဆင်ထားသော ဈေးရောင်းသူများထံမှ ဈေးမဝယ်ပါနှင့်၊
(၉) တစ်ဦးနှင့်တစ်ဦး အချင်းချင်း အသိပေး၊ သတိပေးပါ၊
(၁၀) ကာကွယ်ဆေးထိုးနှံပြီးသော်လည်း ကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာပါ၊
(၁၁) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများအလိုက် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ထုတ်ပြန်ထားသော လုပ်ငန်းလမ်းညွှန်များနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်ပါ၊
(၁၂) ကိုယ်ပူခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူကျပ်ခြင်း၊ အားအင်ကုန်ခန်းခြင်း၊ ရုတ်တရက်အနံ့အရသာ ပျောက်ဆုံးခြင်း လက္ခဏာများပေါ်ပေါက်ပါက နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်း ဆက်သွယ်၍ စောစီးစွာ ကုသမှုခံယူပါ။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# မေ ၂၈ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၁၂ ဦး တွေ့ရှိ

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၈-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၂၇-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၈-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း(၁၇၃၅)ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်(၁၂)ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၅၇၂,၉၉၂)ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၇၉၀) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၄) ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၉၅၅) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ COVID-19 ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၃,၂၀၉) ဦး ရှိပါသည်။

** **ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -**

- **နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကိုမကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊**
- **ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၃၉၂၇၃၅၂ | ၂၇၅၂၁၉၀၃ | ၅၈၇၃၈၅ |
| ၂။ | အိန္ဒိယ | ၁၇၉၉၇၂၆၇ | ၁၄၈၁၇၃၇၁ | ၂၀၁၁၈၇ |
| ၃။ | ဘရာဇီး | ၁၄၄၄၆၅၄၁ | ၁၂၉၉၂၄၄၂ | ၃၉၅၃၂၄ |
| ၄။ | ပြင်သစ် | ၅၅၃၄၃၁၃ | ၄၄၄၁၉၈၆ | ၁၀၃၆၀၃ |
| ၅။ | ရုရှား | ၄၇၈၇၂၇၃ | ၄၄၁၁၀၉၈ | ၁၀၉၃၆၇ |
| ၆။ | တူရကီ | ၄၇၁၀၅၈၂ | ၄၁၆၇၂၆၃ | ၃၉၀၅၇ |
| ၇။ | ဗြိတိန် | ၄၄၀၉၆၃၁ | ၄၂၀၂၃၁၁ | ၁၂၇၄၅၁ |
| ၈။ | အီတလီ | ၃၉၈၁၅၁၂ | ၃၄၁၃၄၅၁ | ၁၁၉၉၁၂ |
| ၉။ | စပိန် | ၃၄၉၆၁၃၄ | ၃၁၈၆၉၆၇ | ၇၇၈၅၅ |
| ၁၀။ | ဂျာမနီ | ၃၃၂၆၇၇၈ | ၂၉၅၄၀၀၀ | ၈၂၆၉၈ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၆၅၇၀၃၅ | ၁၅၁၁၄၁၇ | ၄၅၁၁၆ |
| ၂။ | ဖိလစ်ပိုင် | ၁၀၂၀၄၉၅ | ၉၃၅၆၉၅ | ၁၇၀၃၁ |
| ၃။ | မလေးရှား | ၄၀၁၅၉၃ | ၃၇၃၃၉၇ | ၁၄၇၇ |
| ၄။ | မြန်မာ | ၁၄၂၇၉၀ | ၁၃၁၉၅၅ | ၃၂၀၉ |
| ၅။ | ထိုင်း | ၆၁၆၉၉ | ၃၄၄၀၂ | ၁၇၈ |
| ၆။ | စင်ကာပူ | ၆၁၀၈၆ | ၆၀၇၀၄ | ၃၀ |
| ၇။ | ကမ္ဘောဒီးယား | ၁၁၀၆၃ | ၃၇၀၄ | ၈၂ |
| ၈။ | ဗီယက်နမ် | ၂၈၆၅ | ၂၅၁၆ | ၃၅ |
| ၉။ | လာအို | ၆၀၄ | ၅၀ | ၀ |
| ၁၀။ | ဘရူနိုင်း | ၂၂၄ | ၂၁၅ | ၃ |

❍ ဝန်ထမ်းများမှ

သတ်မှတ်နေ့ရက်များအတိုင်း စာအုပ်များ ငှားရမ်းပေးလျက် ရှိသည်။

အဆိုပါ ရွှေ့လျားစာကြည့်တိုက်မော်တော်ယာဉ်တွင် သုတ/ရသ စာအုပ်ပေါင်း ၆၆၀၀ ဖြင့် ဝန်ကြီးဌာနရုံးများ အရောက် ငှားရမ်းပေးသည့်အတွက် စာဖတ်သူများအနေဖြင့် စာအုပ်များကို အချိန်မကုန် အလုပ်အကိုင်မပျက်ဘဲ စာပေ ဖတ်ရှုလေ့လာနိုင်ကြောင်း သိရသည်။

**အလွယ်တကူ ဖတ်ရှုခွင့်ရ**

ရွှေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် စာအုပ်များ ငှားရမ်းပေးခြင်းနှင့်ပတ်သက်၍ "ယခင်က ဝန်ထမ်းတွေ အနေနဲ့ စာအုပ်စာပေကို ဖတ်ရှုလေ့လာလိုသော်လည်း နေပြည်တော်မှာ စာအုပ်အငှားဆိုင်တွေ မရှိသလောက် ရှားပါတယ်။ ဒါကြောင့် စာအုပ်ငှားရမ်း ဖတ်ရှုဖို့ အင်မတန် ခက်ခဲပါတယ်။ စာအုပ်အရောင်းဆိုင်ရှိတဲ့အတွက် အလွန်ကြိုက်နှစ်သက်တဲ့ စာအုပ်ကိုတော့ အပိုင်ဝယ်ယူတာတွေ ရှိတာပေါ့။ အခုလို ရွှေ့လျားစာကြည့်တိုက်မော်တော်ယာဉ်နဲ့ စာအုပ်အမျိုးအစားစုံလင်စွာနဲ့ ရုံးဌာနအရောက် အခမဲ့ လာရောက် ငှားရမ်းပေးတဲ့အတွက် စာအုပ်မျိုးစုံကို အလွယ်တကူ ဖတ်ရှုခွင့်ရတယ်။ အားလပ်ချိန်မှာ အကျိုးရှိတဲ့ စာပေတွေကို အလွယ်တကူဖတ်ရှုရတဲ့အတွက် အသိပညာတွေလည်း ရရှိပါတယ်။ အခုလို စာအုပ်တွေ ဖတ်ရှုခွင့်ရတဲ့အတွက် ကိုယ်မသိသေးတဲ့ အကြောင်းတွေကိုလည်း စာအုပ်စာပေတွေကနေတစ်ဆင့် သိရတယ်။ ဗဟုသုတလည်းရပါတယ်။ ငွေမကုန်၊ အချိန်မကုန်ဘဲ စာအုပ်စာပေကောင်းတွေကို အလွယ်တကူဖတ်ရှုခွင့်ရအောင် စီစဉ်ဆောင်ရွက်ပေးတဲ့ တာဝန်ရှိသူတွေနဲ့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကို ကျေးဇူးတင်ပါတယ်။ စာအုပ်စာစောင်ကောင်းတွေကိုလည်း ထပ်မံဖြည့်ဆည်းပေးပါလို့ အကြံပြုလိုပါတယ်" ဟု အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စာအုပ်ငှားသူတစ်ဦးက ပြောသည်။

ထို့ပြင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ဝန်ထမ်းများ စာပေဖတ်ရှုလေ့လာနိုင်စေရေးအတွက် ဝန်ကြီးဌာန ရှစ်ရုံးနှင့် ဦးစီးဌာန တစ်ရုံးတို့တွင်လည်း သံစာအုပ်စင် သုံးစင်နှင့် စာအုပ်ပေါင်း ၃၀၀ စီ ပေးပို့ထားရှိပြီး သုံးလလျှင်တစ်ကြိမ် လဲလှယ်ဖတ်ရှုနိုင်စေရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



ကိုရိုနာဗိုင်းရပ်စ်ပိုးဟာ သင့်ရဲ့လက်တွေမှာ ပါရှိလာနိုင်ပါတယ်၊ မျက်နှာကို မထိပါနဲ့။ လက်ကို သန့်သန့်ရှင်းရှင်းထားပါ။ အပြင်ထွက်တိုင်းနှင့် အပြင်မှပြန်လာပြီးတိုင်း လက်ကို ဆပ်ပြာနှင့်ရေ အသုံးပြု၍ စက္ကန့်(၂၀)ကြာအောင် မကြာခဏ စနစ်တကျဆေးပါ။

# ခေါင်းလောင်းသံတေး ချိုအေးကြည်မြ ကျောင်းတော်ဝသို့

ပီတိရှင်



နံနက်ခင်းမှာ နေရောင်ဆမ်းတဲ့ ပန်းကလေးများ ပွင့်လန်းနေမှုက လောကအလှကို သဘာဝကျကျ တန်ဆာဆင်နေသည့်နှယ်။ မွှေးပျံ့တဲ့ရနံ့လေအသော့မှာ ယိမ်းနွဲ့လှုပ်ရှားပန်းကလေးများကို ကြည်နူးရွှင်ပျလိုလိုချင်ချင်နဲ့ အမြတ်တနိုးအသုံးပြုတာ လူတွေရဲ့ အလေ့အထတစ်ခုပမာ။ ပန်းလိုပျိုးလို့ ပွင့်လန်းဝေဆာ နုနယ်သော လူငယ်တို့ကမ္ဘာကို လူကြီးတွေက ဖြည့်ဆည်းထောက်ပံ့ အားပေးကြရမည်သာ။ လူငယ်လူရွယ်လေးတွေ ပညာသင်ချိန်မှာ ပညာသင်ပါမှ ပခုံးပြောင်းတာဝန်တွေအတွက် အခက်အခဲနည်းပါးစွာနဲ့ အဆင်သင့်ဖြစ်နေမှာ သေချာတာ။ ဥစ္စာဟူသည် မျက်လှည့်မျိုး၊ ပညာဟူသည် မြတ်ရွှေအိုးလို့ ရှေးဆိုရိုးစကားရှိပါတယ်။ ပညာသင်ချိန်မှာ ပညာရှာ အချိန်တွေကိုမဖြုန်းတီးပါမှ ကိုယ့်အကျိုး၊ အများအကျိုး တင့်တယ်အဆင့်ရှိစွာ တည်ဆောက်ဖော်ဆောင်နိုင်မှာဖြစ်ပါတယ်။

### ပုဗ္ဗာစရိယ မိနဲ့ဖ

မိဘတွေရဲ့ မေတ္တာနဲ့ ဝတ္တရားတာဝန်တွေက သားသမီးတွေကို ငယ်စဉ်အခါ ပညာရည်နို့ သောက်စို့သင်ကြားစေကြရမှာ ဖြစ်ပါတယ်။ ကိုယ့်သားသမီးတွေ လိမ္မာရေးခြားရှိစေဖို့၊ သူတို့ဘဝကို သူတို့ကိုယ်တိုင် ထိန်းကျောင်းလျှောက်လှမ်းနိုင်ဖို့အတွက် ပညာသင်ကြားဖို့ကို မိဘတွေက အရေးကြီးတဲ့ အလုပ်အဖြစ် မှတ်ယူကြတာ မြန်မာတို့ရဲ့ ဓလေ့ထုံးတမ်းစဉ်လာလို ဖြစ်နေပြီးသားပါ။ ကောင်းမွန်ပြီးသား ရိုးရာစရိုက်လက္ခဏာကို မိဘတိုင်းအလေးထားကြပြီး သားသမီးတွေရဲ့ အနာဂတ်ကို ပညာသင်ကြားမှုဖြင့် ထုဆစ်ပုံဖော်စေတာဟာ မိဘတိုင်းရဲ့ ဘဝပေးအရေးကြီး တာဝန်ဖြစ်ပါတယ်။ ရှေးဦးအကျဆုံး သွန်သင်ဆုံးမသူ၊ လက်ဦးဆရာတွေဖြစ်တဲ့ မိခင်နဲ့ ဖခင်တို့ဟာ ကိုယ့်ရဲ့ ရင်နှစ်သည်းချာ သားသမီးရတနာတွေ ယဉ်ကျေးလိမ္မာ အသိသုတပညာရပ်တွေ တတ်ကျွမ်းအောင် ပြုစုပျိုးထောင်ခြင်းဟာ အဖိုးမဖြတ်နိုင်တဲ့ နှလုံးသားအမွေတွေ ပေးနေခြင်းမျိုး ဖြစ်ပါတယ်။ ပညာသင်ကြားရမယ့် လူငယ်လူရွယ်တွေအတွက် အနန္တဂိုဏ်းဝင် ဆရာ ဆရာမတွေရဲ့ အခန်းကဏ္ဍဟာလည်း အများကြီးအရေးကြီးလှပါတယ်။

**ဆရာစိတ်၊ ဆရာကျင့်ဝတ်၊ ဆရာတို့ရဲ့ မေတ္တာတွေဟာ မြန်မာ့လူနေမှုဓလေ့သမိုင်းမှာ အစဉ်အလာကောင်းတွေနဲ့ ကြည်နူးကျေနပ်ဖွယ်ရာ ရှိထားပြီးဖြစ်ပါတယ်။ ဝါသနာ၊ အကြင်နာ၊ စေတနာ၊ ကရုဏာ၊ အနစ်နာဆိုတဲ့ နာ (၅) နာနဲ့ ပြည့်စုံတဲ့ ဆရာ ဆရာမတွေရဲ့လုပ်အားဟာ မြန်မာနိုင်ငံရဲ့ အနာဂတ်ကို ပုံဖော်သူတွေလို့ ဆိုရမှာဖြစ်ပါတယ်။ ဆရာ ဆရာမတစ်ဦးချင်းစီရဲ့ ဆရာစိတ်အပြည့်နဲ့ ကိုယ့်ပညာရေးမဏ္ဍိုင် တိုးတက်အောင် စွမ်းဆောင်ကြရင်း နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုး သယ်ပိုးစွမ်းဆောင်တဲ့ သားကောင်းသမီးမွန်များလို့ မှတ်ယူဂုဏ်ပြုလိုပါတယ်။**

### အနန္တဂိုဏ်းဝင်ဆရာ

ဆရာစိတ်၊ ဆရာကျင့်ဝတ်၊ ဆရာတို့ရဲ့ မေတ္တာတွေဟာ မြန်မာ့လူနေမှုဓလေ့သမိုင်းမှာ အစဉ်အလာကောင်းတွေနဲ့ ကြည်နူးကျေနပ်ဖွယ်ရာ ရှိထားပြီးဖြစ်ပါတယ်။ ဝါသနာ၊ အကြင်နာ၊ စေတနာ၊ ကရုဏာ၊ အနစ်နာဆိုတဲ့ နာ (၅) နာနဲ့ ပြည့်စုံတဲ့ ဆရာ ဆရာမတွေရဲ့လုပ်အားဟာ မြန်မာနိုင်ငံရဲ့ **အနာဂတ်ကို ပုံဖော်သူတွေလို့ ဆိုရမှာဖြစ်ပါတယ်။ ဆရာ ဆရာမတစ်ဦးချင်းစီရဲ့ ဆရာစိတ်အပြည့်နဲ့ ကိုယ့်ပညာရေးမဏ္ဍိုင် တိုးတက်အောင် စွမ်းဆောင်ကြရင်း နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုး သယ်ပိုးစွမ်းဆောင်တဲ့ သားကောင်းသမီးမွန်များလို့ မှတ်ယူဂုဏ်ပြုလိုပါတယ်။** ဆရာ ဆရာမတွေရဲ့ စိတ်စေတနာနဲ့ လုပ်အားကို ကျောင်းသား ကျောင်းသူတွေ၊ မိဘတွေက အပြည့်အဝနားလည်ဖို့ လိုပါတယ်။ လူငယ်တွေ ပညာတတ်ပါမှ တိုင်းပြည် အမြန်ဆုံးတိုးတက်မှာ ဖြစ်ပါတယ်။ ဆရာ ဆရာမတွေတီးမယ့် ကျောင်းတက်ခေါင်းလောင်းသံကို ကျောင်းသား ကျောင်းသူတွေ ကြည်နူးလက်ခံသင်ကြားသင်ယူရေးဟာ တစ်ဦးချင်းဘဝဖြစ်သလို နိုင်ငံ့အနာဂတ်လည်း ဖြစ်ပါတယ်။ သားငယ်သမီးရွယ် ကျောင်းသားလူငယ်တွေကို ကျောင်းတော်ဝသို့ ခေါ်ဆောင်မယ့် ကျောင်းတွေ ဖွင့်လှစ်ပါတော့မယ်။

### ကျောင်းနေပျော်ပြီး စာတော်ကြပါစေ

လူငယ်လူရွယ် ကျောင်းသား ကျောင်းသူတွေ တိုးတက်လိုစိတ်၊ သင်ယူလိုစိတ်၊ တတ်မြောက်လိုစိတ်တွေ မွေးမြူပြီး အရည်အချင်းရှိတဲ့ လူတော် လူကောင်းတွေဖြစ်ရေးဟာ လူငယ်လေးတွေရဲ့ မူရင်းစိတ်သာ ပဓာနကျပါတယ်။ မိဘကလည်း ကြည်ဖြူ၊ ဆရာတွေကလည်းဖေးမ၊ ကျောင်းသား ကျောင်းသူတွေကလည်း ပူးပေါင်းသင်ယူတဲ့ ကြည်နူးဖွယ်ရာ မြန်မာ့ပညာရေး အဝန်းအဝိုင်းကြီး တည်ဆောက်ရေးဟာ နိုင်ငံတော်ရဲ့ အခြေခံတည်ဆောက်ရေးတစ်ခုဖြစ်ပါတယ်။ အနာဂတ်နိုင်ငံ့တာဝန်တွေ ပခုံးပြောင်းယူကြမယ့် ကျောင်းသား ကျောင်းသူတွေ ခေါင်းလောင်းသံတေး ချိုအေးကြည်မြကျောင်းတော်ဝသို့ မြူးထူးကျေနပ်စွာ တက်လှမ်းနိုင်ဖို့ ကျောင်းသား၊ ဆရာ၊ မိဘတွေ စုပေါင်းကာ ဘက်စုံကြိုးပမ်းကြပါစို့လို့ တိုက်တွန်းတင်ပြလိုက်ရပါတယ်။ ။

## AIBD မှ ကျင်းပသည့် ဒစ်ဂျစ်တယ်လုံခြုံမှုနှင့်ပတ်သက်သည့် အွန်လိုင်းဆွေးနွေးပွဲသို့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းများတက်ရောက်

**နေပြည်တော် မေ ၂၈**


အာရှ-ပစိဖိတ်ဒေသတွင်း ရုပ်သံလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်း Asia – Pacific Institute for Broadcasting Development (AIBD) မှ UNESCO's IPDC နှင့်ပူးပေါင်း၍ သတင်းထောက်များ ၊ မီဒီယာလုပ်ငန်း လုပ်ကိုင်နေသူများ ဆိုက်ဘာလုံခြုံရေးကိစ္စရပ်များတွင် ပိုမိုသိရှိလိုက်နာနိုင်ရန်၊ ဒစ်ဂျစ်တယ်လုံခြုံမှုနှင့် ပတ်သက်သည့် ဆွေးနွေးပွဲကို ယနေ့တွင် ကျင်းပသည်။

ဆွေးနွေးပွဲတွင် နိုင်ငံပေါင်း ၁၂ နိုင်ငံမှ သတင်းထောက် ၃၀ ကျော် တက်ရောက်ခဲ့ပြီး ဒစ်ဂျစ်တယ်အသုံးပြုမှုတွင် လုံခြုံစိတ်ချရစေရန် ဆောင်ရွက်ရမည့် အချက်များကို ထည့်သွင်းဆွေးနွေးကြသည်။

အဆိုပါ သင်တန်းသည် ယနေ့ခေတ်၌ တွင်ကျယ်စွာ အသုံးပြုနေသည့် အင်တာနက်အသုံးပြုမှုနှင့်ပတ်သက်သည့် အချက်အလက်များ လုံခြုံစိတ်ချနိုင်ရေး၊ ဘေးအန္တရာယ်ကင်းစွာအသုံးပြုနိုင်ရေးအတွက် လိုအပ်သည့်အချက်များ၊ ဆော့ဖ်ဝဲများ အသုံးပြုမှုတွင် လုံခြုံစိတ်ချရသည့် ဆော့ဖ်ဝဲများကို ပိုမိုအသုံးပြုရန်နှင့် အီးမေးလ်အသုံးပြုမှုတွင် ယုံကြည်စိတ်ချရသည့် အခြေအနေများတွင်သာ တတ်နိုင်သမျှ အသုံးပြုနိုင်ရန်အချက်များကို ဆွေးနွေးခဲ့ကြသည်။ ထို့အပြင် မိုဘိုင်းဖုန်းနှင့် ကွန်ပျူတာများကို ဝင်ရောက်တတ်သည့် ဗိုင်းရပ်စ်များအကြောင်း၊ မိမိတို့အသုံးပြုသည့် Account Password ထားရှိရာတွင် သိသင့်သိထိုက်သည့် အချက်များကို အသေးစိတ်ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲကို အွန်လိုင်းမှတစ်ဆင့် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး မေ ၂၈ ရက်မှ ၂၉ ရက်အထိ နှစ်ရက်ကြာ ကျင်းပခဲ့ခြင်းဖြစ်ကာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများ ပါဝင်တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**




# နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

ကြေးမုံ

မေ ၂၉၊ ၂၀၂၁

## အစ္စရေးနိုင်ငံ၏ ခရီးသွားလုပ်ငန်း ပြန်လည်မြှင့်တင်မည်



**ဂျေရုဆလင် မေ ၂၈**

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် ထိခိုက်ခဲ့ရသော နိုင်ငံ၏ ခရီးသွားလုပ်ငန်းကို ပြန်လည်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အစ္စရေးခရီးသွားလုပ်ငန်းဝန်ကြီးဌာနက ယနေ့ ပြောကြားသည်။

နယူးယောက်၊ လန်ဒန်နှင့် အာရပ်စော်ဘွားများပြည်ထောင်စုမှ ခရီးသည်များအပါအဝင် ကမ္ဘာလှည့်ခရီးသည်များ အစ္စရေးနိုင်ငံအတွင်းသို့ ပြန်လည်လာရောက်လည်ပတ်ရေးအတွက် နိုင်ငံတကာခရီးသွားလုပ်ငန်းဆိုင်ရာ ကြော်ငြာလုပ်ငန်းကို ပြန်လည်မြှင့်တင်ဆောင်ရွက်သွားရန် အစ္စရေးနိုင်ငံက စီစဉ်ထားသည်။ ၎င်းအပြင် နိုင်ငံအတွင်း ယဉ်ကျေးမှုပွဲတော်များနှင့် အားကစားပြိုင်ပွဲများကျင်းပပြီး နိုင်ငံတကာခရီးသည်များကို ဆွဲဆောင်နိုင်ရန် အစ္စရေးက ဆောင်ရွက်နေသည်။

နိုင်ငံတောင်ပိုင်း ပင်လယ်နီဒေသ၏ ဆိပ်ကမ်းမြို့ဖြစ်သော အီလတ်မြို့သို့ နိုင်ငံတကာလေကြောင်းခရီးစဉ်များ ပြန်လည်ပြေးဆွဲရန် အစ္စရေးနိုင်ငံက ဆောင်ရွက်နေသည်။ ကာကွယ်ဆေးထိုးနှံပြီးသော ခရီးသည်များအား နိုင်ငံအတွင်းသို့ မေ ၂၃ ရက်တွင် ဝင်ရောက်ခွင့်ပြုရေးဆောင်ရွက်နေကြောင်း သိရသည်။ ယခုဆောင်ရွက်မည့်အစီအစဉ်သည် နိုင်ငံ၏ ခရီးသွားလုပ်ငန်းကို ပြန်လည်အသက်ဝင်လာစေမည်ဖြစ်ကြောင်း အစ္စရေးခရီးသွားလုပ်ငန်းဝန်ကြီး အိုရစ်ပါကက်ဟာကိုဟမ်က ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

## အမေရိကန်တက္ကသိုလ်များတွင် ပညာသင်ယူမည့် နိုင်ငံတကာကျောင်းသားများအား ကိုဗစ်-၁၉ ရောဂါစည်းမျဉ်းများ ဖြေလျှော့ပေး

**ဝါရှင်တန် မေ ၂၈**

အမေရိကန်အစိုးရက နိုင်ငံအတွင်းရှိ တက္ကသိုလ်များတွင် လာရောက်ပညာသင်ယူမည့် နိုင်ငံတကာ ကျောင်းသားများအား ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ရေးစည်းမျဉ်းများမှ ဖြေလျှော့ပေးလျက်ရှိကြောင်း သိရသည်။

နိုင်ငံတကာ ကျောင်းသားများအပေါ် ယင်းသို့ဖြေလျှော့ပေးခြင်းသည် နိုင်ငံအတွင်းရှိ တက္ကသိုလ်များ၏ တောင်းဆိုမှုအပေါ် ဖြည့်ဆည်းပေးခဲ့ခြင်းဖြစ်သည်။ အမေရိကန်တက္ကသိုလ်များ အနေဖြင့် နိုင်ငံတကာကျောင်းသားများ လက်ခံရရှိမှုသာ ဘဏ္ဍာရေးအရ တွက်ခြေကိုက်မည်ဖြစ်သည်။

တရုတ်ကျောင်းသား ကျောင်းသူ ဦးရေသည် အမေရိကန်နိုင်ငံ၌ လာရောက် ပညာသင်ယူသည့် နိုင်ငံတကာကျောင်းသားဦးရေ၏ သုံးပုံတစ်ပုံကျော်ရှိသည်။

သမ္မတဂျိုးဘိုင်ဒင်အစိုးရအဖွဲ့သည် မတ်လအတွင်းကလည်း ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနှင့် ဗြိတိန်နိုင်ငံတို့မှ ကျောင်းသားကျောင်းသူများအား ယခုကဲ့သို့ ဗိုင်းရပ်စ်ကာကွယ်ရေးစည်းမျဉ်းများမှ ဖြေလျှော့ပေးခဲ့သည်။



နိုင်ငံတကာ ကျောင်းသားကျောင်းသူများအား ဩဂုတ် ၁ ရက်နေ့ နောက်ပိုင်းကာလများတွင် ပြုလုပ်ထားသော ပြည်ဝင်ခွင့်ဗီဇာများဖြင့်သာ နိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်း အစိုးရအဖွဲ့၏ ကင်းလွတ်ခွင့်ဆိုင်ရာ ထုတ်ပြန်ချက်အရ သိရသည်။ တစ်လကြိုတင်ဝင်ရောက်ခွင့်ပြုမည်မဟုတ်ကြောင်း အဆိုပါ ထုတ်ပြန်ချက်တွင် ပါရှိသည်။

သို့သော် နိုင်ငံတကာကျောင်းသား ကျောင်းသူများသည် ကိုဗစ်-၁၉ ရောဂါကူးစက်မှုမရှိကြောင်း ကျန်းမာရေး ထောက်ခံလွှာတစ်ရပ် တင်သွင်းရမည်ဖြစ်သည်။

အမေရိကန်နိုင်ငံ၌ လာရောက် ပညာသင်ယူသည့် နိုင်ငံတကာ ကျောင်းသား ကျောင်းသူအရေအတွက် နှစ်စဉ် တစ်သန်းကျော်ရှိသည်။ ၂၀၁၈ ခုနှစ်တွင် အဆိုပါ နိုင်ငံတကာ ကျောင်းသားများ လက်ခံရရှိမှုသည် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အမေရိကန်ဒေါ်လာ ၄၅ ဘီလီယံ ထောက်ပံ့ပေးခဲ့ကြောင်း ကုန်သွယ်ရေးဌာန၏ တရားဝင် ကိန်းဂဏန်းများအရ သိရသည်။

**ကိုးကား- စီအင်န်အေ**
**ဘာသာပြန် -အောင်ကျော်ကျော်**



## တူရကီနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၃၃၀၁ ဦးရှိ

**အန်ကာရာ မေ ၂၈**

တူရကီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၃၃၀၁ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၄၇၁၀၅၈၂ ဦး ရှိလာကြောင်း တူရကီနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

တူရကီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၃၄၆ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၃၉၀၅၇ ဦး ရှိလာကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၄၅၅၉၂ ဦးရှိခြင်းကြောင့် ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၄၁၆၇၂၆၃ ဦးအထိရှိလာကြောင်း သိရသည်။

ထို့ပြင် တူရကီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါ စစ်ဆေးသူ ၂၈၂၁၉၂ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ စစ်ဆေးပြီးသူ ၄၆၄၃၅၃၄၃ ဦးရှိလာကြောင်း သိရသည်။

တူရကီနိုင်ငံသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို တရုတ်နိုင်ငံထုတ် CoronaVac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အရေးပေါ်အသုံးပြုရန် အတည်ပြုပေးခဲ့ပြီးနောက် ဇန်နဝါရီ ၁၄ ရက်က စတင်ခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် တူရကီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးသူ ၁၃၄၅၈၀၀၀ ရှိသွားပြီဖြစ်ကြောင်းလည်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

## အိန္ဒိယနိုင်ငံ၌ စတင်တွေ့ရှိသည့် ဗီဇပြောင်းဗိုင်းရပ်စ် နိုင်ငံပေါင်း ၁၇ နိုင်ငံသို့ ကူးစက်ပျံ့နှံ့လျက်ရှိ

**ဂျီနီဗာ မေ ၂၈**

အိန္ဒိယနိုင်ငံ၌ စတင်တွေ့ရှိသည့် ဗီဇပြောင်းဗိုင်းရပ်စ်သည် နိုင်ငံပေါင်း ၁၇ နိုင်ငံသို့ ကူးစက်ပျံ့နှံ့လျက်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ယမန်နေ့တွင် ပြောကြားခဲ့သည်။

အဆိုပါ B1617 ဗီဇပြောင်းဗိုင်းရပ်စ်သည် မူလကိုဗစ်-၁၉ ရောဂါထက် ကူးစက်မှု ပိုမိုမြန်ဆန်လျက်ရှိသည့်အပြင် ကာကွယ်ဆေးများအပေါ် ခံနိုင်ရည်ရှိသည့်အတွက် ပိုမိုအန္တရာယ်များကြောင်း သိရသည်။

အဆိုပါ ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကို အိန္ဒိယ၊ ဗြိတိန်၊ အမေရိကန်နှင့် စင်ကာပူနိုင်ငံများ၌ အများဆုံးတွေ့ရှိရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့် သေဆုံးမှုများ မြင့်တက်လျက်ရှိစဉ် အဆိုပါ ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်မှု မြင့်တက်လာမည်ကိုလည်း ပြည်သူများက စိုးရိမ်လျက်ရှိကြသည်။

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူအရေအတွက် ၃၅၀၀၀၀ ထပ်မံစစ်ဆေးတွေ့ရှိခဲ့သည့်အတွက် ကမ္ဘာတစ်ဝန်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၁၄၇ ဒသမ ၇ သန်းအထိ မြင့်တက်လာခဲ့သည်။ အလားတူ ဗိုင်းရပ်စ်ကူးစက်မှုကြောင့် ကမ္ဘာတစ်ဝန်း၌ သေဆုံးသူပေါင်း ၃ ဒသမ ၁ သန်းကျော်ရှိလာခဲ့ပြီဖြစ် သည်။

အဆိုပါ ဗီဇပြောင်းဗိုင်းရပ်စ် B1617 နှင့် ပတ်သက်ပြီး အသေးစိတ်စောင့်ကြည့်လေ့လာမှုများ အလျင်အမြန် လုပ်ဆောင်ရန်လိုအပ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဆိုသည်။

**ကိုးကား- စီအင်န်အေ**
**ဘာသာပြန်- အောင်ကျော်ကျော်**



# ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ လေးသိန်းနီးပါးရှိလာ

**ဆော်ပေါ်လို မေ ၂၈**
ဘရာဇီးနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် ၃၀၈၆ ဦး ထပ်မံသေဆုံးခဲ့ရာ နိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၃၉၅၀၂၂ ဦး ရှိလာခဲ့ပြီဖြစ်ကြောင်း ဘရာဇီးကျန်းမာရေးဝန်ကြီးဌာနက ယနေ့ထုတ်ပြန်ကြေညာခဲ့သည်။

အလားတူ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၇၂၁၄၀ ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၄၄၄၁၅၆၃ ဦး ရှိလာခဲ့ပြီဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် ဧပြီလမကုန်မီ ဗိုင်းရပ်စ်ကူးစက်မှုကြောင့် သေဆုံးသူ လေးသိန်းအထိ မြင့်တက်လာနိုင်ဖွယ်ရှိကြောင်း ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက ခန့်မှန်းပြောကြားခဲ့သည်။

နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုလုပ်ငန်းစဉ်များကို အရှိန်မြှင့် ဆောင်ရွက်လျက်ရှိသော်လည်း မေလအတွင်း၌ ရောဂါကူးစက်မှုနှင့် သေဆုံးမှုနှုန်းများ ဆက်လက်မြင့်တက်လာနိုင်ဖွယ်ရှိကြောင်း ဆော်ပေါ်လိုမြို့အခြေစိုက် ဘူတန်တန် အင်စတီကျူအကြီးအကဲ ဒီမာစ်ကိုဗာစ်က သတိပေးပြောကြားခဲ့သည်။

ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးမွေးဖွားပြီးသူ မိခင်များအား ကာကွယ်ဆေး ဦးစားပေးထိုးနှံပေးလျက်ရှိကြောင်း ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

လက်ရှိအချိန်အထိ ပြည်သူ ၂၉၅၅၄၇၂၃ ဦးအား ကာကွယ်ဆေး ပထမအကြိမ်ထိုးနှံပေးပြီးဖြစ်ပြီး ပြည်သူ ၁၃၁၂၇၅၉၉ ဦးအား ကာကွယ်ဆေးနှစ်ကြိမ်စလုံးထိုးနှံပေးပြီးဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ပါရှိသည်။

**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အောင်ကျော်ကျော်**





# ချီလီနိုင်ငံ၌ လူဦးရေ ၆ ဒသမ ၃ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နှစ်ကြိမ်စလုံးထိုးနှံပေးပြီးဖြစ်

**ဆန်တီယာဂို မေ ၂၈**
ချီလီနိုင်ငံသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုအစီအစဉ်အောက်တွင် လူဦးရေ ၆၃၂၈၇၄၃ ဦးအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ်စလုံး ထိုးနှံပေးပြီးဖြစ်ကြောင်း ချီလီနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ဧပြီ ၂၇ ရက်တွင် ပြောကြားခဲ့သည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ်စလုံးထိုးနှံပြီးသူ အရေအတွက်သည် နိုင်ငံလူဦးရေ ၁၅ သန်း၏ ၄၁ ဒသမ ၆ ရာခိုင်နှုန်းအား ကိုယ်စားပြုကြောင်း ချီလီနိုင်ငံ ကျန်းမာရေးဝန်ကြီး အင်နရစ်ပဲရစ်က ထုတ်ပြန်ချက်တစ်ရပ်တွင် ပြောကြားခဲ့သည်။

ထို့ပြင် ချီလီနိုင်ငံ၌ လူဦးရေ ၇၉၉၅၇၄၆ ဦးမှာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး တစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်ကြောင်းလည်း ချီလီနိုင်ငံ ကျန်းမာရေးဝန်ကြီးက ပြောကြားခဲ့သည်။

ချီလီနိုင်ငံသည် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလနှင့် ၂၀၂၁ ခုနှစ် ဇန်နဝါရီလတို့တွင် ကျန်းမာရေးဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခဲ့ပြီးနောက် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဖေဖော်ဝါရီလအတွင်းက စတင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ချီလီနိုင်ငံ၌ ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခဲ့ရာတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၁၄ ဒသမ ၃ သန်းကျော် အသုံးပြုခဲ့ပြီးဖြစ်ကြောင်းလည်း ချီလီနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အလင်းသစ်**

# အိန္ဒိယနိုင်ငံမှ ရောက်ရှိလာသည့် ခရီးသည်များအား ၁၀ ရက်ကြာ အသွားအလာကန့်သတ်မှုများဆောင်ရွက်သွားမည်ဟု စပိန်ပြောကြား

**မက်ဒရစ် မေ ၂၈**
မေ ၁ ရက်မှစတင်၍ အိန္ဒိယနိုင်ငံမှ ရောက်ရှိလာသော လေယာဉ်ခရီးသည်များအား ၁၀ ရက်ကြာ အသွားအလာကန့်သတ်မှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စပိန်အစိုးရ တာဝန်ရှိသူများက ယနေ့ပြောကြားသည်။

အိန္ဒိယနိုင်ငံတွင် မကြာသေးမီက ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုများ မြင့်တက်နေသဖြင့် ယခုကဲ့သို့သော ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းကို ချမှတ်ခဲ့ခြင်းဖြစ်ပြီး ပြင်သစ်၊ အီတလီ၊ ဗြိတိန်နှင့် အင်ဒိုနီးရှားနိုင်ငံတို့ကလည်း အိန္ဒိယနိုင်ငံမှ ရောက်ရှိလာသည့် ခရီးသည်များကို အထက်ပါအတိုင်းအသွားအလာ ကန့်သတ်မှုများ ဆောင်ရွက်ခဲ့သည်။

အသွားအလာ ကန့်သတ်ခြင်းခံရသူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါမရှိကြောင်း စစ်ဆေးတွေ့ရှိရပါက အသွားအလာကန့်သတ်သည့်ကာလကို လျှော့ချနိုင်မည့်အခွင့်အရေးရှိကြောင်း သိရသည်။

ဘရာဇီးနှင့် တောင်အာဖရိကမှ စပိန်နိုင်ငံသို့ ရောက်ရှိလာသော ခရီးသည်များအပေါ် ကျန်းမာရေးဆိုင်ရာ စည်းမျဉ်းများ ချမှတ်သည့်ကာလကို မေ ၁၁ ရက်အထိ တိုးမြှင့်ထားကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- စိုးသူရ**



| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၁၄၉၄၆၉၇၃၇ | ဦး |
| သေဆုံးသူ | ၃၁၅၂၁၀၀ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၁၂၇၁၃၂၉၉၅ | ဦး |

# ပါလက်စတိုင်း၌ ကိုဗစ်-၁၉ ရောဂါဖြင့် ဆရာဝန်ငါးဦး သေဆုံးပြီး ကျန်းမာရေးဝန်ထမ်း အများအပြား ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရ

**ဂါဇာ မေ ၂၈**
ပါလက်စတိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားချိန်မှစ၍ လက်ရှိအချိန်အထိ ဂါဇာကမ်းမြောင်ဒေသတွင် ကိုဗစ်-၁၉ ရောဂါဖြင့် ဆရာဝန်ငါးဦးသေဆုံးခဲ့ကြောင်း ပါလက်စတိုင်းကျန်းမာရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

ထို့အပြင် ဂါဇာကမ်းမြောင်ဒေသတွင် ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းအများအပြားလည်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရကြောင်း၊ ပါလက်စတိုင်းနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု ဒုတိယလှိုင်းနှင့် ရင်ဆိုင်ကြုံတွေ့လျက်ရှိခြင်းနှင့်အတူ ရောဂါကူးစက်မှုနှုန်း မြင့်မားနေဆဲဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အာရှ်ရပ်ဖ်အယ်လ်ကီဒရာက ပြောကြားသည်။

ဂါဇာကမ်းမြောင်ဒေသအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူအများစုမှာ အသက်အရွယ်ကြီးရင့်သူများနှင့် နာတာရှည်ရောဂါအခံရှိသည့် ပြည်သူများဖြစ်ကြောင်းငင်းက ထပ်မံပြောကြားသည်။

**ကိုးကား - အမ်အီးအမ်**
**ဘာသာပြန် - ဂျေတီ**

# မိုင်းဆတ်မြို့နယ်၌ ငွေကျပ် သိန်း ၁၃၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားထုတ်လုပ်ရန် အသင့်ရောစပ်ထားသော ပြင်းအားမြင့်ပျော်ရည်များ သိမ်းဆည်းရမိ

**နေပြည်တော် ဧပြီ ၂၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ်၌ ငွေကျပ် သိန်း ၁၃၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားထုတ်လုပ်ရန် အသင့်ရောစပ်ထားသော ပြင်းအားမြင့်ပျော်ရည်များ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ဧပြီ ၂၇ ရက် ည ၇ နာရီခွဲတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် ဝမ်မိုင်(အာခါ) ကျေးရွာအနီး၌ လော်ဂျေး(ခ)အားဂျေး မောင်းနှင်လာသည့်ယာဉ်ကို ရပ်တန့်ရှာဖွေစစ်ဆေးရာ ငွေကျပ်သိန်း ၁၃၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားထုတ်လုပ်ရန် အသင့်ရောစပ်ထားသည့် နီညိုရောင်နှင့် လိမ္မော်ရောင် ပြင်းအားမြင့်ပျော်ရည် ၁၀၀ ခန့် သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိသော ဆေးရည်များကို မိုင်းဆတ်မြို့နယ် မဟုန်ကန်ကျေးရွာမှ နားယောင်းကျေးရွာသို့ သယ်ဆောင်ခြင်း ဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ **သတင်းစဉ်**



လော်ဂျေး(ခ)အားဂျေးအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားထုတ်လုပ်ရန် အသင့်ရောစပ်ထားသော ပြင်းအားမြင့်ပျော်ရည်များနှင့်အတူ တွေ့ရစဉ်။




# ရေဖြူ၌ ငွေကျပ် သိန်း ၁၀၈၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဧပြီ ၂၈**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၂၇ ရက် နံနက် ၁၁ နာရီခွဲတွင် ရေဖြူမြို့နယ် ကလိန်အောင်မြို့ အလယ်စခန်းကျေးရွာအနီး ရေး-ကလိန်အောင်သွားကားလမ်း မလွှဲတောင်ပူးပေါင်းစစ်ဆေးရေးစခန်း၌ ခရီးသည်တင်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်၌ လူမဲ့တန်ဆာဖြင့် တင်ဆောင်လာသည့် စုစုပေါင်း ငွေကျပ် သိန်း ၁၀၈၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၃၆၀၀၀ ကိုလည်းကောင်း။

ထို့အတူ ထိုနေ့ ညနေ ၅ နာရီခွဲတွင် ပုသိမ်ကြီးမြို့နယ် ပြင်ဦးလွင်-မန္တလေးသွားကားလမ်း ကျောက်ချောကျေးရွာ ၁၆ မိုင် ပူးပေါင်းစစ်ဆေးရေးစခန်း၌ နေလင်းဦး မောင်းနှင်လာသည့်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၃၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ ညနေ ၆ နာရီတွင် ပုသိမ်ကြီးမြို့နယ် ထုံးဘိုလမ်းခွဲ၌ သန်းကျော်ဌေးအား ဆိုင်ကယ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



# ထိန်းချုပ်ဓာတုပစ္စည်းများအား မြေမြှုပ်ဖျက်ဆီးခြင်း အခမ်းအနား ကျင်းပ

**နေပြည်တော် ဧပြီ ၂၈**

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရဲကွပ်ကဲမှုအဖွဲ့ လောက်ကိုင်မြို့နယ်ရဲတပ်ဖွဲ့မှ ၂၀၁၉ ခုနှစ်အတွင်း ဖမ်းဆီးရမိ၍ အမှုပြီးပြတ်ခဲ့ပြီးသော ထိန်းချုပ်ဓာတုပစ္စည်းများဖြစ်သည့် ကာလတန်ဖိုးငွေကျပ် ၃၂၉၈၈၀၀ တန်ဖိုးရှိ အက်စီတုန်း အဝါရောင်အရည် ၅၄ ဒသမ ၉၈ လီတာကို ယနေ့ နံနက် ၁၀ နာရီတွင် လောက်ကိုင်မြို့ အမှိုက်စွန့်ပစ်သည့်နေရာ၌ မြေမြှုပ်ဖျက်ဆီးခြင်းအခမ်းအနား ကျင်းပသည်။

အခမ်းအနားသို့ လောက်ကိုင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ငြိမ်းချမ်းအေး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဇော်ဦး၊ အဖွဲ့ဝင် ဒေါ်ချောချောအေး၊ ဌာနဆိုင်ရာအရာရှိများ၊ သတင်းရဲတပ်ဖွဲ့စုမှ ဒုတိယရဲမှူး အောင်ကျော်ဦး၊ မူးယစ်ရဲတပ်ဖွဲ့စု (၂၁) မှ ဒုရဲမှူး မျိုးမြင့်၊ မှုခင်းတပ်ဖွဲ့စုမှ ဒုတိယရဲမှူးမြင့်စိုး၊ လောက်ကိုင်မြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူး သန်းဇော်၊ ကိုးကန့်ဒေသ ရဲတပ်ဖွဲ့ဝင် ဒုရဲမှူး မြရှောက်အမ်းနှင့် တာဝန်သူများ တက်ရောက်ကြသည်။

ယင်းနောက် ထိန်းချုပ်ဓာတုဆေးရည်များကို ဖျက်ဆီးရေးဘုတ်အဖွဲ့များဖြစ်သည့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ငြိမ်းချမ်းအေး ဦးစီးအဖွဲ့က အလျား ၁၅ ပေ၊ အနံ ၁၅ ပေ၊ အနက် ၁၅ ပေရှိသော မြေကျင်းအတွင်းသို့ သွန်ချဖျက်ဆီး၊ မြေဖို့ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

# မြို့နယ်အချို့၌ နိုင်ငံတော်ဆန့်ကျင်ရေးစာသားရေးသားသူများနှင့် ဆန့်ကျင်ရေးစာသားပါ ဗီနိုင်း၊ ပိုစတာ ကိုင်ဆောင်ဆန္ဒပြသူများကို ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၂၈**

နိုင်ငံတော်အတွင်း ဆူပူအုံကြွမှုများဖြစ်ပေါ်စေရေးအတွက် နောက်ကွယ်မှ သွေးထိုးလှုံ့ဆော်နည်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိသကဲ့သို့ အဖျက်အမှောင့်ဆောင်ရွက်လိုသူအချို့မှလည်း နိုင်ငံတော်ဆန့်ကျင်ရေးစာသားများကို အများပြည်သူသုံးလမ်းမကြီးများ၊ နိုင်ငံတော်ပိုင်နှင့် အများပြည်သူပိုင် အဆောက်အအုံများပေါ်တွင် ရေးသားခြင်း၊ ဆန့်ကျင်ရေးစာသားပါ ဗီနိုင်းစများ၊ ပိုစတာများ၊ စာရွက်များအား ချိတ်ဆွဲခြင်း၊ လမ်းများပေါ်တွင် ဖြန့်ကြဲခြင်းတို့ဖြင့် နိုင်ငံတော်အတွင်း မတည်မငြိမ်ဖြစ်စေရန် ရည်ရွယ်ချက်ရှိရှိဖြင့် ဆောင်ရွက်လျက်ရှိသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် နိုင်ငံတော်တည်ငြိမ်ရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် ဆူပူဆန္ဒပြမှုများနှင့် အကြမ်းဖက်မှုဖြစ်စဉ်များအား ဥပဒေနှင့်အညီ ဖြိုခွဲထိန်းသိမ်းလျက်ရှိသကဲ့သို့ ဆန့်ကျင်စာ၊ လှုံ့ဆော်စာ ရေးသားလှုံ့ဆော်ဖြန့်ဝေသူများကိုလည်း နိုင်ငံတော်တည်ငြိမ်ရေးအတွက် ရှေးရှုကာ ဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ခဲ့ရာ ဧပြီ ၂၇ ရက် ညနေ ၄ နာရီတွင် ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၅) ရပ်ကွက် ဆင်းရွှေလီ(၄)လမ်းမပေါ်၌ အမျိုးသားငါးဦး ဆူပူဆန္ဒပြနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ အမှတ်(၁)ရပ်ကွက်နေ အောင်ဖြိုးဦး(ခ) အန်းကုန်း(၁၉)နှစ် (ဘ)ဦးထွန်းနိုင်ကို နိုင်ငံတော်ဆန့်ကျင်ရေးလှုံ့ဆော်စာသားများပါ A-4 စာရွက်များ၊ ဆိုင်းဘုတ်များနှင့်အတူ တွေ့ရှိရသဖြင့် ဖမ်းဆီးထိန်းသိမ်းခဲ့သည်။

အထက်ပါဖြစ်စဉ်မှ ဖမ်းဆီးရမိသူအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



တရားခံ အောင်ဖြိုးဦး(ခ) အန်းကုန်း

# နိုင်ငံရေးကို အွန်လိုင်းပေါ်မှာထက် လက်တွေ့မြင်အောင်ကြည့်ဖို့လိုပါတယ်

## ကိုသံချောင်း – မစာဥ တစ်ခန်းရပ်စကားပြောခန်း (၁၅)

ဒေါင်

**အာဆီယံခေါင်းဆောင်တွေ အစည်းအဝေးကို တစ်ကမ္ဘာလုံးက စောင့်ကြည့်နေတာဗျ။ အဲဒီအစည်းအဝေးမှာ နိုင်ငံတော်အစိုးရက Legitimacy လို့ခေါ်တဲ့ တရားဝင်တဲ့ အားလုံးအသိအမှတ်ပြုတဲ့၊ သြဇာအာဏာရှိတဲ့ နိုင်ငံ့အစိုးရဆိုတာကို ကမ္ဘာက သိသွားတာပေါ့ဗျာ။ အာဆီယံကလည်း မြန်မာ့နိုင်ငံရေးအပေါ် ဘယ်လိုသဘောထားတယ်ဆိုတာကို ပြသခဲ့တဲ့ပွဲပဲပေါ့။ နစကရဲ့ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လက်ရှိနိုင်ငံရေးဖြစ်စဉ်အမှန်ကို ကမ္ဘာနဲ့ဒေသတွင်းနိုင်ငံတွေကို ဒီအစည်းအဝေးကနေတစ်ဆင့် ပြသခွင့်ရခဲ့တာပေါ့။ အာဆီယံနဲ့ မြန်မာ ရှေ့ဆက်လက်တွဲမယ့် အစီအမံတွေလည်း ချမှတ်ခဲ့တာပေါ့ဗျာ။ ဒါတင်မကသေးဘူး မစာဥရဲ့၊ ပြည်သူတွေကို လမ်းမှားရောက်အောင် တွန်းပို့နေတဲ့ လေလှိုင်းပေါ်က ဝရမ်းပြေးအဖွဲ့ဟာ အရေးမပါတဲ့ အဖွဲ့အစည်းဆိုတာကို သက်သေပြလိုက်နိုင်တဲ့ပွဲဆိုပါတော့ဗျာ။**

ပူပြင်းတဲ့နွေရာသီညဦးပိုင်းတွေဟာ ယခင်အချိန်တွေဆိုရင် လမ်းထိပ်လက်ဖက်ရည်ဆိုင်မှာ အပေါင်းအသင်းတွေနဲ့ ထွေရာလေးပါး စကားလက်ဆုံကျချိန်တွေပေါ့။ အခုတော့ ကိုဗစ်ကပ်ရောဂါကြီးကြောင့်အပြင် အယူအဆမတူညီတာတွေများလို့ လမ်းထိပ်မရောက်ဖြစ်တာ ကြာခဲ့ပြီ။ နေ့စဉ်ည ၈ နာရီ သတင်းထူးလေးကြည့်ပြီး အိမ်နီးချင်းလောက်နဲ့သာ စကားပြောနိုင်တော့တာ။ အိမ်နီးချင်းတွေထဲမှာမှ ထူးထူးခြားခြား မစာဥကတော့ နိုင်ငံရေးကို အတော်နှံ့စပ်တယ်ဆိုပြီး သူ့ဟာသူ သတ်မှတ်ထားတဲ့သူပေါ့။ သူ့ရဲ့အတွေးအခေါ်တွေက အရင်က လတ်လတ်ဆတ်ဆတ်ရှိပေမယ့် အခုနောက်ပိုင်း အွန်လိုင်း User ဖြစ်ကတည်းက အပျိုကြီးဟာ ကော်ပီအတွေးလောက်သာ ရှိတော့တယ်။ အတွေးဆုံးသည်နှင့် မစာဥထံ ကိုသံချောင်းက ခြေလှမ်းပြင်မိပါတယ်။

"ကိုသံချောင်းကြီးက ကျွန်မ အိမ်လည်မလာလို့ ထင်တယ်။ လိုက်လာပြီပေါ့လေ.."

"ဒါပေါ့ဗျာ.. ခင်မင်မိတော့လည်း မစာဥနဲ့မှ စကားလက်ဆုံမကျမိရင် စားမဝင် အိပ်မပျော်ဖြစ်ရလို့ လိုက်လာမိတာပေါ့.."

"အလိုရှင်.... ရှင်ကလည်း ခင်မိတာနဲ့ပဲ မတွေ့ရရင် မနေနိုင်တဲ့ မကြားဖူးပေါင်"

တွေ့လိုက်တိုင်း မစာဥ၏ စကားသံချိုချိုက ကိုသံချောင်းရင်ထဲ ငွမ်းဆီထိ သာယာနေတတ်ပြန်၏။ ဒီအပျိုကြီးနဲ့ နီးစပ်ဖို့ရာကလည်း တိုင်းရေးပြည်ရေး ခြေခင်းလက်ခင်းသာဖို့ အရင်ဆုံးဆုတောင်းရသည် မဟုတ်ပါလား။

"မစာဥကို ကျွန်တော် ဒီရက်ပိုင်းမတွေ့မိပါလား။ ကေနွ ခင်ဗျား ၂၄ ရက်နေ့ကို စောင့်ကြည့်ပြီး အပြင်မထွက်တာနေမယ် ဟုတ်ရဲ့လား"

"အမှန်ပဲပေါ့ရှင်။ ဧပြီလ ၂၄ ရက်နေ့မှာ အာဆီယံထိပ်သီးခေါင်းဆောင်တွေ အစည်းအဝေးရှိတယ်။ ထူးခြားမယ်ဆိုပြီး ကျွန်မ စောင့်ကြည့်နေတာရှင့်"

"လုပ်ပါဦးဗျာ။ ဘာတွေများ ထူးခြားသလဲလို့၊ ကျွန်တော်ဖြင့် မြင်ရတွေ့ရတာ အားရစရာကောင်းလွန်းလို့ သဘောတွေကို လွတ်ကျနေတာပဲဗျို့၊ ကျွန်တော်တို့ရဲ့အစိုးရက ကော်ဇောနီပေါ်မှာ လဂျီတမေစီကို ရဲရဲတင်းတင်း ပြသခဲ့တာပဲ မဟုတ်လားဗျာ။ ဒါက တိုင်းပြည်အတွက်၊ ပြည်သူတွေအတွက် အားတစ်ရပ်ဖြစ်တာပေါ့ဗျာ"

"ကျွန်မကတော့ ဘာဖြစ်မလဲ၊ ဘာဖြစ်မလဲ စောင့်ကြည့်ရတာ ကျွန်မတို့ထင်သလိုက မဖြစ်လာဘူးရှင့်။ အွန်လိုင်းအစိုးရဆိုတာက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖိတ်ကြားဖို့မလိုဘူး။ သူတို့ကို ဖိတ်ကြားပါဆိုပြီး စာပို့တာလည်း ရှင်သိတယ် မဟုတ်လား။ အားလုံးက အကြောင်းပြန်ဖို့စောင့်ပေမယ့် မထူးခြားဘူးရှင့်။ ဒါတင်မကသေးဘူး။ ဟိုရောက်ရင် တပ်ချုပ်ကို တစ်ခါတည်း ဖမ်းပစ်မယ်ပြောတာလည်း ကြားမိသေးတယ်။ အာတူးပီက အဲဒီလိုအချိန်ဝင်ပြီ မှတ်နေတဲ့ ကျွန်မမိတ်ဆွေတွေလည်း ရှိသေးရဲ့။ အားလုံးက ဟင်ခနဲ၊ ဟာခနဲပေါ့ရှင်။ ကျွန်မတောင် ၂၄ ရက်နေ့က လပေးရောင်းတဲ့ အထည်ဖိုးတွေ လိုက်မသိမ်းရဲဘူး။ တိုင်းပြည်က ဘာဖြစ်မလဲဆိုပြီး အိမ်မှာပဲ နေနေတာပေါ့"

"ဒါပေါ့ မစာဥရယ်။ **နိုင်ငံရေးကို အွန်လိုင်းမှာမြင်ရတဲ့ အာတူးပီ၊ အေဖိုးပီ၊ ယူအန်လောက်ကိုပဲ ကော်ပီယူလိုက်၊ ပေစ့်လုပ်လိုက် လုပ်နေကြတာဟာ အတော်ကိုဆိုးရွားတာပဲ။ ခင်ဗျားတို့ ကျွန်တော်တို့လို ဘွဲ့လေး မတောက်တခေါက်ရပြီး လူရာမဝင့်တဝင်တွေက လုပ်တာထက် ပညာတွေ တောင်လိုအပုံကြီးတတ်ကြတဲ့၊ ပြည်သူတွေရဲ့ ကျန်းမာရေး၊ ပညာရေးကဏ္ဍတွေကို ဦးဆောင်ထမ်းရွက်ပေးနေတဲ့ တော်လှန်ရေးဆရာဝန်တွေ၊ ကျောင်းဆရာတွေ ပါဝင်နေတာကတော့ စိတ်မကောင်းပါဘူးဗျာ။ နိုင်ငံရေးကို အွန်လိုင်းပေါ်မှာ မြင်နေတွေ့နေတာထက် ကျော်ကြည့်ဖို့တော့ လိုတာပေါ့ဗျာ"**

**ရှင်တို့ ကျွန်မတို့လို ဂျန်-ဝိုင်တွေ၊ လူငယ်ဆယ်ကျော်သက် ဂျန်-ဇီတွေကတော့ ဘာဆက်လုပ်ရမှန်းကို မသိတော့ဘူးပေါ့ရှင်။ ရှင်သိတဲ့အတိုင်း CDM လုပ်တဲ့ ဝန်ထမ်းတွေကလည်း ရုံးတွေပြန်တက်နေကြပြီ။ သူတို့ဘက်ကကြည့်တော့လည်း ဘယ်လောက်တောင့်ခံရမှန်းမသိတာကို မိသားစုစားဝတ်နေရေးအတွက် ဆက်ပြီးသည်းမခံနိုင်တာ မဆန်းပါဘူး။ အနုပညာရှင်တွေထဲက မြှောက်ပေးကြတဲ့သူတွေလည်း ပုဒ်မတွေ တသီတတန်းနဲ့ ပြေးလွှားနေကြရပြီဆိုတော့ကာ နိုင်ငံရေးစည်းဝိုင်းထဲက ခုန်ထွက်ကြသူတွေ ပိုများလာတော့မှာပါပဲ။**

"ရပါတယ်ရှင်။ ကျွန်မတို့ ဆရာတွေကလည်း ကြိုစီမံထားပြီးသားပါ။ အာတူးပီဆိုတာ ရုရှားနဲ့ တရုတ်တို့မရှိမှဘဲ ဖြစ်နိုင်မယ်လို့ သူတို့က ခန့်မှန်းထားတာပေါ့။ ဒါကြောင့် ပြည်သူ့တပ် ဖက်ဒရယ်အာမီဖြစ်လာအောင် ကြိုးပမ်းနေတာပေါ့ရှင့်"

"အမယ်လေး ဟိုတယ်ပေါ်မှာ တပ်ဖွဲ့လိုက်တဲ့ အာမီလား မစာဥရဲ့။ ကြောက်စရာပါပဲဗျာ။ ဒါနဲ့ တကယ်တမ်း စစ်တိုက်တာက အွန်လိုင်းဂိမ်းစစ်တိုက်တမ်း ကစားသလို ဝိုင်ဖိုင်အလကားရတဲ့ နေရာသွားထိုင်ပြီး ပစ်ရတာ မဟုတ်ဘူးဆိုတာ လူငယ်တွေက သိကြပါလိမ့်မယ် အစ်မကြီးရယ်။ နောက်ကွယ်က မြှောက်ပေးနေတိုင်း လူငယ်တွေက မအကြံတော့ပါဘူးဗျာ"

"ဒါတော့မသိဘူးရှင်။ **ရှင်တို့ ကျွန်မတို့လို ဂျန်–ဝိုင်တွေ၊ လူငယ်ဆယ်ကျော်သက် ဂျန်–ဇီတွေကတော့ ဘာဆက်လုပ်ရမှန်းကို မသိတော့ဘူးပေါ့ရှင်။ ရှင်သိတဲ့အတိုင်း CDM လုပ်တဲ့ ဝန်ထမ်းတွေကလည်း ရုံးတွေပြန်တက်နေကြပြီ။ သူတို့ဘက်ကကြည့်တော့လည်း ဘယ်လောက်တောင့်ခံရမှန်းမသိတာကို မိသားစုစားဝတ်နေရေးအတွက် ဆက်ပြီးသည်းမခံနိုင်တာ မဆန်းပါဘူး။ အနုပညာရှင်တွေထဲက မြှောက်ပေးကြတဲ့သူတွေလည်း ပုဒ်မတွေ တစ်သီတစ်တန်းနဲ့ ပြေးလွှားနေကြရပြီဆိုတော့ကာ နိုင်ငံရေးစည်းဝိုင်းထဲက ခုန်ထွက်ကြသူတွေ ပိုများလာတော့မှာပါပဲ"**

"မစာဥက ရုပ်ချောအပြောကောင်းသလို ဉာဏ်ကလည်း မတိမ်ဘူးဗျ။ ကျွန်တော်က အဲဒါတွေကြောင့် မစာဥမှ မစာဥဆိုပြီး ခင်မင်ရတာ..." အရွှန်းဖောက်ပြောလိုက်သော်လည်း မစာဥကား အတွေးစမပြတ် ဆက်၍. . .

"လက်ရှိ ကျွန်မမြင်တာတော့ ပြည်သူတွေက အေးချမ်းလုံခြုံမှုကို ပိုတန်ဖိုးထားကြတယ်ရှင့်။ တိုင်းပြည်မအေးချမ်းတာဟာ ပြည်သူတွေ စီးပွားရှာစားဖို့ ခက်တယ်၊ ကလေးတွေ ပညာသင်ဖို့ ခက်တယ်၊ ဝန်ထမ်းတွေ အလုပ်သွားဖို့ ခက်တယ်ရှင့်။ အမြန်ဆုံးနာလန်ထူဖို့ အားလုံးမှာ တာဝန်ရှိတယ်"

"ဟုတ်တာပေါ့ မစာဥရယ်။ **တိုင်းပြည်ကို ပြာပုံထဲ မွဲရေဆိုပြီး အတင်းမီးရှို့နေကြသူတွေရဲ့ စနက်တံတွေကို ငြှိမ်းသတ်နေရတဲ့ အခြေအနေပေါ့ဗျာ။ အခု မီးညွန့်ကတော့ ကျိုးပါပြီဗျ။ မီးကြွင်းမီးစတွေကိုတော့ ငြှိမ်းသတ်ရဦးမှာပဲ။ မီးကြွင်းမီးကျန်ကနေ ပြန်ပြီး မီးတောက်မလာအောင်လည်း လက်စသိမ်းရမှာက နိုင်ငံတော်အစိုးရရဲ့ အလုပ်ပေါ့ဗျာ။ ဒါမှသာ ပြည်သူတွေ အေးအေးချမ်းချမ်းနဲ့ အိုကေမှာ စုပြည်သွားမှာမဟုတ်လား အပျိုကြီးရဲ့"**

"ထားပါတော့ရှင်။ ဒါနဲ့ ရှင်ခုနက အားရတယ်ဆိုတဲ့ အာဆီယံအစည်းအဝေးအကြောင်းကိုလည်း အတိုချုပ်ပြီး ပြောပြပါဦးရှင့်။ ကျွန်မရဲ့ ဖရန့်တွေထဲမယ် တော်လှန်ရေးသမားတွေက ပိုများတော့ သတင်းဆိုရင် တစ်ဖက်အသံ သိပ်မကြားရဘူးရှင့်"

"အဲဒါပေါ့ဗျာ။ ည ၈ နာရီ သတင်းကြည့်ဆိုရင် သံပုံးတီးတယ်၊ သတင်းစာဖတ်ပါဆိုရင် လမ်းထိပ်မှာ ကမန်းကတမ်း လိုက်ဝေနေတဲ့ ခိုးကြောင်ခိုးဝှက်စာစောင်ဖတ်တော့ သတင်းမှန် ခင်ဗျားတို့ ဘယ်လိုရပါတော့မလဲဗျ။ **အာဆီယံခေါင်းဆောင်တွေ အစည်းအဝေးကို တစ်ကမ္ဘာလုံးက စောင့်ကြည့်နေတာဗျ။ အဲဒီအစည်းအဝေးမှာ နိုင်ငံတော်အစိုးရက Legitimacy လို့ခေါ်တဲ့ တရားဝင်တဲ့ အားလုံး အသိအမှတ်ပြုတဲ့၊ သြဇာအာဏာရှိတဲ့ နိုင်ငံ့အစိုးရဆိုတာကို ကမ္ဘာက သိသွားတာပေါ့ဗျာ။ အာဆီယံကလည်း မြန်မာ့နိုင်ငံရေးအပေါ် ဘယ်လိုသဘောထားတယ်ဆိုတာကို ပြသခဲ့တဲ့ပွဲပဲပေါ့။ နစကရဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လက်ရှိ နိုင်ငံရေးဖြစ်စဉ်အမှန်ကို ကမ္ဘာနဲ့ဒေသတွင်းနိုင်ငံတွေကို ဒီအစည်းအဝေးကနေ တစ်ဆင့် ပြသခွင့်ရခဲ့တာပေါ့။ အာဆီယံနဲ့ မြန်မာ ရှေ့ဆက်လက်တွဲမယ့် အစီအမံတွေလည်း ချမှတ်ခဲ့တာပေါ့ဗျာ။ ဒါတင်မကသေးဘူး မစာဥရဲ့၊ ပြည်သူတွေကိုလမ်းမှားရောက်အောင် တွန်းပို့နေတဲ့ လေလှိုင်းပေါ်က ဝရမ်းပြေးအဖွဲ့ဟာ အရေးမပါတဲ့ အဖွဲ့အစည်းဆိုတာကို သက်သေပြလိုက်နိုင်တဲ့ပွဲဆိုပါတော့ဗျာ"**

မစာဥကား အသံပင်မထွက်နိုင်တော့ ငြိမ်သက်လျက်။ သူမျှော်လင့်သည့် အခြေအနေနှင့် ဆန့်ကျင်ဘက် ဖြစ်နေသည့် လက်တွေ့ကို လက်ခံနိုင်ဖို့ အချိန်ယူရမယ်ဆိုတာ ကိုသံချောင်း နားလည်သဘောပေါက်၏။ တိုင်းပြည်ပြာပုံမရောက်ခင် အချိန်မီ အသိဝင်ဖို့တော့ လိုပါလိမ့်မည်။ အမြန်ဆုံး သဘောပေါက်သင့်ပါပြီ မစာဥရယ်ဟူ၍သာ...။

## ရန်ကုန်တိုင်းဒေသကြီး၌ အများပြည်သူသယ်ယူပို့ဆောင်ရေး ဆွေးနွေး

**ရန်ကုန် ဧပြီ ၂၈**

ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုးသည် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျ ပြေးဆွဲရေး လုပ်ငန်းကြီးကြပ်ကွပ်ကဲရေး အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ပြင်ပပညာရှင်များနှင့်တွေ့ဆုံ၍ အများပြည်သူ သယ်ယူပို့ဆောင်ရေးလုပ်ငန်း ပိုမိုစနစ်တကျဆောင်ရွက်နိုင်ရန် ဧပြီ ၂၆ ရက် နံနက် ၉ နာရီက တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံးခန်းမ (၃) တွင် တွေ့ဆုံဆွေးနွေးသည်။

ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီကို တည်ဆဲဥပဒေနှင့်အညီ ပြင်ဆင်ဖွဲ့စည်းပြီး ရန်ကုန်မြို့တော် အများပြည်သူ သယ်ယူပို့ဆောင်ရေး လုပ်ငန်းများ၊ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စနစ်တကျဆောင်ရွက်နိုင်ရန်၊ ပြည်သူများအား အကောင်းဆုံးဝန်ဆောင်မှုပေးနိုင်ရန်နှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များကိုလည်း အခွင့်အလမ်း ပိုမိုရရှိလာနိုင်စေရန် တွေ့ဆုံရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်မှူးကြီးဝင်းတင့်က ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲရေးလုပ်ငန်းကြီးကြပ်ကွပ်ကဲမှုအဖွဲ့၏ လမ်းညွှန်ချက်များနှင့်အညီ အောင်မြင်အောင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းနှင့် ကော်မတီ၏ လုပ်ငန်းတာဝန်များ၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းစေရေးနှင့် ပတ်သက်၍ ဆက်လက်ဆောင်ရွက်ရန် စီစဉ်ထားရှိမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲရေး လုပ်ငန်းကြီးကြပ်ကွပ်ကဲမှု အဖွဲ့ဝင် ဦးလှအောင်၊ ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးချစ်ကိုကိုနှင့် တိုင်းဒေသကြီး ပို့ဆောင်ရေးစီမံကိန်း ဦးစီးဌာနမှူး ဦးစိုးမင်းတို့က အကြံပြုဆွေးနွေးကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ရန်ကုန်တိုင်းဒေသကြီးပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးတွင်အရေးပါသော မြို့တွင်းပြေး YBS၊ အဝေးပြေး၊ စီးလုံးငှားယာဉ်များ၊ အငှားယာဉ်များ၊ ကျောင်းကားနှင့် စက်ရုံဝန်ထမ်းကြို/ ပို့ယာဉ်များ၊ ကုန်စည်ပို့ဆောင်ရေးယာဉ်များအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ စည်းကမ်းတကျ ဆောင်ရွက်နိုင်ရေး ဌာနခွဲအသီးသီး၏ လုပ်ငန်းတာဝန်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး (ပြန် /ဆက်)**



## စိုက်ပျိုးရေရရှိရေးနှင့် လိုအပ်သောကုန်ထုတ်လမ်းများ ထပ်မံဆောင်ရွက်ပေးနိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး

**ပဲခူး ဧပြီ ၂၈**

ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းသည် ဧပြီ ၂၇ ရက် နံနက်ပိုင်းက သာယာဝတီမြို့နယ် သင်တော်ရိုးကျေးရွာ ရတနာတိုးမျိုးသန့်စိုက်ခင်း ၁၀ ဧက၌ မျိုးကွဲနုတ်ပယ်ခြင်းနှင့် တစ်ဆက်စပ်တည်း နွေစပါးဧက ၆၀ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နေမှုကိုလည်းကောင်း၊ ဇီးကုန်းမြို့နယ် နွားတဲကုန်းကျေးရွာအုပ်စု မြောက်လွတ်ကုန်းကွင်း၌ ကြဲခင်းစနစ်ဖြင့် စိုက်ပျိုးထားသည့် နွေးစပါး ၄၁၀ ဧကကိုလည်းကောင်း၊ နတ်တလင်းမြို့နယ် ကြခတ်ဝါးရုံကျေးရွာ၌ စက်မှုလယ်ယာစနစ်ဖြင့် တောင်သူ ၂၀ ၏ နွေစပါးစိုက်ခင်း ၁၈၆ ဧကတို့ကိုလည်းကောင်း ကွင်းဆင်းကြည့်ရှုသည်။

### အခမဲ့ပေးအပ်

ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးမျိုးဝင်းက မျိုးသန့်စိုက်ခင်းဆောင်ရွက်နေမှု အခြေအနေနှင့် နွေစပါး စိုက်ပျိုးအောင်မြင်နေမှု အခြေအနေတို့ကို ရှင်းလင်းပြသခဲ့ရာ ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ဒေသခံတောင်သူများ၏ အဓိကလိုအပ်ချက်ဖြစ်သော စိုက်ပျိုးရေရရှိရေးနှင့် လိုအပ်သောကုန်ထုတ်လမ်းများ ထပ်မံဆောင်ရွက်ပေးနိုင်ရေးနှင့် ကျေးရွာစာသင်ကျောင်းလိုအပ်ချက်များအား ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပြီး ဒေသခံတောင်သူများအား ဟင်းသီးဟင်းရွက်မျိုးစေ့များ အခမဲ့ပေးအပ်သည်။

### ကွင်းဆင်းကြည့်ရှု

ထို့နောက် ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် နတ်တလင်းမြို့ မြို့မရပ်ကွက် ရန်ကုန်–ပြည်ကားလမ်းဘေးရှိ အပန်းဖြေပန်းခြံ တည်ဆောက်နေမှုနှင့် အခမဲ့ဆေးခန်း ဖွင့်လှစ်မည့်နေရာများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားခဲ့သည်။

### ပြည်တက္ကသိုလ်သို့သွားရောက်

ယင်းနောက် ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ပြည်တက္ကသိုလ်သို့သွားရောက်ခဲ့ပြီး ပြည်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာသက်လွင်က ပြည်တက္ကသိုလ်၏ အချက်အလက်များနှင့် မေ ၅ ရက်တွင် တက္ကသိုလ်ကျောင်းများ ပြန်လည်ဖွင့်လှစ်၍ ပညာသင်ကြားနိုင်ရေး ဆောင်ရွက်နေမှုအခြေအနေများနှင့် တက္ကသိုလ်ဝင်းအတွင်း တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြခဲ့ရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက တည်ဆောက်ရေးလုပ်ငန်းများကို မိုးရာသီမရောက်မီ အချိန်မီပြီးစီးရေးနှင့် သတ်မှတ်စံချိန်စံညွှန်းအတိုင်း ဆောင်ရွက်ကြရန် မှာကြားခဲ့ပြီး တက္ကသိုလ်ဝင်းအတွင်း တည်ဆောက်နေသည့် အလျားပေ ၁၈၀၊ အနံ ၄၈ ပေ၊ အမြင့် ၃၆ ပေရှိ RC သုံးထပ်စာသင်ဆောင်ဆောက်လုပ်နေမှုကို ကြည့်ရှုခဲ့ကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**



## နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်ပေး

**စစ်တွေ ဧပြီ ၂၈**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရခိုင်ပြည်နယ်ဦးစီးမှူးရုံးက ရခိုင်ပြည်နယ်အတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ စစ်တွေမြို့နယ် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲအခမ်းအနားကို ဧပြီ ၂၇ ရက် နံနက် ၁၀ နာရီက စစ်တွေမြို့ရှိ ဦးဥတ္တမခန်းမ၌ ကျင်းပသည်။

ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်မင်းက လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရာတွင် အသက် ၁၈ နှစ်ပြည့်ပြီးသူတိုင်း နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသား(ပြု) လက်မှတ်ကိုင်ဆောင်ကာ မဲပေးနိုင်ရေးအတွက် နိုင်ငံသားတိုင်း နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိမည်ဟူသော ရည်မှန်းချက်ဖြင့် ရခိုင်ပြည်နယ်မှ တိုင်းရင်းသားများအား နိုင်ငံသားစိစစ်ရေးကတ်ပြားကိုမတ် ၁ ရက်မှ စတင်ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ရာနှုန်းပြည့်အောင်မြင်နိုင်ရန် သက်ဆိုင်ရာ ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့များက ပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသေးသူများ မကျန်ရှိစေရေးအတွက် သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးများက ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရခိုင်ပြည်နယ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးစိုးလွင်က နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်ခြင်းကို ရှင်းလင်းပြောကြားပြီး ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက စစ်တွေမြို့နယ်အတွင်းရှိ သင်ပုန်းတန်းကျေးရွာအုပ်စု၊ ကျားမသောက်ကျေးရွာအုပ်စု၊ ရေချမ်းပြင်ကျေးရွာအုပ်စုနှင့် ကသဲရပ်ကွက်တို့မှ နိုင်ငံသားကတ်စုစုပေါင်း ၄၄၉ ကတ်အား ပြည်သူများထံ ပေးအပ်ကြသည်။

ထို့ပြင် ရခိုင်ပြည်နယ်အတွင်း မတ် ၁ ရက်မှ စတင်ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ရပ်ကွက်၊ ကျေးရွာစုစုပေါင်း ၇၇ ခုအား ကွင်းဆင်းဆောင်ရွက်နိုင်ခဲ့ကြောင်း၊ အသက် ၁၀ နှစ်နှင့် ၁၈ နှစ်ကြား နိုင်ငံသားစိစစ်ရေးကတ်ပြားကိုင်ဆောင်သူ ၁၁၄၂ ဦး၊ အသက် ၁၈ နှစ်အထက် နိုင်ငံသားစိစစ်ရေးကတ်ပြားကိုင်ဆောင်သူ ၁၁၆၃ ဦး၊ အသက် ၁၀ ပြည့် နိုင်ငံသားကတ်ပြားမှ အသက်၁၈ နှစ်ပြည့် နိုင်ငံသားစိစစ်ရေကတ်ပြားလဲလှယ်သူ ၁၄၅ ဦးနှင့် နိုင်ငံသားစိစစ်ရေးကတ်ပျောက်ဆုံး၊ ပျက်စီးမှုအတွက် မိတ္တူပြုလုပ်သူ ၁၅၇ ဦး စုစုပေါင်း ၂၆၀၇ ဦးအား ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။ **ဝင်းမင်းစိုး(ပြန်/ဆက်)**

## အခြေခံပညာကျောင်းများ အခမဲ့ပညာရေးစနစ်ဖြင့် ပြန်လည်ဖွင့်လှစ်မည်

**ဘားအံ ဧပြီ ၂၈**

ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၇/၂၀၂၁) ကို ဧပြီ ၂၇ ရက် နံနက် ၉ နာရီခွဲက ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပသည်။

ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးက နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မည်သည့်အစိုးရတက်စေကာမူ ပေးအပ်သည့်တာဝန်ကို ကျေပွန်အောင်ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း၊ ကိုဗစ်–၁၉ ရောဂါနှင့် ပတ်သက်၍ ပေါ့ဆမရဘဲ သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ လိုက်နာနေထိုင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မကြာမီကာလတွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်များ ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်ပြီး အခြေခံပညာကျောင်းများကိုလည်း အခမဲ့ပညာရေးစနစ်ဖြင့် ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း၊ CDM ဝန်ထမ်းများအား ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများ၊ ဌာနဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအား ခြိမ်းခြောက်ပြောဆို အကျပ်ကိုင် ဖိအားပေးခြင်းများရှိပါက သတင်းပေးရန်နှင့် ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသော ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ယခင်အပတ် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြ ပြီး ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ထပ်ဆင့်ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဝင်များနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြခဲ့ကြပြီး ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း (ပြန်/ဆက်)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

**၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၈ ရက်**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ မိုးကုတ်မြို့နယ်နှင့် ဝမ်းတွင်းမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု**

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေးကတ် မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ ကြိမ်နှင့် အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|
| ၁ | မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် မဲရုံ ၂၆၆ ရုံ | ၂၀၃၇၃၈ | ၁၆၉၂၂၆ | ၂၁၂၃၇ | ၂၂၆၂ | ၂၆၃၇၂ |
| ၂ | မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ် မဲရုံ ၁၄၄ ရုံ | ၁၄၇၁၂၁ | ၁၁၁၁၇၄ | ၂၁၇၆၅ | ၁၆၈၅ | ၁၆၅၈၀ |
| ၃ | မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် မဲရုံ ၃၁၈ ရုံ | ၁၉၅၅၄၈ | ၁၆၀၇၈၂ | ၁၆၁၉၂ | ၁၈၀၂ | ၂၃၂၁၄ |

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ မိုးကုတ်မြို့နယ်နှင့် ဝမ်းတွင်းမြို့နယ်တို့၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် အခြေအနေများကို သက်ဆိုင်ရာမြို့နယ်အလိုက် ယခင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ သက်ဆိုင်ရာမြို့နယ်များရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၏ ရှေ့မှောက်တွင် မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၄။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၃ မြို့နယ်တွင် မဲရုံပေါင်း ၇၂၈ ရုံ၊ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၆၁၉၃၇၆ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၄၁၆၂၃၁၊ ကျန်ရှိရမည့်အရေအတွက်မှာ ၂၀၃၁၄၅၊ မြေပြင်လက်ကျန် ၁၈၄၆၅၈ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက် ၂၃၇၆၉ ဖြစ်ပြီး အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၅၂၈၂ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မြို့နယ်အလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်**

| စဉ် | မြို့နယ် | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | မတ္တရာမြို့နယ် | ၂၆၆ | ၂၂၇၁၇၁ | ၁၆၂၂၃၂ | ၆၄၉၃၉ | ၆၁၉၉၃ | ၃၅၆၈ | ၆၂၂ |
| ၂ | မိုးကုတ်မြို့နယ် | ၁၄၄ | ၁၆၃၈၅၃ | ၉၀၆၉၀ | ၇၃၁၆၃ | ၆၄၄၉၇ | ၉၃၀၂ | ၆၄၆ |
| ၃ | ဝမ်းတွင်းမြို့နယ် | ၃၁၈ | ၂၂၈၃၅၂ | ၁၆၃၃၀၉ | ၆၅၀၄၃ | ၅၈၁၆၈ | ၁၀၈၉၉ | ၄၀၁၄ |
| | စုစုပေါင်း | ၇၂၈ | ၆၁၉၃၇၆ | ၄၁၆၂၃၁ | ၂၀၃၁၄၅ | ၁၈၄၆၅၈ | ၂၃၇၆၉ | ၅၂၈၂ |

**မတ္တရာမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်**

၅။ မြေပြင်စစ်ဆေးချက်များအရ မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်တွင် ရပ်ကွက် ၅ ရပ်ကွက်၊ ကျေးရွာအုပ်စု ၈၃ အုပ်စု၊ မဲရုံပေါင်း ၂၆၆ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ် အရေအတွက်မှာ ၂၂၇၁၇၁ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၆၂၂၃၂၊ ကျန်ရှိရမည့်အရေအတွက်မှာ ၆၄၉၃၉ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၆၁၉၉၃ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများ တွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၂၁၂၅၅၀ | ၁၆၁၇၇၁ | ၅၀၇၇၉ | ၄၇၉၈၃ | ၃၄၁၈ | ၆၂၂ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၅၂၁ | ၄၆၁ | ၆၀ | ၆၀ | | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၁၄၁၀၀ | | ၁၄၁၀၀ | ၁၃၉၅၀ | ၁၅၀ | |
| စုစုပေါင်း | | ၂၂၇၁၇၁ | ၁၆၂၂၃၂ | ၆၄၉၃၉ | ၆၁၉၉၃ | ၃၅၆၈ | ၆၂၂ |

၆။ မတ္တရာမြို့နယ် ရပ်ကွက် ၅ ရပ်ကွက်၊ ကျေးရွာအုပ်စု ၈၃ အုပ်စု၊ မဲရုံပေါင်း ၂၆၆ ရုံတွင် မဲလက်မှတ်အရေအတွက် ၃၄၁၈ ပျောက်ဆုံးနေပြီး မဲလက်မှတ် ၆၂၂ စောင် အပိုတွေ့ရှိရသည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ကျန်ရှိရမည့် မဲလက်မှတ်အရေအတွက် ၁၄၁၀၀ ဖြစ်သော်လည်း မြေပြင်တွင် ၁၃၉၅၀



မတ္တရာမြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။

သာ ကျန်ရှိသဖြင့် ၁၅၀ စောင် ပျောက်ဆုံးနေကြောင်း တွေ့ရှိရသည်။

၇။ မတ္တရာမြို့နယ် ပန်းယျကျေးရွာအုပ်စု မဲရုံအမှတ်(၇) တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၇၀၁ ဦးရှိပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်များ မပါရှိဘဲ ဆန္ဒမဲပေးခွင့်ပြုထားသူ ၅၁၃ ဦးရှိကြောင်း တွေ့ရှိရပါသည်။ **[ ဆန္ဒမဲပေးခွင့်ပြုထားသည့် မဲစာရင်းပုံစံ (၁) ၂ ရွက်ကို ပူးတွဲဖော်ပြထားပါသည်။]**

၈။ မတ္တရာမြို့နယ်၊ ရေနံ့သာကျေးရွာအုပ်စု မဲရုံအမှတ် (၈) နှင့် သရက်ကန်(မြောက်)ကျေးရွာ မဲရုံအမှတ်(၁) တို့တွင် ဆန္ဒမဲပေးပြီး လက်ခံဖြတ်ပိုင်းများ မတွေ့ရှိသဖြင့် ဆန္ဒမဲလက်မှတ်များကိုသာ စစ်ဆေးခဲ့ရပါသည်။ သို့ဖြစ်၍ ကြိုတင်မဲလက်မှတ်အရေအတွက်နှင့် လက်ကျန်မဲအရေအတွက် စာရင်းအတိအကျ မရရှိနိုင်ကြောင်း တွေ့ရှိရပါသည်။

၉။ မတ္တရာမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | အမှတ်(၂)ရပ်ကွက် | ၁၁၃၅၀ | ၇၅၆၄ | ၃၇၈၆ | ၃၈၈၁ | | ၉၅ |
| ၂ | ရေနံ့သာကျေးရွာအုပ်စု | ၁၀၉၀၀ | ၇၇၈၄ | ၃၁၁၆ | ၂၆၂၅ | ၄၉၁ | |
| ၃ | သပြေသာကျေးရွာအုပ်စု | ၂၇၀၀ | ၂၀၁၀ | ၆၉၀ | ၄၉၀ | ၂၀၀ | |
| ၄ | မြစ်ကမ်းကျေးရွာအုပ်စု | ၂၄၀၀ | ၁၈၅၆ | ၅၄၄ | ၅၄၆ | | ၂ |
| ၅ | ဝွေးပင်ကျေးရွာအုပ်စု | ၆၀၀ | ၄၂၁ | ၁၇၉ | ၇၂ | ၁၀၇ | |
| ၆ | စကားပင်ကျေးရွာအုပ်စု | ၄၆၀၀ | ၃၁၉၄ | ၁၄၀၆ | ၁၃၅၆ | ၅၀ | |
| ၇ | စလေကျေးရွာအုပ်စု | ၈၅၀၀ | ၅၂၇၆ | ၃၂၂၄ | ၃၁၂၄ | ၁၀၀ | |
| ၈ | ဇီးဖြူကုန်းကျေးရွာအုပ်စု | ၂၅၅၀ | ၂၀၂၂ | ၅၂၈ | ၄၇၈ | ၅၀ | |
| ၉ | အထက်တောင်ကိုင်းကျေးရွာအုပ်စု | ၃၂၀၀ | ၂၄၉၅ | ၇၀၅ | ၇၀၅ | | |
| ၁၀ | ကျောင်းကုန်းကျေးရွာအုပ်စု | ၈၀၀ | ၆၅၅ | ၁၄၅ | ၁၄၅ | | |
| ၁၁ | ဆိပ်သာကျေးရွာအုပ်စု | ၂၉၀၀ | ၂၂၀၅ | ၆၉၅ | ၆၉၅ | | |
| ၁၂ | သဖန်းကိုင်းကျေးရွာအုပ်စု | ၃၁၀၀ | ၂၄၁၂ | ၆၈၈ | ၆၈၈ | | |
| ၁၃ | ကွေ့တောကျေးရွာအုပ်စု | ၁၇၅၀ | ၁၂၅၆ | ၄၉၄ | ၄၉၄ | | |
| ၁၄ | ရွှေစုကျေးရွာအုပ်စု | ၁၄၅၀ | ၁၁၄၈ | ၃၀၂ | ၃၀၂ | | |
| ၁၅ | လကျောင်းကြီးကျေးရွာအုပ်စု | ၆၁၅၀ | ၄၆၀၀ | ၁၅၅၀ | ၁၁၅၀ | ၄၀၀ | |
| ၁၆ | လမိုင်းကျေးရွာအုပ်စု | ၈၂၅၀ | ၆၆၅၃ | ၁၅၉၇ | ၁၅၉၉ | | ၂ |
| ၁၇ | ကြာပင်ကျေးရွာအုပ်စု | ၇၅၀ | ၆၁၆ | ၁၃၄ | ၁၃၄ | | |
| ၁၈ | ရေကြည်ကျေးရွာအုပ်စု | ၁၈၅၀ | ၁၅၁၂ | ၃၃၈ | ၃၃၈ | | |
| ၁၉ | ကြားကျေးရွာအုပ်စု | ၇၅၀ | ၄၇၂ | ၂၇၈ | ၇၈ | ၂၀၀ | |
| ၂၀ | စီတိုင်းကန်ကျေးရွာအုပ်စု | ၁၀၀၀ | ၈၄၈ | ၁၅၂ | ၁၅၂ | | |
| ၂၁ | ထန်းပင်ကုန်းကျေးရွာအုပ်စု | ၁၃၅၀ | ၁၀၉၂ | ၂၅၈ | ၂၅၈ | | |
| ၂၂ | တောင်ကန်ကျေးရွာအုပ်စု | ၅၄၅၀ | ၄၂၆၂ | ၁၁၈၈ | ၁၁၈၈ | | |
| ၂၃ | သမင်တွင်းကျေးရွာအုပ်စု | ၁၉၀၀ | ၁၅၅၄ | ၃၄၆ | ၂၄၆ | ၁၀၀ | |
| ၂၄ | ဝက်ခဲကျေးရွာအုပ်စု | ၁၂၅၀ | ၉၆၈ | ၂၈၂ | ၂၈၂ | | |
| ၂၅ | ဝါးရင်းတုတ်ကျေးရွာအုပ်စု | ၇၅၀ | ၆၁၄ | ၁၃၆ | ၁၃၆ | | |
| ၂၆ | ကံဘဲ့ကျေးရွာအုပ်စု | ၁၂၀၀ | ၉၄၃ | ၂၅၇ | ၂၅၇ | | |
| ၂၇ | ကျုံးကျေးရွာအုပ်စု | ၁၇၅၀ | ၁၃၆၂ | ၃၈၈ | ၄၃၈ | | ၅၀ |
| ၂၈ | သိမ်ကုန်းကျေးရွာအုပ်စု | ၅၀၀ | ၄၂၇ | ၇၃ | ၇၃ | | |

စာမျက်နှာ ၁၉ သို့ ✻

❋ စာမျက်နှာ ၁၈ မှ

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၂၉ | ကမ်းတဘက်ကျေးရွာအုပ်စု | ၂၀၅၀ | ၁၆၉၉ | ၃၅၁ | ၄၀၁ | | ၅၀ |
| ၃၀ | လင်းမွေချောင်းကျေးရွာအုပ်စု | ၁၁၅၀ | ၉၄၅ | ၂၀၅ | ၂၀၅ | | |
| ၃၁ | သရက်ကန်(မြောက်)ကျေးရွာအုပ်စု | ၁၄၀၀ | ၁၀၉၄ | ၃၀၆ | | ၃၀၆ | |
| ၃၂ | သလွန်ဖြူကျေးရွာအုပ်စု | ၈၀၀ | ၅၉၅ | ၂၀၅ | ၁၀၅ | ၁၀၀ | |
| ၃၃ | သရက်ကန်(တောင်)ကျေးရွာအုပ်စု | ၉၀၀ | ၇၄၆ | ၁၅၄ | ၁၅၄ | | |
| ၃၄ | တောင်ပြုံးကျေးရွာအုပ်စု | ၃၀၀၀ | ၂၃၂၈ | ၆၇၂ | ၆၇၂ | | |
| ၃၅ | လွန်တောင်းကျေးရွာအုပ်စု | ၃၆၀၀ | ၃၀၂၀ | ၅၈၀ | ၆၃၀ | | ၅၀ |
| ၃၆ | ထီးတော်မိုးကျေးရွာအုပ်စု | ၁၄၀၀ | ၁၁၆၁ | ၂၃၉ | ၂၃၉ | | |
| ၃၇ | ကပိုင်ကျေးရွာအုပ်စု | ၁၄၅၀ | ၁၂၁၈ | ၂၃၂ | ၂၃၂ | | |
| ၃၈ | ရတနာဘုမ္မိကျေးရွာအုပ်စု | ၁၀၀၀ | ၈၃၁ | ၁၆၉ | ၁၆၉ | | |
| ၃၉ | ဝသုန္ဒရကျေးရွာအုပ်စု | ၁၄၀၀ | ၁၁၅၅ | ၂၄၅ | ၂၄၅ | | |
| ၄၀ | အမှတ်(၁)ရပ်ကွက် | ၁၁၀၀ | ၈၁၂ | ၂၈၈ | ၂၃၈ | ၅၀ | |
| ၄၁ | အမှတ်(၃)ရပ်ကွက် | ၁၃၀၀ | ၉၈၆ | ၃၁၄ | ၃၁၄ | | |
| ၄၂ | အမှတ်(၄)ရပ်ကွက် | ၂၁၅၀ | ၁၆၉၆ | ၄၅၄ | ၅၄၀ | | ၈၆ |
| ၄၃ | အမှတ်(၅)ရပ်ကွက် | ၅၂၅၀ | ၃၈၄၅ | ၁၄၀၅ | ၁၄၀၅ | | |
| ၄၄ | ပင်းလယ်အင်းကျေးရွာအုပ်စု | ၁၈၀၀ | ၁၃၃၅ | ၄၆၅ | ၄၇၅ | | ၁၀ |
| ၄၅ | ကောက်ရိုးပုံကျေးရွာအုပ်စု | ၁၉၀၀ | ၁၄၁၄ | ၄၈၆ | ၄၇၉ | ၇ | |
| ၄၆ | ညောင်အုပ်ကျေးရွာအုပ်စု | ၃၀၅၀ | ၂၄၅၃ | ၅၉၇ | ၅၉၆ | ၁ | |
| ၄၇ | မြွေပုန်ကန်ကျေးရွာအုပ်စု | ၃၆၅၀ | ၂၆၄၂ | ၁၀၀၈ | ၈၀၈ | ၂၀၀ | |
| ၄၈ | ကျောက်စရစ်ကုန်း(မ)ကျေးရွာအုပ်စု | ၆၇၀၀ | ၅၃၂၆ | ၁၃၇၄ | ၁၂၁၀ | ၁၆၄ | |
| ၄၉ | မြွေဟသ်ာကျေးရွာအုပ်စု | ၁၇၀၀ | ၁၃၂၈ | ၃၇၂ | ၃၇၂ | | |
| ၅၀ | စကျင်ကျေးရွာအုပ်စု | ၆၁၅၀ | ၄၉၉၉ | ၁၁၅၁ | ၁၁၅၃ | | ၂ |
| ၅၁ | မြွေရွှေခဲကျေးရွာအုပ်စု | ၂၃၅၀ | ၁၉၀၈ | ၄၄၂ | ၅၀၀ | | ၅၈ |
| ၅၂ | မြွေစွန်းကျေးရွာအုပ်စု | ၁၇၀၀ | ၁၂၈၂ | ၄၁၈ | ၄၁၈ | | |
| ၅၃ | တောပုကျေးရွာအုပ်စု | ၁၅၀၀ | ၁၂၅၁ | ၂၄၉ | ၂၅၁ | | ၂ |
| ၅၄ | ပန်းယျကျေးရွာအုပ်စု | ၄၇၅၀ | ၃၇၀၉ | ၁၀၄၁ | ၁၀၃၁ | ၁၀ | |
| ၅၅ | သရက်တောကျေးရွာအုပ်စု | ၁၃၀၀ | ၁၀၉၂ | ၂၀၈ | ၂၀၈ | | |
| ၅၆ | သဲကောကျေးရွာအုပ်စု | ၁၁၅၀ | ၉၆၁ | ၁၈၉ | ၁၈၉ | | |
| ၅၇ | သူရဲဇက်ကျေးရွာအုပ်စု | ၉၀၀ | ၈၀၇ | ၉၃ | ၉၃ | | |
| ၅၈ | ဟလင်းကျေးရွာအုပ်စု | ၆၀၀ | ၃၉၆ | ၂၀၄ | ၁၀၄ | ၁၀၀ | |
| ၅၉ | ဥဒိန်ကျေးရွာအုပ်စု | ၄၀၀၀ | ၂၉၁၁ | ၁၀၈၉ | ၉၁၈ | ၁၇၁ | |
| ၆၀ | ကျောက်စရစ်ကုန်း(တ)ကျေးရွာအုပ်စု | ၆၂၅၀ | ၄၆၉၁ | ၁၅၅၉ | ၁၅၅၉ | | |
| ၆၁ | ဝန်စုကျေးရွာအုပ်စု | ၃၄၅၀ | ၂၅၆၂ | ၈၈၈ | ၈၈၈ | | |
| ၆၂ | ပိုဝကျေးရွာအုပ်စု | ၂၁၀၀ | ၁၆၁၂ | ၄၈၈ | ၅၄၀ | | ၅၂ |
| ၆၃ | ဝေဟင်္ဂမကျေးရွာအုပ်စု | ၁၁၀၀ | ၉၁၉ | ၁၈၁ | ၁၃၁ | ၅၀ | |
| ၆၄ | သဲကျွန်းကျေးရွာအုပ်စု | ၂၂၀၀ | ၁၆၅၁ | ၅၄၉ | ၆၈၀ | | ၁၃၁ |
| ၆၅ | တဲကုန်းကျေးရွာအုပ်စု | ၅၀၀ | ၄၄၇ | ၅၃ | ၅၃ | | |
| ၆၆ | ငယ်တိုးကျေးရွာအုပ်စု | ၃၈၀၀ | ၂၉၈၆ | ၈၁၄ | ၇၆၄ | ၅၀ | |
| ၆၇ | ဟသ်ာကုန်းကျေးရွာအုပ်စု | ၁၁၅၀ | ၈၉၀ | ၂၆၀ | ၂၆၀ | | |
| ၆၈ | ရှင်လှကျေးရွာအုပ်စု | ၁၆၀၀ | ၁၂၇၂ | ၃၂၈ | ၂၇၈ | ၅၀ | |
| ၆၉ | ပျဉ်ကာကျေးရွာအုပ်စု | ၁၀၅၀ | ၇၄၇ | ၃၀၃ | ၃၀၃ | | |
| ၇၀ | အောက်တောင်ကိုင်းကျေးရွာအုပ်စု | ၂၁၀၀ | ၁၄၂၆ | ၆၇၄ | ၅၇၆ | ၉၈ | |
| ၇၁ | အိုင့်ဒိုင်ကျေးရွာအုပ်စု | ၁၆၀၀ | ၁၂၂၈ | ၃၇၂ | ၃၇၂ | | |
| ၇၂ | ရွှေဘိုးကြီးကျေးရွာအုပ်စု | ၁၂၅၀ | ၉၈၃ | ၂၆၇ | ၂၅၇ | ၁၀ | |
| ၇၃ | ရွှေချောင်းကျေးရွာအုပ်စု | ၂၄၀၀ | ၁၉၀၅ | ၄၉၅ | ၅၂၅ | | ၃၀ |
| ၇၄ | သုံးဆယ်ပေးကျေးရွာအုပ်စု | ၂၁၀၀ | ၁၄၅၁ | ၆၄၉ | ၅၅၁ | ၉၈ | |
| ၇၅ | ဆင်ကျွန်းကျေးရွာအုပ်စု | ၉၀၀ | ၇၅၅ | ၁၄၅ | ၁၄၅ | | |
| ၇၆ | ညောင်ကုန်းကျေးရွာအုပ်စု | ၃၆၅၀ | ၂၇၅၁ | ၈၉၉ | ၈၄၉ | ၅၀ | |
| ၇၇ | ကွဲခြံကုန်းကျေးရွာအုပ်စု | ၃၅၀ | ၃၂၈ | ၂၂ | ၂၂ | | |
| ၇၈ | ဆူးကားကျေးရွာအုပ်စု | ၁၆၀၀ | ၁၂၂၂ | ၃၇၈ | ၃၈၀ | | ၂ |
| ၇၉ | ရွှေဘောင်ကျေးရွာအုပ်စု | ၁၈၅၀ | ၁၃၃၇ | ၅၁၃ | ၅၁၃ | | |
| ၈၀ | နန်းတော်ကျွန်းကျေးရွာအုပ်စု | ၂၄၀၀ | ၁၉၅၀ | ၄၅၀ | ၃၅၅ | ၉၅ | |
| ၈၁ | ကုန်းတန်းကြီးကျေးရွာအုပ်စု | ၂၄၀၀ | ၁၅၈၇ | ၈၁၃ | ၇၁၃ | ၁၀၀ | |
| ၈၂ | ချောင်းပေါက်ကျေးရွာအုပ်စု | ၃၅၀ | ၃၁၉ | ၃၁ | ၃၁ | | |
| ၈၃ | ပေါက်ဝဲကျေးရွာအုပ်စု | ၁၅၀၀ | ၁၂၅၁ | ၂၄၉ | ၂၄၉ | | |
| ၈၄ | လှိုင်ကျွန်းကျေးရွာအုပ်စု | ၈၅၀ | ၆၆၈ | ၁၈၂ | ၁၈၂ | | |
| ၈၅ | ဘေးမဲ့ကျေးရွာအုပ်စု | ၆၀၀ | ၅၂၉ | ၇၁ | ၇၁ | | |
| ၈၆ | မြစ်ကောက်ကျေးရွာအုပ်စု | ၅၀၀ | ၄၁၇ | ၈၃ | ၈၃ | | |
| ၈၇ | ရှမ်းတောကျေးရွာအုပ်စု | ၈၅၀ | ၆၈၇ | ၁၆၃ | ၁၆၃ | | |
| ၈၈ | စက်ထိပ်ကျေးရွာအုပ်စု | ၁၂၅၀ | ၁၀၃၄ | ၂၁၆ | ၂၀၆ | ၁၀ | |
| ရပ်/ကျေးချုပ်စုစုပေါင်း | | ၂၁၂၅၅၀ | ၁၆၁၇၇၁ | ၅၀၇၇၉ | ၄၇၉၈၃ | ၃၄၁၈ | ၆၂၂ |
| မြို့နယ်ကြိုတင်မဲလက်မှတ် | | ၅၂၁ | ၄၆၁ | ၆၀ | ၆၀ | | |
| မြို့နယ်လက်ကျန်မဲလက်မှတ် | | ၁၄၁၀၀ | | ၁၄၁၀၀ | ၁၃၉၅၀ | ၁၅၀ | |
| မြို့နယ်ချုပ်စုစုပေါင်း | | ၂၂၇၁၇၁ | ၁၆၂၂၃၂ | ၆၄၉၃၉ | ၆၁၉၉၃ | ၃၅၆၈ | ၆၂၂ |



မိုးကုတ်မြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။

**မိုးကုတ်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်**

၁၀။ မြေပြင်စစ်ဆေးချက်များအရ မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့နယ်တွင် ရပ်ကွက် ၆ ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၈ အုပ်စု၊ မဲရုံပေါင်း ၁၄၄ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၁၆၃၈၅၃ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၉၀၆၉၀၊ ကျန်ရှိရမည့်အရေအတွက်မှာ ၇၃၁၆၃ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၆၄၄၉၇ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများတွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေး မဲလက်မှတ် | ၁၅၅၆၅၀ | ၈၉၈၆၀ | ၆၅၇၉၀ | ၅၇၁၉၇ | ၉၂၃၉ | ၆၄၆ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၉၀၃ | ၈၃၀ | ၇၃ | | ၇၃ | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၇၃၀၀ | | ၇၃၀၀ | ၇၃၀၀ | | |
| | **စုစုပေါင်း** | **၁၆၃၈၅၃** | **၉၀၆၉၀** | **၇၃၁၆၃** | **၆၄၄၉၇** | **၉၃၁၂** | **၆၄၆** |

၁၁။ မိုးကုတ်မြို့နယ် ရပ်ကွက် ၆ ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၈ အုပ်စုမှ မဲရုံပေါင်း ၁၄၄ ရုံတို့တွင် မဲလက်မှတ်အရေအတွက် ၉၃၁၂ ပျောက်ဆုံးနေပြီး မဲလက်မှတ် ၆၄၆ အပိုတွေ့ရှိရသည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ကျန်ရှိရမည့် ကြိုတင်မဲလက်မှတ်လက်ကျန်များ မတွေ့ရှိသဖြင့် ၇၃ စောင် ပျောက်ဆုံးနေသည်ကို စစ်ဆေးတွေ့ရှိရပါသည်။

၁၂။ မိုးကုတ်မြို့နယ်ရှိ မဲရုံပေါင်း ၁၄၄ ရုံတွင် ညောင်ပင်သာကျေးရွာအုပ်စု မဲရုံအမှတ်(၁)၊ ညောင်ထောက်ကျေးရွာအုပ်စု မဲရုံအမှတ်(၁)၊ ပိန်းပြစ်ကျေးရွာအုပ်စု မဲရုံအမှတ်(၁)၊ မြို့မရပ်ကွက် မဲရုံအမှတ် (၁၃) တို့၌ ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများ တွေ့ရှိရခြင်းမရှိဘဲ ခိုင်လုံမဲ၊ ပယ်မဲ လက်မှတ်များသာ တွေ့ရှိရပါသည်။ ကသဲကျေးရွာအုပ်စု မဲရုံအမှတ်(၈)တွင် လွှတ်တော်အားလုံးတွင် အသုံးပြုသော ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်း၊ ခိုင်လုံမဲ၊ ပယ်မဲ၊ ပုံစံ(၁)စာအုပ်၊ ပုံစံ(၁၆-၁) အပ်နှံစာရွက်စာတမ်းများ တွေ့ရှိရခြင်းမရှိဘဲ ပျောက်ဆုံးနေကြောင်း တွေ့ရှိရပါသည်။

၁၃။ မိုးကုတ်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ ရပ်ကွက်/ ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | မြို့မရပ်ကွက် | ၂၂၁၅၀ | ၁၁၆၃၉ | ၁၀၅၁၁ | ၉၉၀၇ | ၆၀၄ | |
| ၂ | ရှောလီဝိုင်းရပ်ကွက် | ၃၃၃၅၀ | ၁၇၆၁၀ | ၁၅၇၄၀ | ၁၃၅၄၁ | ၂၁၉၉ | |
| ၃ | လယ်ဦးရပ်ကွက် | ၁၂၈၅၀ | ၇၃၉၆ | ၅၄၅၄ | ၅၂၉၂ | ၁၆၂ | |
| ၄ | ပိန်းပြစ်ကျေးရွာအုပ်စု | ၃၃၅၀ | ၂၀၅၀ | ၁၃၀၀ | ၈၆၆ | ၄၃၄ | |
| ၅ | ကျောက်ဝါကျေးရွာအုပ်စု | ၁၄၅၀ | ၈၈၅ | ၅၆၅ | ၃၁၅ | ၂၅၀ | |
| ၆ | လီရှောကျောက်ပုံကျေးရွာအုပ်စု | ၁၄၀၀ | ၇၆၂ | ၆၃၈ | ၆၃၈ | | |
| ၇ | ကြက်နှစ်ဖကျေးရွာအုပ်စု | ၅၅၀ | ၃၄၇ | ၂၀၃ | ၂၀၃ | | |

စာမျက်နှာ ၂၀ သို့ ❋

❋ စာမျက်နှာ ၁၉ မှ



ဝမ်းတွင်းမြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၈ | ဟိုဝိတ်ကျေးရွာအုပ်စု | ၄၀၀ | ၂၃၃ | ၁၆၇ | ၁၆၆ | ၁ | |
| ၉ | ဝက်ဘာကျေးရွာအုပ်စု | ၆၀၀ | ၂၆၈ | ၃၃၂ | ၃၃၂ | | |
| ၁၀ | ညောင်ပင်သာကျေးရွာအုပ်စု | ၃၅၀ | ၂၀၇ | ၁၄၃ | | ၁၄၃ | |
| ၁၁ | ညောင်ထောက်ကျေးရွာအုပ်စု | ၇၀၀ | ၃၇၂ | ၃၂၈ | ၃၆၂ | | ၃၄ |
| ၁၂ | မင်းတံတားရပ်ကွက် | ၅၀၅၀ | ၃၂၂၉ | ၁၈၂၁ | ၁၆၂၁ | ၂၀၀ | |
| ၁၃ | ရေပူရပ်ကွက် | ၅၄၅၀ | ၃၄၆၃ | ၁၉၈၇ | ၁၄၈၆ | ၅၀၁ | |
| ၁၄ | သဒ္ဒတ်သျှိုကျေးရွာအုပ်စု | ၃၁၅၀ | ၂၁၆၅ | ၉၈၅ | ၇၁၅ | ၂၇၀ | |
| ၁၅ | လွယ်ငင်းကျေးရွာအုပ်စု | ၂၀၀ | ၁၂၄ | ၇၆ | ၇၆ | | |
| ၁၆ | ကျောက်တလုံးကျေးရွာအုပ်စု | ၆၀၀ | ၃၆၈ | ၂၃၂ | ၂၄၂ | | ၁၀ |
| ၁၇ | ကသဲကျေးရွာအုပ်စု | ၁၅၃၀၀ | ၉၄၉၅ | ၅၈၀၅ | ၄၄၅၂ | ၁၃၅၃ | |
| ၁၈ | ပင်သပြေကျေးရွာအုပ်စု | ၂၅၀ | ၁၆၄ | ၈၆ | ၈၆ | | |
| ၁၉ | ပြောင်းပြင်ကျေးရွာအုပ်စု | ၇၅၀ | ၄၇၄ | ၂၇၆ | ၂၇၆ | | |
| ၂၀ | ကျောက်ဆင်ကျေးရွာအုပ်စု | ၁၈၅၀ | ၁၂၂၀ | ၆၃၀ | ၃၈၀ | ၂၅၀ | |
| ၂၁ | ဘော့လုံးကြီးကျေးရွာအုပ်စု | ၂၅၅၀ | ၁၇၂၈ | ၈၂၂ | ၉၇၂ | | ၁၅၀ |
| ၂၂ | ကပိုင်ကျေးရွာအုပ်စု | ၂၄၅၀ | ၁၇၅၆ | ၆၉၄ | ၇၉၄ | | ၁၀၀ |
| ၂၃ | ရေအေးကျေးရွာအုပ်စု | ၂၈၅၀ | ၂၀၈၈ | ၇၆၂ | ၁၀၆၂ | | ၃၀၀ |
| ၂၄ | လောင်းစင်ကျေးရွာအုပ်စု | ၇၀၀ | ၄၁၆ | ၂၈၄ | ၂၃၄ | ၅၀ | |
| ၂၅ | ကင်းကျေးရွာအုပ်စု | ၂၂၀၀ | ၁၄၁၅ | ၇၈၅ | ၅၃၅ | ၂၅၀ | |
| ၂၆ | ရွှေညောင်ပင်ကျေးရွာအုပ်စု | ၃၂၅၀ | ၁၉၄၃ | ၁၃၀၇ | ၁၂၅၇ | ၅၀ | |
| ၂၇ | အုန်ဒန်ကျေးရွာအုပ်စု | ၉၀၀ | ၆၃၁ | ၂၆၉ | ၂၆၉ | | |
| ၂၈ | ကျပ်ပြင်ကျေးရွာအုပ်စု | ၂၂၇၀၀ | ၁၃၂၆၇ | ၉၄၃၃ | ၇၃၅၉ | ၂၀၇၄ | |
| ၂၉ | တောင်ဒွန်းကျေးရွာအုပ်စု | ၃၅၀ | ၁၂၇ | ၂၂၃ | ၁၇၃ | ၅၀ | |
| ၃၀ | ချောင်းကြီးကျေးရွာအုပ်စု | ၁၅၅၀ | ၉၀၄ | ၆၄၆ | ၅၄၆ | ၁၀၀ | |
| ၃၁ | လီရှောလယ်ဦးကျေးရွာအုပ်စု | ၂၃၀၀ | ၁၀၆၈ | ၁၂၃၂ | ၁၀၈၂ | ၁၅၀ | |
| ၃၂ | ဗမွန်ကျေးရွာအုပ်စု | ၁၃၅၀ | ၈၃၂ | ၅၁၈ | ၅၂၀ | | ၂ |
| ၃၃ | ဖြူရောင်ကျေးရွာအုပ်စု | ၇၀၀ | ၄၉၀ | ၂၁၀ | ၂၆၀ | | ၅၀ |
| ၃၄ | ရွာသာယာကျေးရွာအုပ်စု | ၂၀၅၀ | ၇၂၄ | ၁၃၂၆ | ၁၁၇၈ | ၁၄၈ | |
| ရပ်/ကျေးချုပ်စုစုပေါင်း | | ၁၅၅၆၅၀ | ၈၉၈၆၀ | ၆၅၇၉၀ | ၅၇၁၉၇ | ၉၂၃၉ | ၆၄၆ |
| မြို့နယ်ကြိုတင်မဲလက်မှတ် | | ၉၀၃ | ၈၃၀ | ၇၃ | | ၇၃ | |
| မြို့နယ်လက်ကျန်မဲလက်မှတ် | | ၇၃၀၀ | | ၇၃၀၀ | ၇၃၀၀ | | |
| မြို့နယ်ချုပ်စုစုပေါင်း | | ၁၆၃၈၅၃ | ၉၀၆၉၀ | ၇၃၁၆၃ | ၆၄၄၉၇ | ၉၃၁၂ | ၆၄၆ |

**ဝမ်းတွင်းမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်**

၁၄။ မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်တွင် ရပ်ကွက် ၇ ရပ်ကွက်၊ ကျေးရွာအုပ်စု ၆၈ အုပ်စု၊ မဲရုံပေါင်း ၃၁၈ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက် ၂၂၈၃၅၂ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၆၃၃၀၉၉၊ ကျန်ရှိရမည့်အရေအတွက်မှာ ၆၅၀၄၃ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၅၈၁၆၈ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများတွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၂၂၂၇၄၇ | ၁၆၂၇၀၄ | ၆၀၀၄၃ | ၅၀၂၄၃ | ၁၀၈၈၉ | ၁၀၈၉ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၆၀၅ | ၆၀၅ | | | | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၅၀၀၀ | | ၅၀၀၀ | ၇၉၂၅ | | ၂၉၂၅ |
| | စုစုပေါင်း | ၂၂၈၃၅၂ | ၁၆၃၃၀၉၉ | ၆၅၀၄၃ | ၅၈၁၆၈ | ၁၀၈၈၉ | ၄၀၁၄ |

၁၅။ မြေပြင်စစ်ဆေးတွေ့ရှိချက်အရ ဝမ်းတွင်းမြို့နယ်၊ ရပ်ကွက် ၇ ရပ်ကွက်၊ ကျေးရွာအုပ်စု ၆၈ အုပ်စု၊ မဲရုံပေါင်း ၃၁၈ ရုံတွင် မဲလက်မှတ်အရေအတွက် ၁၀၈၈၉ ပျောက်ဆုံးနေပြီး ၁၀၈၉ ပိုနေသည်ကို စိစစ်တွေ့ရှိရပါသည်။ မြို့နယ်ကြိုတင်မဲလက်မှတ် အရေအတွက် ၆၀၅ အသုံးပြုထားပြီး စောင်ရေ ၅၀၀၀ အား မြို့နယ်လက်ကျန်အဖြစ် ထိန်းသိမ်းထားရှိသည်ကို တွေ့ရှိရပါသည်။ မြို့နယ် မြေပြင်လက်ကျန် မဲလက်မှတ် အရေအတွက် ၇၉၂၅ စောင်အနက်မှ ၂၉၂၅ စောင်သည် ရပ်/ကျေးမှ မြို့နယ်သို့ ပြန်လည်အပ်နှံထားသော မဲလက်မှတ်များဖြစ်သည်ကို စစ်ဆေးတွေ့ရှိရပါသည်။

၁၆။ မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ ရပ်ကွက်/ ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | သဲတော(၁)ရပ်ကွက် | ၅ | ၃၈၀၀ | ၂၇၂၀ | ၁၀၈၀ | ၉၀၈ | ၁၇၂ | |
| ၂ | သဲတော(၂)ရပ်ကွက် | ၃ | ၂၁၄၉ | ၁၅၄၃ | ၆၀၆ | ၅၁၁ | ၉၅ | |
| ၃ | သဲတော(၃)ရပ်ကွက် | ၆ | ၄၅၅၀ | ၃၁၃၃ | ၁၄၁၇ | ၁၁၇၃ | ၂၄၄ | |
| ၄ | ရွာတန်းကျေးရွာအုပ်စု | ၉ | ၇၃၄၂ | ၅၇၅၁ | ၁၅၉၁ | ၁၃၄၅ | ၂၄၆ | |
| ၅ | ဖြင်ကြီးကျေးရွာအုပ်စု | ၃ | ၂၁၅၀ | ၁၅၂၆ | ၆၂၄ | ၅၇၅ | ၄၉ | |
| ၆ | ဒိုင်ကောင်းကုန်းကျေးရွာအုပ်စု | ၄ | ၃၄၅၀ | ၂၇၂၂ | ၇၂၈ | ၆၃၀ | ၉၈ | |
| ၇ | ကိုင်းကျေးရွာအုပ်စု | ၈ | ၅၀၀၆ | ၃၅၁၂ | ၁၄၉၄ | ၁၂၂၁ | ၂၇၃ | |
| ၈ | ဆင်ချီတိုင်ကျေးရွာအုပ်စု | ၃ | ၂၄၀၄ | ၁၇၄၅ | ၆၅၉ | ၄၆၀ | ၁၉၉ | |
| ၉ | ရာသချာကျေးရွာအုပ်စု | ၃ | ၁၂၄၈ | ၁၄၈၉ | -၂၄၁ | ၅၆၈ | | ၈၀၉ |
| ၁၀ | ရွှေတောင်ကျေးရွာအုပ်စု | ၄ | ၃၁၀၀ | ၂၂၂၀ | ၈၈၀ | ၇၆၈ | ၁၁၂ | |
| ၁၁ | သခွတ်မြင့်ကျေးရွာအုပ်စု | ၃ | ၂၅၅၀ | ၁၉၄၃ | ၆၀၇ | ၅၀၃ | ၁၀၄ | |
| ၁၂ | ညောင်ပင်ကျေးရွာအုပ်စု | ၂ | ၉၉၉ | ၆၃၆ | ၃၆၃ | ၃၀၄ | ၅၉ | |
| ၁၃ | ထန်းပင်ကုန်းကျေးရွာအုပ်စု | ၃ | ၂၃၉၈ | ၁၇၅၁ | ၆၄၇ | ၄၉၈ | ၁၄၉ | |
| ၁၄ | အင်္ကန်းကြီးကျေးရွာအုပ်စု | ၃ | ၂၁၀၀ | ၁၄၆၅ | ၆၃၅ | ၄၈၅ | ၁၅၀ | |
| ၁၅ | အင်္ကန်းကုန်းကျေးရွာအုပ်စု | ၂ | ၁၆၀၀ | ၁၀၈၀ | ၅၂၀ | ၃၇၀ | ၁၅၀ | |
| ၁၆ | သနပ်ခါးတောကျေးရွာအုပ်စု | ၆ | ၃၈၀၆ | ၂၈၉၆ | ၉၁၀ | ၆၅၅ | ၂၅၅ | |
| ၁၇ | သဃ်န်းဆွဲကျေးရွာအုပ်စု | ၅ | ၄၀၆၀ | ၃၀၈၇ | ၉၇၃ | ၇၂၁ | ၂၅၂ | |
| ၁၈ | ဘုရားဖြူကျေးရွာအုပ်စု | ၈ | ၅၉၉၉ | ၄၆၈၆ | ၁၃၁၃ | ၁၁၁၄ | ၁၉၉ | |
| ၁၉ | ဂုဏ်ရွာကျေးရွာအုပ်စု | ၄ | ၂၉၉၁ | ၂၃၃၂ | ၆၅၉ | ၆၁၀ | ၄၉ | |
| ၂၀ | ဆူးပန်းကျေးရွာအုပ်စု | ၇ | ၆၀၅၀ | ၄၃၄၂ | ၁၇၀၈ | ၉၆၀ | ၇၄၈ | |
| ၂၁ | ရိုးစုံကျေးရွာအုပ်စု | ၆ | ၄၆၅၂ | ၃၄၂၈ | ၁၂၂၄ | ၁၀၆၆ | ၁၅၈ | |
| ၂၂ | ကုန်းရွာကျေးရွာအုပ်စု | ၂ | ၁၆၀၀ | ၁၂၆၂ | ၃၃၈ | ၂၈၈ | ၅၀ | |
| ၂၃ | ညောင်အုပ်ဖီးကျေးရွာအုပ်စု | ၉ | ၆၇၅၆ | ၄၉၃၇ | ၁၈၁၉ | ၁၅၆၈ | ၂၅၁ | |
| ၂၄ | ရေတွင်းကျေးရွာအုပ်စု | ၄ | ၂၃၀၆ | ၁၇၀၃ | ၆၀၃ | ၄၄၇ | ၁၅၆ | |
| ၂၅ | ကြွယ်ကန်ကျေးရွာအုပ်စု | ၁ | ၁၄၀၀ | ၉၃၆ | ၄၆၄ | ၄၆၄ | | |
| ၂၆ | ရွှဲသီးကျေးရွာအုပ်စု | ၄ | ၂၄၉၆ | ၁၈၄၁ | ၆၅၅ | ၅၀၅ | ၁၅၀ | |
| ၂၇ | တမာကန်ကျေးရွာအုပ်စု | ၅ | ၃၉၀၄ | ၂၈၅၄ | ၁၀၅၀ | ၇၉၅ | ၂၅၅ | |
| ၂၈ | သဘွတ်ကုန်းကျေးရွာအုပ်စု | ၄ | ၃၁၀၄ | ၂၂၄၈ | ၈၅၆ | ၆၅၄ | ၂၀၂ | |
| ၂၉ | နတ်ကန်ကျေးရွာအုပ်စု | ၃ | ၂၁၅၂ | ၁၅၇၇ | ၅၇၅ | ၅၂၅ | ၅၀ | |
| ၃၀ | မြေတိုင်ကန်ကျေးရွာအုပ်စု | ၂ | ၁၄၀၀ | ၁၀၃၆ | ၃၆၄ | ၂၁၄ | ၁၅၀ | |
| ၃၁ | ညောင်ပင်သာကျေးရွာအုပ်စု | ၂ | ၁၃၀၀ | ၉၆၁ | ၃၃၉ | ၂၄၁ | ၉၈ | |
| ၃၂ | ခင်ကြီးကျေးရွာအုပ်စု | ၄ | ၃၅၀၄ | ၂၅၅၄ | ၉၅၀ | ၄၅၉ | ၄၉၁ | |
| ၃၃ | ခင်ဘန်းကျေးရွာအုပ်စု | ၁ | ၄၉၈ | ၃၇၅ | ၁၂၃ | ၁၂၃ | | |
| ၃၄ | ရေဆုံးကျေးရွာအုပ်စု | ၄ | ၂၄၄၈ | ၁၇၈၄ | ၆၆၄ | ၆၁၆ | ၄၈ | |
| ၃၅ | ဘုရားစုကျေးရွာအုပ်စု | ၁၁ | ၆၀၀၀ | ၅၁၁၁ | ၈၈၉ | ၅၉၁ | ၂၉၈ | |
| ၃၆ | ဝမ်းတွင်း(၁)ရပ်ကွက် | ၉ | ၆၆၄၉ | ၄၈၇၁ | ၁၇၇၈ | ၁၆၂၉ | ၁၄၉ | |
| ၃၇ | ဝမ်းတွင်း(၂)ရပ်ကွက် | ၈ | ၆၉၀၄ | ၅၀၄၂ | ၁၈၆၂ | ၁၇၆၂ | ၁၀၀ | |
| ၃၈ | ဝမ်းတွင်း(၃)ရပ်ကွက် | ၅ | ၄၆၀၀ | ၃၀၈၇ | ၁၅၁၃ | ၁၄၆၁ | ၅၂ | |
| ၃၉ | ပန်းကြိုင်ကျေးရွာအုပ်စု | ၂ | ၁၀၅၄ | ၇၇၀ | ၂၈၄ | ၂၃၄ | ၅၀ | |
| ၄၀ | သဖန်းကျေးရွာအုပ်စု | ၅ | ၃၃၅၂ | ၂၃၈၆ | ၉၆၆ | ၈၁၅ | ၁၅၁ | |

စာမျက်နှာ ၂၁ သို့ ❋

❋ စာမျက်နှာ ၂၀ မှ

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၄၁ | ဂျမ်းလုံကျေးရွာအုပ်စု | ၂ | ၁၄၀၀ | ၁၀၄၂ | ၃၅၈ | ၃၀၆ | ၅၂ | |
| ၄၂ | ရွှေဖလားကန်ကျေးရွာအုပ်စု | ၄ | ၂၄၅၂ | ၁၈၅၈ | ၅၉၄ | ၃၄၆ | ၂၄၈ | |
| ၄၃ | အိုမတွေ့ကျေးရွာအုပ်စု | ၅ | ၂၈၅၀ | ၂၀၂၅ | ၈၂၅ | ၆၆၂ | ၁၆၃ | |
| ၄၄ | အောင်ချမ်းသာကျေးရွာအုပ်စု | ၄ | ၂၄၅၂ | ၁၇၄၃ | ၇၀၉ | ၅၀၇ | ၂၀၂ | |
| ၄၅ | ကျောင်းကုန်းကျေးရွာအုပ်စု | ၅ | ၂၇၅၀ | ၂၀၅၇ | ၆၉၃ | ၄၇၄ | ၂၁၉ | |
| ၄၆ | တောင်ဆည်ကျေးရွာအုပ်စု | ၃ | ၂၁၅၀ | ၁၅၃၉ | ၆၁၁ | ၅၁၀ | ၁၀၁ | |
| ၄၇ | အင်းယင်းကျေးရွာအုပ်စု | ၂ | ၁၄၀၀ | ၁၀၅၀ | ၃၅၀ | ၃၀၀ | ၅၀ | |
| ၄၈ | မလွှပင်ကျေးရွာအုပ်စု | ၁ | ၆၅၀ | ၅၂၆ | ၁၂၄ | ၇၈ | ၄၆ | |
| ၄၉ | ဖလန်ကျင်းကျေးရွာအုပ်စု | ၃ | ၂၀၀၀ | ၁၂၃၈ | ၇၆၂ | ၅၁၁ | ၂၅၁ | |
| ၅၀ | ရှောက်တောကျေးရွာအုပ်စု | ၄ | ၂၆၀၀ | ၁၉၃၁ | ၆၆၉ | ၉၁၉ | | ၂၅၀ |
| ၅၁ | ဒါးလှကျေးရွာအုပ်စု | ၅ | ၂၄၅၄ | ၁၇၀၅ | ၇၄၉ | ၆၀၁ | ၁၄၈ | |
| ၅၂ | ဇဝင်းကျေးရွာအုပ်စု | ၄ | ၂၂၀၀ | ၁၇၇၉ | ၄၂၁ | ၃၂၁ | ၁၀၀ | |
| ၅၃ | နေပူကုန်းကျေးရွာအုပ်စု | ၁၀ | ၆၀၅၂ | ၄၂၉၁ | ၁၇၆၁ | ၁၂၅၉ | ၅၀၂ | |
| ၅၄ | ဖလန်ကန်ကျေးရွာအုပ်စု | ၁ | ၈၉၆ | ၆၇၆ | ၂၂၀ | ၂၂၀ | | |
| ၅၅ | လူးခင်းကျေးရွာအုပ်စု | ၅ | ၃၂၅၄ | ၂၂၅၀ | ၁၀၀၄ | ၇၃၃ | ၂၇၁ | |
| ၅၆ | ကုလားရွာကျေးရွာအုပ်စု | ၁ | ၃၅၀ | ၂၇၃ | ၇၇ | ၇၇ | | |
| ၅၇ | ဖိုကုန်းကျေးရွာအုပ်စု | ၄ | ၂၂၀၀ | ၁၄၃၄ | ၇၆၆ | ၇၄၇ | ၁၉ | |
| ၅၈ | သုံးဒေါင့်အိုင်ကျေးရွာအုပ်စု | ၄ | ၂၆၅၂ | ၁၈၂၀ | ၈၃၂ | ၇၈၂ | ၅၀ | |
| ၅၉ | တဲစုကျေးရွာအုပ်စု | ၇ | ၄၇၀၂ | ၂၈၁၆ | ၁၈၈၆ | ၁၅၂၃ | ၃၆၃ | |
| ၆၀ | ပင်းတလဲကျေးရွာအုပ်စု | ၉ | ၆၂၀၀ | ၄၁၀၀ | ၂၁၀၀ | ၁၈၂၅ | ၂၇၅ | |
| ၆၁ | အောင်သာကျေးရွာအုပ်စု | ၃ | ၁၆၀၀ | ၁၁၁၁ | ၄၈၉ | ၄၃၉ | ၅၀ | |
| ၆၂ | မြောက်ဆည်ကျေးရွာအုပ်စု | ၂ | ၁၆၅၀ | ၁၀၆၈ | ၅၈၂ | ၄၈၄ | ၉၈ | |
| ၆၃ | ကုက္ကိုခါးလှကျေးရွာအုပ်စု | ၆ | ၄၀၅၂ | ၂၆၆၅ | ၁၃၈၇ | ၁၂၈၆ | ၁၀၁ | |
| ၆၄ | ခါးတက္ကုန်းကျေးရွာအုပ်စု | ၁ | ၈၅၀ | ၅၅၄ | ၂၉၆ | ၂၉၆ | | |
| ၆၅ | ညောင်တိုကျေးရွာအုပ်စု | ၃ | ၂၁၀၀ | ၁၄၇၇ | ၆၂၃ | ၅၂၃ | ၁၀၀ | |
| ၆၆ | ဗဒင်းကျေးရွာအုပ်စု | ၁ | ၈၀၀ | ၅၄၂ | ၂၅၈ | ၂၅၈ | | |
| ၆၇ | ကုက္ကိုစုကျေးရွာအုပ်စု | ၃ | ၁၈၅၀ | ၁၂၄၇ | ၆၀၃ | ၅၀၃ | ၁၀၀ | |
| ၆၈ | ပဲခင်းကျော်ကျေးရွာအုပ်စု | ၆ | ၄၆၀၂ | ၃၃၇၁ | ၁၂၃၁ | ၁၀၄၁ | ၁၉၀ | |
| ၆၉ | ထီးလှိုင်ကျေးရွာအုပ်စု | ၇ | ၄၈၀၀ | ၃၇၈၅ | ၁၀၁၅ | ၉၅၉ | ၅၆ | |
| ၇၀ | လိန်ပင်ကျေးရွာအုပ်စု | ၈ | ၅၅၄၆ | ၄၄၄၅ | ၁၁၀၁ | ၈၅၂ | ၂၄၉ | |
| ၇၁ | ကုန်းကြီးကျေးရွာအုပ်စု | ၂ | ၁၃၄၉ | ၉၆၇ | ၃၈၂ | ၃၃၁ | ၅၁ | |
| ၇၂ | တောင်ဘိုကျေးရွာအုပ်စု | ၂ | ၁၆၅၂ | ၁၂၆၉ | ၃၈၃ | ၂၈၃ | ၁၀၀ | |
| ၇၃ | ခံတောကျေးရွာအုပ်စု | ၁ | ၈၅၀ | ၆၆၃ | ၁၈၇ | ၂၀၇ | | ၃၀ |
| ၇၄ | ပဲနံ့သာကျေးရွာအုပ်စု | ၃ | ၁၉၄၉ | ၁၄၆၅ | ၄၈၄ | ၄၁၅ | ၆၉ | |
| ၇၅ | ရွာဝေကျေးရွာအုပ်စု | ၅ | ၃၆၀၂ | ၂၅၈၀ | ၁၀၂၂ | ၈၁၉ | ၂၀၃ | |
| | ရပ်/ကျေးချုပ်စုစုပေါင်း | ၃၁၈ | ၂၂၂၇၄၇ | ၁၆၂၇၀၄ | ၆၀၀၄၃ | ၅၀၂၄၃ | ၁၀၈၈၉ | ၁၀၈၉ |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | | ၆၀၅ | ၆၀၅ | | | | |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | | ၅၀၀၀ | | ၅၀၀၀ | ၇၉၂၅ | | ၂၉၂၅ |
| | မြို့နယ်ချုပ်စုစုပေါင်း | ၃၁၈ | ၂၂၈၃၅၂ | ၁၆၃၃၀၉ | ၆၅၀၄၃ | ၅၈၁၆၈ | ၁၀၈၈၉ | ၄၀၁၄ |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ချက်

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ CRPH အမည်ခံ မတရားအသင်း၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် CRPH မတရားအသင်းနှင့် ၎င်းအသင်းနှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့် ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများ ဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများသာဖြစ်သဖြင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ တိမ်းရှောင်နေရသူများအနေဖြင့် အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရအရေးယူမှုမရှိဘဲ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံများရှိ A.G.T.I (၃)နှစ် ဒီပလိုမာသင်တန်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် တတိယနှစ်သင်တန်းများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် ဒုတိယနှစ်သင်တန်းများ စတင်ဖွင့်လှစ်မည်

**နေပြည်တော် မေ ၂၈**

ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံများရှိ A.G.T.I (၃)နှစ် ဒီပလိုမာသင်တန်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် တတိယနှစ်သင်တန်းများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် ဒုတိယနှစ်သင်တန်းများအား ၅-၅-၂၀၂၁ ရက်နေ့မှ စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၌ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ဖွင့်လှစ်ခဲ့သည့် နောက်ဆုံးနှစ်သင်တန်းများနှင့် မဟာဘွဲ့(ရေးဖြေ) သင်တန်းများ စတင်ဖွင့်လှစ်မည်

**နေပြည်တော် မေ ၂၈**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၌ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ဖွင့်လှစ်ခဲ့သည့် နောက်ဆုံးနှစ်သင်တန်းများနှင့် မဟာဘွဲ့(ရေးဖြေ) သင်တန်းများအား ၅-၅-၂၀၂၁ ရက်နေ့မှ စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မုံရွာမြို့နယ်အတွင်း ဆူပူဆန္ဒပြမှုများ၊ အကြမ်းဖက်မှုများဆောင်ရွက်ရာတွင် ဦးဆောင်ပါဝင်ခဲ့သည့် တရားခံ ဝေမိုးနိုင်ကို ဖမ်းဆီးအရေးယူ

**နေပြည်တော် မေ ၂၈**
မုံရွာမြို့နယ်အတွင်း ဆူပူဆန္ဒပြမှုများနှင့် အကြမ်းဖက်မှုများတွင် ဦးဆောင်ပါဝင်သည့် မုံရွာတက္ကသိုလ်ကျောင်းသားများသမဂ္ဂဥက္ကဋ္ဌဟောင်း ဝေမိုးနိုင်ကို မေ ၁၅ ရက်တွင် မုံရွာမြို့ ဘုန်းစိုးရပ်ကွက်အတွင်း ဆူပူဆန္ဒပြနေစဉ် ဖမ်းဆီးရမိခဲ့ပြီး ၎င်းနှင့် ဆက်စပ်တရားခံများအား ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တရားခံ ဝေမိုးနိုင်သည် အစိုးရ၏ အုပ်ချုပ်မှုယန္တရားရပ်တန့်စေရန်၊ တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်၍ ဖေဖော်ဝါရီ ၆ ရက်တွင် မုံရွာလူထု သပိတ်တိုက်ပွဲဦးဆောင်ကော်မတီကို ၎င်းအပါအဝင် ၁၃ ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး မေ ၁၅ ရက်အထိ ၆၈ ရက်တိုင်တိုင် မုံရွာမြို့နယ်အတွင်း နေရာအနှံ့ အပြား၌ သပိတ်ပုံစံအမျိုးမျိုးဖြင့် ဆူပူဆန္ဒပြခြင်း၊ နိုင်ငံ့ဝန်ထမ်းများအား CDM လှုပ်ရှားမှုပြုလုပ်ရန် ဖိအားပေးအကျပ်ကိုင်ခြင်း၊ CDM မပြုလုပ်သည့်ဝန်ထမ်းများကို ပြစ်မှုကျူးလွန်လာစေရန် လှုံ့ဆော်ခြင်း၊ Social Punishment ပြုလုပ်ခြင်းများ အကြိမ်ကြိမ်ဆောင်ရွက်ခဲ့သူဖြစ်သည်။

ထို့ပြင် ဝေမိုးနိုင်သည် နိုင်ငံတော်အစိုးရမှ မတရားအသင်းကြေညာထားသည့် CRPH နှင့်ဆက်သွယ်ခြင်း၊ ဖမ်းဝရမ်းထုတ်ပြန်ထားရှိသော လွင်ကိုလတ်၊ ဇင်မာအောင်တို့၏ ညွှန်ကြားချက်အရ မုံရွာမြို့နယ်ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့ကို NLD ပါတီမှ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)ကိုယ်စားလှယ်ဟောင်း ဒေါ်အမာကြည် အပါအဝင် ကိုးဦးဖြင့် ဦးဆောင်ဖွဲ့စည်းပေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များကို တုံ့ပြန်တိုက်ခိုက်နိုင်စေရန်နှင့် ဆူပူအကြမ်းဖက်မှုများ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ မတ် ၄ ရက်တွင် Defence Team အဖွဲ့အား အောင်ကျော်(မုံရွာစီးပွားရေးတက္ကသိုလ်ကျောင်းသားများသမဂ္ဂအဖွဲ့ဝင်ဟောင်း)နှင့် ခန့်ဝေဖြိုး (မုံရွာစီးပွားရေး တက္ကသိုလ်ကျောင်းသားများ သမဂ္ဂအဖွဲ့ဝင်ဟောင်း) တို့ဦးဆောင်၍ အဖွဲ့ဝင်အင်အား ၁၅၀ ခန့်ဖြင့် ဖွဲ့စည်းပေးခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

အဆိုပါ Defence Team ရန်ပုံငွေရရှိရေးအတွက် facebook လူမှုကွန်ရက်စာမျက်နှာတွင် **"မုံရွာလူထုသပိတ်တိုက်ပွဲ ဦးဆောင်ကော်မတီ"** Page မှ ခုခံကာကွယ်ရေးလုပ်ငန်းအတွက် အလှူငွေကောက်ခံခဲ့ရာ ဂျပန်နိုင်ငံရောက် မြန်မာများက ငွေကျပ် သိန်း ၅၀၊ ကိုရီးယားနိုင်ငံရောက် မြန်မာများက ငွေကျပ် ၁၀ သိန်း၊ ပြည်တွင်းရှိ စုပေါင်းအလှူရှင်များက KBZ pay နှင့် Wave Pay တို့မှတစ်ဆင့် လှူဒါန်းငွေကျပ် သိန်း ၂၅၀ ခန့် စုစုပေါင်း ငွေကျပ်သိန်း ၃၁၀ ခန့် ကောက်ခံရရှိခဲ့ပြီး အလှူရှင်များထံမှ ကောက်ခံရရှိသည့်ငွေများကို မေသန့်ဇင်(ဘဏ္ဍာရေးမှူး)နှင့် အောင်ကျော် (မုံရွာမြို့နယ် Defence Team ခေါင်းဆောင်)တို့က တာဝန်ယူဆောင်ရွက်ခဲ့သည်။


ယင်းငွေများဖြင့် မုံရွာမြို့တွင်း ပစ်ခတ်ဖောက်ခွဲနေသော အသံမိုင်း၊ လက်လုပ်ဗုံး၊ ဂက်စ်သေနတ်နှင့် လေသေနတ်များကို အောင်ကျော်က ဒီပဲယင်း မြို့နယ်တွင် နေထိုင်သူ ခင်ဇော်(မုံရွာမြို့၊ နည်းပညာတက္ကသိုလ် တကသ အတွင်းရေးမှူးဟောင်း)နှင့် ချိတ်ဆက်၍ မင်းကင်းမြို့နယ် လောင်းပြည့်ကျေးရွာတွင် ကိုထူး (ခ) ကိုအောင် (ရန်ကုန်မြို့တွင် နေထိုင်သူ)မှ လာရောက်ပြုလုပ်သင်ကြားပေးသည်ဟု သိရှိရသည်။

ပြုလုပ်ပြီးသည့် လက်နက် ၄၀၊ အသံမိုင်းနှင့် လက်လုပ်ဗုံး ၅၀ တို့ကို မုံရွာမြို့ ဘုန်းစိုးရပ်ကွက် မေတ္တာဦးဆေးရုံ အနောက်ဘက်လမ်းရှိ ဦးကံဆွေ၏ နေအိမ်တွင် သိုလှောင်ထားရှိပြီး Defence Team အဖွဲ့ဝင်များအနေဖြင့် ၎င်းဂက်စ် သေနတ်၊ လေသေနတ်များ၊ အသံမိုင်းနှင့် လက်လုပ်ဗုံးကို လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ထိပ်တိုက်တွေ့ရှိစဉ် ပစ်ခတ်တိုက်ခိုက်ရာတွင် အသုံးပြုခဲ့ကြောင်း သိရသည်။

မတရားအသင်းအဖြစ်သတ်မှတ်ကြေညာထားသည့် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားပြုကော်မတီ(CRSH)ဥက္ကဋ္ဌဖြစ်သည့် ဦးမြင့်ထွေး (စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်၊ တိုင်း(၂)လွှတ်တော်ကိုယ်စားလှယ်ဟောင်း)၏ ဦးဆောင်မှုဖြင့် ဝေမိုးနိုင် ဦးဆောင်ဖွဲ့စည်းပေးခဲ့သည့် Defence Team မှ အဖွဲ့ဝင်များသည် အများပြည်သူ အထိတ်တလန့်ဖြစ်စေရန်နှင့် တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန် မုံရွာမြို့ မြန်မာ့စီးပွားရေးဘဏ်ရှေ့၊ နာရီစင်ရှေ့၊ မြို့တော်ခန်းမ ရှေ့နှင့် မုံရွာတက္ကသိုလ်ရှေ့တို့တွင် ဒေသန္တရလက်လုပ်ဗုံးများဖြင့် ဖောက်ခွဲခြင်း၊ မတ် ၂၆ ရက်တွင် မုံရွာမြို့မှ ရဲတပ်ဖွဲ့ဝင် နှစ်ဦးကို ဆားကျင်းသုသာန်အနီး၌ လူမဆန်စွာ ညှဉ်းပန်းနှိပ်စက် သတ်ဖြတ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

ထို့ပြင် ဝေမိုးနိုင်သည် ဦးမြင့်ထွေးနှင့်ဆက်သွယ်၍ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၃၇ မြို့နယ်တွင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့(ပကဖ)များ ဖွဲ့စည်းရန်၊ တစ်မြို့နယ်လျှင် ငါးဦးစီဖြင့် စစ်အခြေခံသင်တန်းတက်ရောက်နိုင်ရေး မြောက်ပိုင်းလက်နက်ကိုင်အဖွဲ့များနှင့် ချိတ်ဆက်ထားရှိရန်နှင့် သင်တန်းပြီးဆုံးပါက တိုက်ခိုက်ရေးနှင့် ဖောက်ခွဲရေးလုပ်ငန်းများကို ဟန်ချက်ညီညီ ပြုလုပ်ဆောင်ရွက်နိုင်ရန် ဆွေးနွေးပြောကြားခဲ့ပြီးနောက် ဧပြီလအတွင်း၌ ပြည့်ဖြိုးကျော် (မုံရွာနည်းပညာတက္ကသိုလ် ကျောင်းသားများသမဂ္ဂအဖွဲ့ဝင်ဟောင်း) အပါအဝင် လူ ၃၀ အား KIA လက်နက်ကိုင်အဖွဲ့ထံသို့လည်းကောင်း၊ ထင်ရှားပြည့်လျှံ အပါအဝင် ၁၅ ဦးအား KNU တပ်မဟာ(၅)နယ်မြေသို့လည်းကောင်း ပို့ဆောင်စေလွှတ်ခြင်းဖြင့် တည်ဆဲအစိုးရအပေါ် ပုန်ကန်ထကြွနိုင်စေရေး ပါဝင်ဆောင်ရွက်ခဲ့သည်။

**စာမျက်နှာ ၂၃ သို့ ☆**



✰ စာမျက်နှာ ၂၂ မှ

သို့ဖြစ်၍ ဆူပူအကြမ်းဖက်မှုများတွင် ဦးဆောင်ပါဝင်ခဲ့သည့် တရားခံ ဝေမိုးနိုင်ကို ဆူပူအကြမ်းဖက်လှုပ်ရှားမှုများနှင့် ပတ်သက်၍ ဖေဖော်ဝါရီလနှင့် မတ်လအတွင်း မုံရွာမြို့နယ် မြို့မရဲစခန်း၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာဥပဒေပုဒ်မ ၂၅၊ ရာဇသတ်ကြီး ဥပဒေပုဒ်မ ၁၁၄၊ ၃၀၂၊ ၃၂၅၊ ၃၄၂၊ ၃၉၅၊ ၅၀၅-က တို့ဖြင့် အမှုဖွင့်လှစ်ထားရှိခဲ့ပြီး ဝေမိုးနိုင်၏ ထွက်ဆိုချက်များအရ ရာဇသတ်ကြီး ဥပဒေပုဒ်မ ၁၇(၁)၊ ၁၂၄ နှင့် ၅၁၁ တို့ဖြင့် ထိရောက်စွာ ဆက်လက်အမှုဖွင့်အရေးယူနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပြီး ဆူပူအကြမ်းဖက်မှုများတွင် ပါဝင်သည့် ဖော်ပြပါ ဆက်စပ်တရားခံ ၂၃ ဦးကို ဆက်လက်အမှုဖွင့်ဖမ်းဆီးနိုင်ရေးဆောင်ရွက်သွားမည်ဖြစ်သည်။

**(က) မုံရွာလူထုသပိတ်တိုက်ပွဲ ဦးဆောင်ကော်မတီတွင် ပါဝင်သူများ**

(၁) ခန့်ဝေဖြိုး (မုံရွာစီးပွားရေးတက္ကသိုလ်ကျောင်းသားသမဂ္ဂဟောင်း၊ မုံရွာလူထုသပိတ်တိုက်ပွဲ ဒုတိယဦးဆောင်သူ)။
(၂) သန်းကျော်ဦး(မုံရွာတက္ကသိုလ်လက်ရှိကျောင်းသားများ သမဂ္ဂဥက္ကဋ္ဌ)။
(၃) ဟိန်းဇော်ဝင်း(မုံရွာ ဗကသဟောင်း)။
(၄) နွေဦးကို(မုံရွာ ဗကသဟောင်း)။
(၅) ဦးခင်မောင်စိုး (နိုင်ငံရေးအကျဉ်းသားဟောင်းနှင့် မျိုးဆက်သစ်အင်အားစုများအဖွဲ့)။
(၆) ဦးစိုးဝင်းဆွေ (ဒီမိုကရေစီလိုလားသူများ ကွန်ရက်ဥက္ကဋ္ဌ)။
(၇) ဦးအောင်နေမျိုး (အရပ်ဘက်အဖွဲ့အစည်းများကိုယ်စားပြုကော်မတီ)။
(၈) အောင်ကျော် (မုံရွာစီးပွားရေးတက္ကသိုလ် တကာသဟောင်း)
(၉) ဒေါ်နု(၈၈ မျိုးဆက် ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း)။
(၁၀) မေသန့်ဇင်(မုံရွာတက္ကသိုလ်ကျောင်းသားများသမဂ္ဂဘဏ္ဍာရေးမှူး)။

**(ခ) မုံရွာမြို့နယ် ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့တွင် ပါဝင်သူများ**

(၁၁) ဒေါ်အမာကြည် (မုံရွာမြို့နယ်၊ အမှတ်(၁)မဲဆန္ဒနယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဟောင်း)။
(၁၂) ဒေါ်အောင်ကြည်(မုံရွာမြို့နယ်၊ အမှတ်(၂)မဲဆန္ဒနယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဟောင်း)။
(၁၃) ဦးသန်းအေး (ဆရာကြီး သခင်ကိုယ်တော်မှိုင်း ငြိမ်းချမ်းရေးကွန်ရက်)။
(၁၄) ဦးညီပု (နိုင်ငံရေးအကျဉ်းသားဟောင်းများ အဖွဲ့နယက)
(၁၅) ဦးသော်တာ (ရာသက်ပန်လူမှုကူညီရေးအသင်း)။
(၁၆) ဦးညွန့်အောင်(၂၀၁၇-၂၀၂၀ NLD ပါတီ မုံရွာမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဟောင်း)။
(၁၇) ဦးချန်စိန်(မုံရွာမြို့နယ် NLD ပါတီ နာယက)။
(၁၈) ဒေါ်မီမီခိုင်(အထက်တန်းပြဆရာမ)။

**(ဂ) Defence Team ခေါင်းဆောင်များ**

(၁၉) ခန့်ဝေဖြိုး (မုံရွာစီးပွားရေးတက္ကသိုလ်ကျောင်းသားသမဂ္ဂဟောင်း၊ မုံရွာလူထုသပိတ်တိုက်ပွဲ ဒုတိယဦးဆောင်သူ)။

**(ဃ) ဒေသန္တရလက်လုပ်ဗုံးများပြုလုပ်မှုနှင့်ပတ်သက်၍ ဆက်နွယ်သူများ**

(၂၀) ဦးမြင့်ထွေး(စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်၊ တိုင်း(၂)လွှတ်တော်ကိုယ်စားလှယ်ဟောင်း)
(၂၁) ခင်ဇော် (မုံရွာနည်းပညာတက္ကသိုလ် တသကအတွင်းရေးမှူးဟောင်း)။
(၂၂) ကိုထူး(ခ)ကိုအောင်(ရန်ကုန်မြို့တွင် နေထိုင်သူ)။
(၂၃) ဦးကံဆွေ(မုံရွာမြို့၊ ဘုန်းစိုးရပ်ကွက်)

မိဘပြည်သူများအနေဖြင့် အဆိုပါ တရားခံများကို ဝိုင်းဝန်းဖမ်းဆီးပေးနိုင်ပါရန်နှင့် တွေ့ရှိပါက နီးစပ်ရာ နယ်မြေခံတပ်၊ ရဲစခန်းများသို့ အကြောင်းကြားပေးနိုင်ပါရန်၊ လက်ခံထားသူများကိုလည်း ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**


# ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ရပ်/ကျေးဥက္ကဋ္ဌ နေအိမ်နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးနေအိမ်တို့ကို ဆူပူအကြမ်းဖက်သူများက အကြမ်းဖက်တိုက်ခိုက်

**နေပြည်တော် မေ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီရပ်/ကျေးဥက္ကဋ္ဌ၏ နေအိမ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့ မြို့ကုန်းရပ်ကွက် အုပ်ချုပ်ရေးမှူး နေအိမ်တို့ကို ဆူပူအကြမ်းဖက်သူများက အကြမ်းဖက်တိုက်ခိုက်ခဲ့ကြကြောင်း သိရသည်။

ကလေးမြို့၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ရပ်/ကျေးဥက္ကဋ္ဌ၏ နေအိမ်အား ဆူပူအကြမ်းဖက်သူများက အကြမ်းဖက်တိုက်ခိုက်(**ဃာပုံ**)ခဲ့ရာ အမျိုးသမီးတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂၆ ရက် ည ၈ နာရီခွဲတွင် ကလေးမြို့နယ် တင်သားကျေးရွာနေ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ရပ်/ကျေးဥက္ကဋ္ဌဖြစ်သူ ဦးအောင်မောင်း (ဘ) ဦးအောင်မော်၏ နေအိမ်ကို ဆူပူအကြမ်းဖက်သူအင်အား ၂၀၀ ခန့်က ဆူပူအော်ဟစ် ရောက်ရှိလာပြီး ခဲ၊ လေးခွ၊ တူမီးသေနတ်များဖြင့် အကြမ်းဖက်ရန်ပြုပစ်ခတ်ခဲ့သဖြင့် နေအိမ်အတွင်းရှိနေသူ ဦးအောင်မောင်း၏ တူမဖြစ်သူ မညိုမေ (ဘ) ဦးသာအောင် သေဆုံးသွားခဲ့ကြောင်းသတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အကြမ်းဖက်သူများ၏ အကြမ်းဖက်ရန်ပြုပစ်ခတ်မှုများကြောင့် မညိုမေတွင် ဦးခေါင်း သေနတ်ထိမှန်ဒဏ်ရာဖြင့် သေဆုံးနေသည်ကို တွေ့ရှိရပြီး ဦးအောင်မောင်း၏ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းနှစ်ထပ်အိမ်၊ ဆိုင်ကယ်နှစ်စီးနှင့် ရေမော်တာတစ်လုံးတို့ ဖျက်ဆီးခံထားရပြီး နေအိမ်အောက်ထပ်၌ အကြမ်းဖက်သူများ ပစ်ခတ်တိုက်ခိုက်ရာတွင် မပေါက်ကွဲဘဲကျန်ရှိသည့် လက်လုပ်မိုင်းတစ်လုံးနှင့် ၁၂ ဗို့ ကျည်ခွံနှစ်ခုတို့ကို သိမ်းဆည်းရရှိကာ ဦးအောင်မောင်းပါ မိသားစု



လေးဦးအား ထိခိုက်ဒဏ်ရာအနည်းငယ်ရရှိထားသည်ကို တွေ့ရှိခဲ့ရသည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်မှုလုပ်ရပ်တွင် ပူးပေါင်းပါဝင်ပတ်သက်သူများကို ဥပဒေနှင့်အညီ အရေးယူနိုင်ရေး စုံစမ်းဖော်ထုတ်ခဲ့ရာ ၎င်းဖြစ်စဉ်တွင် ပါဝင်ပတ်သက် ကျူးလွန်ခဲ့သူ ခင်မောင်ထူး (ဘ) ဦးသန်းရွှေကို ဖမ်းဆီးရမိခဲ့ပြီး ဦးအောင်မောင်းပါ မိသားစုဝင် လေးဦးကို ၎င်းတို့၏ လုံခြုံရေးအတွက် နယ်မြေခံတပ်၌ စောင့်ရှောက်ထားရှိပြီး ကျန်ရှိသည့် ပြစ်မှုကျူးလွန်သူများကို ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

အလားတူ မေ ၂၇ ရက် ညပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့ မြို့ကုန်းရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးထွန်းပေါ်(ဘ)ဦးသာအေးနှင့် ဦးဟိန်းဇော်ဦး(ဘ)ဦးသိန်းရွှေတို့ နှစ်ဦးသည် နေအိမ်၌ရှိစဉ် လင်းနိုင်ထွန်း၊ ထွန်းအေးနှင့် ဝင်းနိုင်တို့ သုံးဦးရောက်ရှိလာပြီး စကားပြောဆိုရန်ရှိသည်ဟုဆိုကာ အိမ်အပြင်ခေါ်ဆိုပြီး စကားများကြရာမှ လင်းနိုင်ထွန်းက အသင့်ပါလာသည့် လက်နက်ငယ်ဖြင့် ပစ်ခတ်ခဲ့သဖြင့် ဦးထွန်းပေါ်နှင့် ဦးဟိန်းဇော်ဦးတို့တွင် ကျည်ထိမှန်ဒဏ်ရာများရရှိခဲ့ပြီး လင်းနိုင်ထွန်းတို့ သုံးဦးမှာ ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

အဆိုပါ လက်နက်ငယ်ကျည်ထိမှန် ဒဏ်ရာရရှိသူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေခံတပ်မတော်ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေရာ ဦးဟိန်းဇော်ဦးမှာ ရရှိဒဏ်ရာများဖြင့် သေဆုံးခဲ့သည်။

လက်နက်ငယ်ဖြင့် ပစ်ခတ်ထွက်ပြေးသွားသူများ၏ နေအိမ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက သွားရောက်ရှာဖွေရာ လင်းနိုင်ထွန်းနှင့် ဝင်းနိုင်တို့ နှစ်ဦးမှာ ထွက်ပြေးတိမ်းရှောင်လျက်ရှိပြီး လင်းနိုင်ထွန်း၏ နေအိမ်မှ UEC တံဆိပ်တုံး တစ်ခု၊ ဆန္ဒမဲစာရင်းပုံစံ(၁၆) နှင့် ကန့်ကွက်လွှာပုံစံ (၄)စာရွက်စာတမ်းများ၊ NLD တံဆိပ်ပါ ရုပ်အင်္ကျီများနှင့် ဦးထုပ်များကို သိမ်းဆည်းရမိခဲ့ပြီး ထွန်းအေး (ဘ)ဦးရှင်လာအား ၎င်း၏နေအိမ်၌ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိသူအား ဖယ်ခုံမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပြီး ထွက်ပြေးတိမ်းရှောင်နေသည့် တရားခံများအား ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်သူများက နိုင်ငံတော်ပိုင်အဆောက်အအုံများ၊ အများပြည်သူပိုင် အဆောက်အအုံများကို မီးရှို့ဖျက်ဆီး

**နေပြည်တော် မေ ၂၈**

မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်သူများအနေဖြင့် နိုင်ငံတော်ပိုင် အဆောက်အအုံများ၊ အများပြည်သူပိုင် အဆောက်အအုံများကို မီးရှို့ဖျက်ဆီးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။



ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ ရပ်ကွက်စီမံအုပ်ချုပ်ရေးရုံး မီးလောင်မှုမှတ်တမ်း။

ထိုသို့လုပ်ဆောင်ရာတွင် မေ ၂၇ ရက် ညနေ ၆ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ် ကွန်းတောင်ကျေးရွာရှိ ခေတ္တရပ်သိမ်းထားသည့် လုံခြုံရေးရဲကင်းစခန်းကို လက်နက်များ ကိုင်ဆောင်ထားသည့် ဆူပူအကြမ်းဖက်သူအင်အား (စိစစ်ဆဲ) မှ ဖျက်ဆီးနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ ဆူပူအကြမ်းဖက်သူများမှာ ကျေးရွာမြောက်ဘက်တောအတွင်းသို့ ထွက်ပြေးသွားသည်ကို တွေ့ရှိရပြီး ရဲကင်းစခန်း ဆိုင်းဘုတ်နှင့် ရဲကင်းစခန်းရုံးရှေ့ရှိ ခုံတန်းရှည်တို့ကို ရိုက်ချိုးဖျက်ဆီးသွားသည်ကို တွေ့ရှိရကြောင်း။

အလားတူ မေ ၂၈ ရက် နံနက် ၁ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ် အမှတ် (၈၉)ရပ်ကွက် ကွမ်အင်မင်းသားကြီးလမ်းရှိ ရပ်ကွက်စီမံအုပ်ချုပ်ရေး အဖွဲ့ရုံးကို အကြမ်းဖက်သူ(စိစစ်ဆဲ)က မီးရှို့ခဲ့သဖြင့် မီးလောင်နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်မီးငြိမ်းသတ်ခဲ့ရာ ၁၅ မိနစ်ခန့်အကြာတွင် မီးငြိမ်းသွားခဲ့ပြီး မီးလောင်မှုကြောင့် အဆိုပါ ရုံးအတွင်းရှိ ပြတင်းတံခါးတစ်ချပ်၊ လျှပ်စစ်မီတာ တစ်လုံး၊ TV တစ်လုံးတို့ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

အထက်ပါ ဖြစ်စဉ်များမှ ကျူးလွန်သူများအား စုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီ အရေးယူသွားနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ဆူပူအကြမ်းဖက်မှုများတွင် ပါဝင်သည့် ပြစ်မှုကျူးလွန်သူများကို သက်ဆိုင်ရာတရားရုံးအသီးသီးက ပြစ်ဒဏ်များချမှတ်

**နေပြည်တော် မေ ၂၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူများ လုံခြုံအေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် တရားဥပဒေစိုးမိုးရေးကို ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် နိုင်ငံတော်က ထုတ်ပြန်ထားသည့် အမိန့်နှင့် ညွှန်ကြားချက်များကို ဖောက်ဖျက်ကျူးလွန်ကြသူများကိုလည်း စုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီ ထိုက်သင့်သော ပြစ်ဒဏ်များ ချမှတ်ခဲ့ကြောင်း သိရသည်။

**ပြစ်ဒဏ်များ အသီးသီးချမှတ်**

ယင်းသို့ ပြစ်ဒဏ်များချမှတ်ရာ၌ ရာဇသတ်ကြီးပုဒ်မ (၁၈၈) အရ **ကယားပြည်နယ်အတွင်း** လွိုင်ကော်မြို့နယ်တရားရုံးမှ တရားခံ လေးဦး၊ **စစ်ကိုင်းတိုင်းဒေသကြီးအတွင်း** စစ်ကိုင်းမြို့နယ်တရားရုံးမှ တရားခံ ၁၆ ဦး၊ မြောင်မြို့နယ်တရားရုံးမှ တရားခံ လေးဦးနှင့် ရွှေဘိုမြို့နယ်တရားရုံးမှ တရားခံ ကိုးဦး၊ **တနင်္သာရီတိုင်းဒေသကြီးအတွင်း** ထားဝယ်မြို့နယ် တရားရုံးမှ တရားခံ ၃၇ ဦး၊ သရက်ချောင်းမြို့နယ်တရားရုံးမှ တရားခံ နှစ်ဦး၊ ရေဖြူမြို့နယ် တရားရုံးမှ တရားခံ သုံးဦး၊ မြိတ်မြို့နယ် တရားရုံးမှ တရားခံ ၇၉ ဦး၊ ပုလောမြို့နယ်တရားရုံးမှ တရားခံ နှစ်ဦး၊ ကော့သောင်းမြို့နယ်တရားရုံးမှ တရားခံ ၄၂ ဦးနှင့် ဘုတ်ပြင်းမြို့နယ် တရားရုံးမှ တရားခံ ငါးဦးတို့ကို ပြစ်ဒဏ်များ အသီးသီးချမှတ်ခဲ့သည်။

**ကယားပြည်နယ်** လွိုင်ကော်မြို့နယ် တရားရုံးအနေဖြင့် တရားခံ ပြည့်စုံအောင် (ခ) ပြည့်စုံ၊ ကျော်ဖြိုးဝေ (ခ)အလီ၊ ကျော်ခိုင်ငြိမ်း (ခ) ပေါက်စီနှင့် မာဂရီးတာတို့ကို **ရာဇသတ်ကြီး ပုဒ်မ (၁၈၈) အရ အလုပ်မဲ့ ထောင်ဒဏ်တစ်လစီ** ကျခံရန် အမိန့်ချမှတ်ခဲ့သည်။

**စစ်ကိုင်းတိုင်းဒေသကြီး** စစ်ကိုင်းမြို့နယ်တရားရုံးက မတ် ၆ ရက် ညပိုင်းတွင် စစ်ကိုင်းမြို့ ဇေယျာရပ်ကွက်လမ်းဆုံတွင် အကြောင်းမဲ့ရောက်ရှိနေပြီး ညမထွက်ရအမိန့်အား ဖောက်ဖျက်ကျူးလွန်သူ တရားခံ သူရ ပါ လေးဦး၊ မတ် ၁၂ ရက် ညပိုင်းတွင် တကောင်းရပ်ကွက် လမ်းမပေါ်တွင် အကြောင်းမဲ့ရောက်ရှိနေပြီး ညမထွက်ရအမိန့်အား ဖောက်ဖျက်ကျူးလွန်သူ တရားခံ တင်အောင်စိုး ပါ နှစ်ဦး၊ အလားတူ မရှိခဏဘုရားလမ်းမပေါ်တွင် အကြောင်းမဲ့ရောက်ရှိနေပြီး ညမထွက်ရအမိန့်အား ဖောက်ဖျက်ကျူးလွန်သူ တရားခံ ရဲနောင်စိုး (ခ) ကိုနောင် ပါ လေးဦး၊ မတ် ၂၁ ရက် ညပိုင်းတွင် ထူပါရုံလမ်းတွင် အကြောင်းမဲ့ရောက်ရှိနေပြီး ညမထွက်ရအမိန့်အား ဖောက်ဖျက်ကျူးလွန်သူ တရားခံ ကျော်ဇင်ခန့်၊ မတ် ၂၀ ရက် ညပိုင်းတွင် ပြည်တော်သာကျေးရွာ လမ်းမပေါ်တွင် အကြောင်းမဲ့ရောက်ရှိနေပြီး ညမထွက်ရအမိန့်အား ဖောက်ဖျက်ကျူးလွန်သူ တရားခံ ငပိန်၊ အလားတူ ညောင်ပင်ဝန်းကျေးရွာ လမ်းမပေါ်တွင် အကြောင်းမဲ့ရောက်ရှိနေပြီး ညမထွက်ရအမိန့်အား ဖောက်ဖျက်ကျူးလွန်သူ တရားခံ စံလွင်၊ မတ် ၂၃ ရက် ညပိုင်းတွင် ဘုရားဖြူဘုရားအနီးတွင် ဆိုင်ကယ်ဖြင့် အကြောင်းမဲ့ရောက်ရှိနေပြီး ညမထွက်ရအမိန့်အား ဖောက်ဖျက်ကျူးလွန်သူ တရားခံ မိုးသူနှင့် ဖိုးဇော်၊ မတ် ၂၉ ရက် ညပိုင်းတွင် နန္ဒဝန်ရပ်ကွက်အတွင်း အကြောင်းမဲ့ရောက်ရှိနေပြီး ညမထွက်ရအမိန့်အား ဖောက်ဖျက်ကျူးလွန်သူ တရားခံ မင်းဇော်တို့ကို **ရာဇသတ်ကြီး ပုဒ်မ ၁၈၈ (ဒု) အရ အလုပ်နှင့် ထောင်ဒဏ် သုံးလစီ** ကျခံရန် အမိန့်ချမှတ်ခဲ့သည်။

ထို့အတူ မြောင်မြို့နယ်တရားရုံးက မတ် ၁၉ ရက် ညပိုင်းတွင် မြောင်မြို့နယ် ရွှေဂူနီဘုရားအနီးလမ်းကြားမှ လုံခြုံရေးယာဉ်တန်းအား ခဲများဖြင့်ပစ်ပေါက်ပြီး ညမထွက်ရအမိန့်အား ဖောက်ဖျက်ကျူးလွန်ရာ၌ ပါဝင်သူ တရားခံ စံလင်းနှင့် နန်းစိုးအောင်၊ မတ် ၂၆ ရက် ညပိုင်းတွင် မြို့သစ်ရပ်ကွက်အတွင်း လူ ၅၀ ခန့်က ဆူပူဆန္ဒပြ၍ ညမထွက်ရအမိန့်အား ဖောက်ဖျက်ကျူးလွန်ရာ၌ ပါဝင်သူ တရားခံ နောင်ရဲဇော်နှင့် ဝင်းမြင့်နိုင်တို့ကို **ရာဇသတ်ကြီး ပုဒ်မ ၁၈၈ (ဒု)အရ အလုပ်နှင့် ထောင်ဒဏ် သုံးလစီ** ကျခံရန် အမိန့်ချမှတ်ခဲ့သည်။

**အမိန့်ချမှတ်ခဲ့**

ရွှေဘိုမြို့နယ်တရားရုံးက မတ် ၈ ရက် ညပိုင်းတွင် ရွှေဘိုမြို့ အမှတ် ၁၀ လမ်းပေါ်တွင် အကြောင်းမဲ့ရောက်ရှိနေပြီး ညမထွက်ရအမိန့်အား ဖောက်ဖျက်ကျူးလွန်သူ တရားခံ ပြေငြိမ်း၊ ဦးစိုးစိုးဦးနှင့် တင်ထွန်း၊ အမှတ် (၁၀) ရပ်ကွက် စစ်သားစုဆောင်းရေးတပ်အနီး အကြောင်းမဲ့ရောက်ရှိနေပြီး ညမထွက်ရအမိန့်အား ဖောက်ဖျက်ကျူးလွန်သူ တရားခံ ကျော်နိုင်ဦး၊ တင်နိုင်ထွန်း၊ ဟိန်းကျော်ထွန်း၊ မင်းအောင်၊ လွှမ်းမိုးနှင့် မစန်းစန်းမိုးတို့ကို **ရာဇသတ်ကြီး ပုဒ်မ ၁၈၈ (ဒု)အရ အလုပ်နှင့် ထောင်ဒဏ် သုံးလစီ** ကျခံရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်တရားရုံး**က တရားခံ သူရိန်၊ ကောင်းမြတ်ကျော်၊ အောင်ကျော်ဦး၊ တင်ကိုထူး၊ ငွေစိုး၊ အောင်မြတ်ဟိန်း၊ ဝင်းသိန်း၊ နေထူးအောင်၊ မောင်နီနီကျော်၊ အောင်သူဖြိုး၊ ညီဝင်းနိုင်၊ ဟိန်းဆက်အောင်၊ ကြည်စိုး၊ မြတ်သူ၊ မျိုးငြိမ်းအောင်၊ စိုးနိုင်၊ ကိုကို၊ ညီလေး၊ မြင့်သိန်း၊ ကောင်းမြတ်ဇော်၊ မောင်လေး၊ မင်းစိုးလွင်၊ ဘိုဘိုအောင်၊ လှဌေးကို၊ လွင်ဇိုင်းဝင့်၊ စိုးမြိုင်၊ ပြည့်စုံအောင်၊ သက်လေး၊ သက်ဇင်၊ အောင်ခန့်၊ အောင်ကျော်၊ ကိုဦး၊ သက်ဝေလတ်၊ စိုးသူရနိုင်၊ မိုးကျော်သူ၊ ကျော်စိုးနိုင်နှင့် ဖြိုးအောင်၊ **ရေဖြူမြို့နယ် တရားရုံး**က ဦးကိုညွှန့်၊ သက်ကိုနှင့် တင်ထွန်းအောင်၊ **သရက်ချောင်းမြို့နယ်တရားရုံး**က ဦးအောင်ဌေးနှင့် ဦးနေလင်း၊ **မြိတ်မြို့နယ်တရားရုံး**က ဦးဝင်းညွှန့်၊ အောင်အောင်၊ ဇော်ကို၊ ကျော်မျိုးနိုင်၊ မျိုးဟိန်းထက်၊ လှဌေး၊ ချစ်သိန်း၊ ကျော်လှိုင်၊ သာယာ၊ ခိုင်လှဖြူ၊ အောင်ချမ်းသာ၊ မျိုးငယ်၊ ဝေဇင်၊ အောင်ကျော်မျိုး၊ သီဟ၊ ရန်ပိုင်စိုး၊ မအေးအေးလတ်၊ ကျော်ဇင်မိုး၊ စောရန်နိုင်၊ အောင်ကိုကို၊ ထွန်းငယ်၊ ကျော်ဇင်လင်း၊ ထွန်းငယ်၊ လင်းသူရိန်၊ မြင့်စိုး၊ အာကာလွင်၊ ညီညီပိုင်စိုး၊ စံဝင်း၊ ကိုပေါက်၊ လွှမ်းဝေဦး၊ ဇော်ဝင်း၊ အောင်မြင့်ဦး၊ မောင်မောင်၊ သက်ဇော်အောင်၊ သန်းထွန်းအောင်၊ မင်းမင်းထွန်း၊ မိုးကျော်သူ၊ မိုးမြင့်အောင်၊ ပြည့်စုံ၊ ဇော်မျိုးလွင်၊ စိုင်းတင့်စိုး၊ ကိုမွန်လေး၊ ကိုထိန်းလင်း၊ မင်းသူလွင်၊ အောင်ကျော်ဖြိုး၊ ထူးဇင်လင်း၊ လှိုင်ဖြိုး၊ ကျော်ထူး၊ ဟိန်းစိုး၊ ဇင်မင်းသူ၊ စိုးသော်၊ ဦးအောင်သန်း၊ တင်ကိုကို၊ သန်းနိုင်ဦး၊ ဝင်းအောင်၊ ဇင်မင်း၊ စိုးသူ၊ ဝင်းကျော်စိုး၊ ခင်ဇော်လတ်၊ မြင့်သန်း၊ ဇော်မျိုးထက်၊ နေမျိုး၊ ထိန်လင်းအောင်၊ ပြည့်ဖြိုးအောင်၊ ထွန်းသက်ပိုင်၊ ဇေယျာကိုကို၊ သီဟဇော်၊ ငြိမ်းချမ်းအောင်၊ ကျော်စိုးနိုင်၊ အောင်ဆန်းလွင်၊ ရဲကျော်ခိုင်၊ မိုးဇော်ဦး၊ အတာဦး၊ ကောင်းမြတ်သူ၊ မျိုးမင်းအေး၊ ဟိန်းဇော်ဖြိုး၊ ကျော်ကျော်၊ ရာဇာထွန်း၊ ဝဏ္ဏလင်း၊ ဇင်ဝင်းအောင်နှင့် ဇော်ဇော်ထိုက်၊ **ကော့သောင်းမြို့နယ်တရားရုံး**က ထင်လင်းကျော်၊ စိုးလွင်၊ ကျော်ဇောမြင့်၊ တင်လတ်၊ ဌေးအောင်၊ ကျော်ဇင်လင်း၊ နိုင်နိုင်ကျော်၊ သက်နိုင်ဦး၊ အောင်မြတ်နိုး၊ သန်းဇော်၊ ထက်လှဇော်၊ အောင်နိုင်ဦး၊ ကိုကိုဦး၊ အောင်ကျော်မိုး၊ သားထွေး၊ သန်းစိုး၊ မအိအိဖြိုး၊ ကိုကိုလွင်၊ ဇော်ဇော်ထက်၊ ဇော်ဇော်၊ အောင်နိုင်စိုး၊ မျိုးဇော်ဦး၊ သောင်းအေး၊ သန်းဇော်ထွေး၊ သောင်းဌေး၊ အောင်သက်ပိုင်၊ ကျော်မင်းသန့်၊ ရှိုင်းထက်၊ ကျော်ထွေး၊ ဇင်ကိုလွင်၊ ဖြိုးသော်ဒွေး၊ အောင်သန်းဦး၊ စိုးလေး၊ သက်ဇော်၊ အောင်ကျော်စိုး၊ နေမျိုး၊ ကိုကိုလွင်၊ မင်းထက်၊ မျိုးသက်ထွန်း၊ ထွန်းကိုကို၊ ကျော်သူထွေးနှင့် ကျော်ကျော်ထွေး၊ **ဘုတ်ပြင်းမြို့နယ်တရားရုံး**က ဇင်မင်းပိုင်၊ အောင်မင်းထွေး၊ အောင်အောင်ဦး၊ ထွန်းမင်းလတ်နှင့် ထွန်းထွန်းဦးတို့ကို **ရာဇသတ်ကြီး ပုဒ်မ ၁၈၈ အရ အလုပ်နှင့် ထောင်ဒဏ် တစ်လစီ** ကျခံရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**အမိန့်ချမှတ်**

အလားတူ **ရခိုင်ပြည်နယ် အမ်းမြို့နယ်တရားရုံး**က ဖေဖော်ဝါရီ ၉ ရက် နံနက်ပိုင်းတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ဆိုင်ရာစည်းကမ်းချက်များကို လိုက်နာမှုမရှိဘဲ လူစုလူဝေးဖြင့် ဆိုင်းဘုတ်များကိုင်ဆောင် လှည့်လည်ခြင်းများ ပြုလုပ်ခဲ့သည့် ဒေါ်လမင်းကျော်၊ မစိုးကလျာထွန်း၊ မရတနာအောင်၊ မင်းထိုက်အောင်၊ မတင်တင်ချိုထွေး၊ မျိုးအောင်ချိုနှင့် မသင်းမြတ်ခိုင် (ခ) ဖြူဖွေးတို့အား **သဘာဝဘေးအန္တရာယ်ဆိုင်ရာ ဥပဒေပုဒ်မ ၃၀ (က) အရ ဒဏ်ငွေကျပ် သုံးသောင်းစီ ပေးဆောင်ရန်နှင့် မပေးဆောင်နိုင်ပါက ထောင်ဒဏ် ၁၅ ရက်စီ ကျခံရန်၊ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေပုဒ်မ ၁၉ အရ ဒဏ်ငွေကျပ် ငါးသောင်းစီ ပေးဆောင်ရန်နှင့် မပေးဆောင်နိုင်ပါက ထောင်ဒဏ် သုံးလစီ ကျခံရန်** အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**အောင်မျိုး**

## မန္တလေး-မြစ်ကြီးနားလမ်းပိုင်း တံတားအမှတ်(၆၂၇)ကို သောင်းကျန်းသူ(စစ်စစ်ဆဲ) အကြမ်းဖက်အဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုဖြစ်ပွား

**နေပြည်တော် မေ ၂၈**

မြန်မာ့မီးရထား တိုင်းအမှတ်(၁)နယ်မြေ မန္တလေး-မြစ်ကြီးနားလမ်းပိုင်း ဟိုပင်ဘူတာနှင့် နန်းခွင်ဘူတာကြား မိုင်တိုင် ၆၅၄ /၇-၈ ရှိပေ ၂၀ ဂါဒါ လေးလုံးတင်ထားသည့် ပေ ၈၀ အရှည်ရှိသော တံတားအမှတ်(၆၂၇)ကို မေ ၂၇ ရက် ည ၁၁ နာရီ မိနစ် ၄၀ တွင် သောင်းကျန်းသူ (စစ်စစ်ဆဲ) အကြမ်းဖက်အဖွဲ့က မိုင်းခွဲဖျက်ဆီးမှုဖြစ်ပွားခဲ့သည်။

မိုင်းခွဲခံရမှုကြောင့် အဆိုပါတံတား၏ ရေလယ်တိုင်အမှတ်(၃)၊ ပေ ၂၀ ဂါဒါ နှစ်ခု၊ တံတား ဇလီဖားတုံး ၅၀ နှင့် Guard Rail ၃၉ ပေ ငါးချောင်း ပျက်စီးခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ဟိုပင်-မြစ်ကြီးနားလမ်းပိုင်းသည် လက်ရှိအချိန်တွင် လူစီးရထား၊ ကုန်ရထားများ ပြေးဆွဲမှုရပ်တန့်ထားသော လမ်းပိုင်းဖြစ်၍ တံတားအမြန်ဆုံး ပြုပြင်ပြီးစီးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ကရင်ပြည်နယ်ရှိ လုံခြုံရေးရဲကင်းစခန်းနှင့် မွန်ပြည်နယ်ရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်နက်ကိုင်သောင်းကျန်းသူများက လာရောက်တိုက်ခိုက်

**နေပြည်တော် မေ ၂၈**

ကရင်ပြည်နယ်ရှိ လုံခြုံရေးရဲကင်းစခန်းနှင့် မွန်ပြည်နယ်ရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များကို လက်နက်ကိုင်သောင်းကျန်းသူများက လာရောက်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။


ထိုသို့ တိုက်ခိုက်ခဲ့ရာ မေ ၂၇ ရက် ညနေ ၄ နာရီ ၁၅ မိနစ်တွင် ကရင်ပြည်နယ် ဖာပွန်မြို့ရှိ ကူးဆိပ်ရဲကင်းစခန်းအား(စစ်စစ်ဆဲ) လက်နက်ကိုင် သောင်းကျန်းသူ အင်အား ၅၀ ခန့်သည် အရှေ့မြောက်ဘက်ရှိ တောင်ကြောပေါ်မှ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့ရာ ညနေ ၅ နာရီ မိနစ် ၄၀ တွင် အဆိုပါ သောင်းကျန်းသူများသည် လာလမ်းအတိုင်း ပြန်လည်ဆုတ်ခွာသွားခဲ့ပြီး ဖြစ်စဉ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

အလားတူ ည ၉ နာရီခွဲတွင် မွန်ပြည်နယ် ဘီးလင်းမြို့နယ် ဒေါက်ရပ်ကျေးရွာအနီးရှိ ရန်ကုန်-မော်လမြိုင်ကားလမ်း "ရွှေသံလွင်" တိုးဂိတ်အဟောင်းတွင် လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များကို ကိုက် ၁၀၀ ခန့်အကွာရှိ တောင်ကုန်းပေါ်မှ (စစ်စစ်ဆဲ) လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့က လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့ရာ သောင်းကျန်းသူများမှာ ဒေါက်ရပ်ကျေးရွာဘက်သို့ ပြန်လည်ဆုတ်ခွာသွားခဲ့ပြီး ဖြစ်စဉ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

»» စာမျက်နှာ ၂၆ မှ







နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့်မီဒီယာများသည် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ တုံ့ပြန်ဆောင်ရွက်ချက်များအပေါ် နိုင်ငံတကာနှင့်ပြည်သူလူထုက အထင်အမြင်လွဲမှားစေရန် လုပ်ကြံရေးသားနေကြပြီး တစ်ဖက်တွင်လည်း ၎င်းတို့ရေးသားသည့် သတင်းအမှားများကို နိုင်ငံတော်အစိုးရယန္တရားပျက်ပြားလိုသည့်အဖျက်သမားများက လူမှုကွန်ရက်မှတစ်ဆင့် ပိုမိုပျံ့နှံ့အောင် လုပ်ဆောင်နေကြကြောင်း တွေ့မြင်နေရပါသည်။

အထူးသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ပစ်ခတ်မှုများကြောင့် သေဆုံးသူများ၏စာရင်းအား လူမှုကွန်ရက်ပေါ်တွင် အခြေအမြစ်မရှိသော သတင်းအတု၊ သတင်းအမှားများကိုအခြေခံ၍ စုစည်းထားသည့်ကိန်းဂဏန်းများဖြင့် ထိုင်းနိုင်ငံအခြေစိုက် တရားမဝင်အဖွဲ့အစည်းတစ်ခုဖြစ်သည့် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း(AAPP)က အမှန်တကယ်သေဆုံးသူများစာရင်းအဖြစ် ထုတ်ပြန်လျက်ရှိပါသည်။ ၎င်းတို့၏ ထုတ်ပြန်ချက်အရ ဧပြီလ ၁၅ ရက်နေ့အထိ သေဆုံးသူ ၇၂၆ ဦးအထိရှိကြောင်း ဖော်ပြထားပါသည်။

## လူမှုကွန်ရက်ပေါ်မှ အခြေအမြစ်မရှိသော သတင်းအမှားများ




## လူမှုကွန်ရက်ပေါ်မှ အခြေအမြစ်မရှိသော သတင်းအမှားများ




လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပစ်ခတ်မှုကြောင့်သေဆုံးမှုများရှိလာပါက ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ သေမှုသေခင်းဖွင့်ပြီး စနစ်တကျမှတ်တမ်းတင် ဆောင်ရွက်လျက်ရှိသလို သေဆုံးသူအလောင်းများ(Dead Bodies)အား မြှုပ်နှံသင်္ဂြိုဟ်ပြီးသည်အထိ လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကာ သေဆုံးသူတိုင်း၏ မှုခင်းဆိုင်ရာမှတ်တမ်းများအား စနစ်တကျထိန်းသိမ်းထားရှိပါသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စနစ်တကျမှတ်တမ်းတင်ထားသော စာရင်းများအရ ဖေဖော်ဝါရီလ ၁ ရက်မှ ဧပြီလ ၁၅ ရက်အထိ သေဆုံးသူစာရင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-


### ၁-၂-၂၀၂၁ မှ ၁၅-၄-၂၀၂၁ ထိ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဆူပူဆန္ဒပြသူ သေဆုံးမှုအခြေအနေ

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
|---|---|---|---|---|---|---|---|---|
| ၁ | နေပြည်တော် | | ၁ | | | ၁ | | |
| ၂ | ကချင် | | ၆ | | | | ၁ | |
| ၃ | ကယား | | ၁ | | | | | |
| ၄ | ကရင် | | | | | | | |
| ၅ | ချင်း | | | | | | | |
| ၆ | စစ်ကိုင်း | | ၂၂ | | | | ၁ | |
| ၇ | တနင်္သာရီ | | ၁၃ | | | | | |
| ၈ | ပဲခူး | ၂ | ၁၈ | ၁ | | | | |
| ၉ | မကွေး | ၁ | ၁၇ | | ၁ | | | |
| ၁၀ | မန္တလေး | ၃ | ၃၃ | | | ၁ | ၁ | |
| ၁၁ | မွန် | | ၂ | | | | | |
| ၁၂ | ရခိုင် | | | | | | | |
| ၁၃ | ရန်ကုန် | | ၁၁၅ | | | | ၂ | ၂ |
| ၁၄ | ရှမ်း | | ၁၅ | | | | | |
| ၁၅ | ဧရာဝတီ | ၁ | ၄ | | | | | |
| | စုစုပေါင်း | ၇ | ၂၃၈ | ၁ | ၁ | ၂ | ၅ | ၂ |

[illegible]

သို့ဖြစ်ပါ၍ စုစုပေါင်းသေဆုံးသူ ၂၅၈ ဦးတွင် အတားအဆီးရှင်းလင်းစဉ်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား အကြမ်းဖက်ရန်ပြုတိုက်ခိုက်လာမှုကြောင့် ပြန်လည်တုံ့ပြန်ရာမှ သေဆုံးသူမှာ ၂၄၇ ဦးသာရှိပြီး ကျန် ၁၁ ဦးမှာ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ပစ်ခတ်မှုကြောင့် သေဆုံးရခြင်းမဟုတ်ဘဲ အခြားအကြောင်းအရာများကြောင့် သေဆုံးရခြင်းဖြစ်ပါသည်။


လုံခြုံရေးတပ်ဖွဲ့ဝင်များ ပစ်ခတ်မှုကြောင့် မဟုတ်ဘဲ မိမိဘာသာ အိမ်ပေါ်မှခုန်ချရာမှ သေဆုံးခဲ့သူ ဦးဇော်မြတ်လင်း


လုံခြုံရေး တပ်ဖွဲ့ဝင်များ ပစ်ခတ်မှုကြောင့် မဟုတ်ဘဲ တိုက်ပေါ်မှ ပြုတ်ကျသေဆုံးခဲ့သူ မလျှံခွားလီး


လုံခြုံရေးတပ်ဖွဲ့ဝင်များ ပစ်ခတ်မှုကြောင့် မဟုတ်ဘဲ နှလုံးရောဂါဖြင့် သေဆုံးခဲ့သူ ဒေါ်တင်နွဲ့ရီ

စာမျက်နှာ ၂၈ သို့ »»

››› စာမျက်နှာ ၂၇ မှ

လူမှုကွန်ရက်များတွင် ပျံ့နှံ့နေသော AAPP မှ ထုတ်ပြန်သည့် သေဆုံးစာရင်း ၇၂၆ ဦး စာရင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ပစ်ခတ်မှုကြောင့် မဟုတ်ဘဲ မမြသွဲ့သွဲ့ခိုင်၊ မကြယ်စင် တို့ကဲ့သို့ ဆန္ဒပြသူများအချင်းချင်း ပစ်ခတ်မှုကြောင့် သေဆုံးသူများ၊ ဦးဇော်မြတ်လင်းနှင့် မလျှံွှားလီးတို့ကဲ့သို့ အခြားနည်းဖြင့် သေဆုံးသူများ၊ ဦးကိုကိုလေးနှင့် ဒေါ်တင်နွဲ့ရီတို့ကဲ့သို့သော နှလုံးရောဂါဖြင့် သေဆုံးသူများ၊ ရာဇာအောင် ကဲ့သို့ ကိုဗစ်ရောဂါဖြင့် သေဆုံးသူများနှင့် အကြမ်းဖက်မှုဆောင်ရွက်နေသူများက အချင်းချင်းသတ်ဖြတ်မှုကြောင့် သေဆုံးသူများ ပါရှိနေသကဲ့သို့ အမှန်တကယ်သေဆုံးသည်ဟု အတည်မပြုနိုင်သောပျောက်ဆုံးနေသူများ၊ ဒဏ်ရာရရှိမှုကြောင့် တပ်မတော်ဆေးရုံများတွင် ကုသမှုခံယူနေသူများ၊ နယ်စပ်ဒေသများသို့ ထွက်ပြေးတိမ်းရှောင်သွားသူများ၊ စာရင်းများဖောင်းပွနေအောင် လိပ်စာအတု၊ နာမည်အတုများဖြင့် ဖော်ပြထားသူများပါရှိနေနိုင်ကြောင်း စိစစ်တွေ့ရှိရပါသည်။

ထို့ပြင် AAPP စာရင်းထဲတွင် ပါဝင်နေသော အချို့သောသူများမှာ အမှန်တကယ် ရှိ/မရှိ အတည်ပြုစစ်ဆေးရန် နေရပ်လိပ်စာ၊ အဖအမည် ကဲ့သို့သော ခိုင်လုံသည့်အချက်အလက်များ ပါဝင်မှုမရှိခြင်း၊ သေဆုံးရသောအကြောင်းရင်း ထည့်သွင်းဖော်ပြနိုင်ခြင်းမရှိသောသူများ အများအပြားပါဝင်နေခြင်း၊ ဧပြီ ၉ ရက် ပဲခူးဖြစ်စဉ်တွင် မည်သည့်အချက်မှ ဖော်ပြခြင်းမရှိဘဲ သေဆုံးသူဟု အတည်မပြုနိုင်သူ ၇၆ ဦးအဖြစ် အရေအတွက်အများအပြား ထည့်သွင်း ဖော်ပြထားခြင်းကဲ့သို့သော အချက်များကိုလည်း တွေ့ရှိရသဖြင့် စာရင်းများမှာ အဆမတန်ဖောင်းပွနေကြောင်း စိစစ်တွေ့ရှိရပါသည်။

| No. | Name | Sex | Age | Father's Name | Date of Incident | Deceased Date | Organization | Place of Incidents | Home Address | Township | States/ Regions |
|---|---|---|---|---|---|---|---|---|---|---|---|
| 2 | Mya Thwate Thwate Khaing | F | 19 | unknown | 9-Feb-21 | 19-Feb-21 | Civilian | NayPyi Taw | Hlaykhwintaung, Lower Paunglaung Hydro Power Project | Zeyathiri | NayPyiTaw Region |
| 28 | Kyal Sin Lin @ Kyar Shi | F | 19 | Daw Aye Aye Myint | 3 Mar 21 | 3-Mar-21 | Student | 84 Street and 30 Street | 15x16, 65 Road | Mandalay City | Mandalay Region |
| 60 | Zaw Myat Linn | M | 46 | U Sein Tun +Daw Sein Nyunt | 9 Mar 21 | 9-Mar-21 | NLD (Shwepyitha Township) | YGN Interrogation Center | 9/147 Myanizzu road, 25 warоad, Bokone Shay | Shwepyitha | Yangon Region |
| 275 | Zuali @ Malan Zwale | F | 35 | unknown | 21 Mar 21 | 21-Mar-21 | Civilian | Her fifth floor apartment, Mingalar Taung Nyunt | Fifth floor, Kan Taw Lay, 91 street | Mingala Taungnyunt | Yangon Region |
| 624 | 76 Unknown Name | | | Unknown Name | 9 Apr 21 | 9 Apr 21 | Civilian | Maggatic Road | | Bago | Bago Region |

သို့ဖြစ်၍ လူမှုကွန်ရက်ပေါ်တွင် ထုတ်ပြန်နေသော AAPP အဖွဲ့၏ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပစ်ခတ်မှုကြောင့် သေဆုံးသူများစာရင်းသည် လူမှုကွန်ရက်များတွင် ဖော်ပြနေသော အခြေအမြစ်မရှိသည့် သတင်းတုများကိုအခြေခံ၍ မှားယွင်းစွာ ဖော်ပြထားသည့်အပြင် သေဆုံးသူအရေအတွက်မှာလည်း အဆမတန် ဖောင်းပွလျက်ရှိသဖြင့် အတည်ပြုနိုင်ခြင်းမရှိပါကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အဓိကရုဏ်းနှိမ်နင်းရေး လုပ်ငန်းစဉ်များအတိုင်း အကြမ်းဖက်သမားများကိုသာ အကန့်အသတ်ဖြင့် တုံ့ပြန်ဆောင်ရွက်လျက်ရှိပြီး သေဆုံးသူများနှင့် ပတ်သက်၍လည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် သေမှုသေခင်းဖွင့်၍ စနစ်တကျ မှတ်တမ်းတင် ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းစဉ်**

## အနုပညာ


# ရီတာအော်ရာနဲ့ တိုင်ကာဝေတီတီတို့ ချစ်သူတွေအဖြစ် တရားဝင်လက်တွဲ

ကျော်ကြားတဲ့ ဗြိတိန်ပေါ့ပ် ဒါရိုက်တာဖြစ်သူ တိုင်ကာဝေတီတီတို့ ချစ်သူတွေအဖြစ် ကြယ်ပွင့်တစ်ဦးဖြစ်သူ ရီတာအော်ရာနဲ့ Thor ရုပ်ရှင်ရဲ့ တရားဝင် လက်တွဲခဲ့ပြီဖြစ်ကြောင်း အေးရှားဝမ်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရသိရပါတယ်။



အသက် ၃၀ အရွယ်ရှိပြီဖြစ်တဲ့ ရီတာအော်ရာနဲ့ တိုင်ကာဝေတီတီတို့ဟာ ပြီးခဲ့တဲ့ လတွေအတွင်း ဆစ်ဒနီမှာ ပိုမိုနီးကပ်စွာရှိလာခဲ့ပြီးနောက် ချစ်သူတွေဖြစ်ခဲ့ကြတာပါ။ သတင်းရင်းမြစ်တစ်ဦးရဲ့ ပြောကြားချက်အရ သူတို့နှစ်ဦးဟာ မေလအစပိုင်းကတည်းက ချစ်သူတွေဖြစ်ခဲ့ကြတာဖြစ်ပြီး သူတို့နှစ်ဦးရဲ့ ဆက်ဆံရေးကိုတော့ ထင်ထင်ပေါ်ပေါ်မထုတ်ဖော်ခဲ့ကြဘူးလို့လည်း သိရပါတယ်။ သူတို့နှစ်ဦးနဲ့ ရင်းနှီးတဲ့ သူငယ်ချင်းတွေကတော့ သူတို့တွေ ချစ်သူတွေဖြစ်နေတာအမှန်ပင်ဖြစ်ကြောင်း ပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။

ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း ရီတာအော်ရာနဲ့ တိုင်ကာဝေတီတီတို့နှစ်ဦး အတူရိုက်ကူးထားတဲ့ ဓာတ်ပုံတွေ ပေါ်ထွက်လာခဲ့ပြီး အဆိုပါ ဓာတ်ပုံတွေမှာ သူတို့နှစ်ဦးကို ဆစ်ဒနီရဲ့ နေရာအနှံ့မှာ ရိုက်ကူးထားကြတာကိုလည်း တွေ့ရပါတယ်။ ရီတာအော်ရာကလည်း သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ တိုင်ကာဝေတီတီနဲ့အတူ ရိုက်ကူးထားတဲ့ဓာတ်ပုံကို လတ်တလောမှာ ဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။



# အရှေ့တောင်အာရှနှင့် ဟောင်ကောင်မှ ကေဘယ်ရုပ်သံလိုင်း ၁၈ လိုင်းကို ဒစ်စနေ ပိတ်သိမ်းမည်

ဒစ်စနေကုမ္ပဏီက အရှေ့တောင်အာရှနဲ့ ဟောင်ကောင်တို့မှာ ကေဘယ်လိုင်းနဲ့ ထုတ်လွှင့်ပြသလျက်ရှိတဲ့ ရုပ်သံလိုင်း ၁၈ လိုင်းကို လာမယ့် အောက်တိုဘာ ၁ ရက်မှစတင်ကာ ပိတ်သိမ်းသွားမှာဖြစ်ကြောင်း အေးရှားဝမ်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အရှေ့တောင်အာရှနဲ့ ဟောင်ကောင်ဟာ ဒေသတွင်းမှာ ဒစ်စနေအတွက် ကြီးမားတဲ့ ဖျော်ဖြေရေးအထောက်အပံ့ကွင်းဆက်ဖြစ်ခဲ့ပြီး ဒီလို ကေဘယ်ရုပ်သံလိုင်းတွေ ပိတ်သိမ်းခြင်းဟာ ဆယ်စုနှစ်တွေအတွင်း အောင်မြင်မှုတွေရဲ့ အဆုံးသတ်လည်း ဖြစ်ပါတယ်။

အဆိုပါ ရုပ်သံလိုင်းတွေ ပိတ်သိမ်းသွားမှာဖြစ်ကြောင်း ဧပြီ ၂၈ ရက်အစောပိုင်းက စင်ကာပူက ဝန်ထမ်းတွေကို အကြောင်းကြားခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။ ယင်းပိတ်သိမ်းသွားမယ့် ရုပ်သံလိုင်းတွေကတော့ Fox၊ Fox Crime၊ Fox Life ၊ FX; movie channels၊ Fox Action Movies၊ Fox Family Movies၊ Fox Movies၊ Star Movies၊ China; sports channel၊ Fox Sports၊ Fox Sports 2၊ Fox Sports 3၊ Star Sports 1၊ Star Sports 2၊ kids channel၊ Disney Channel၊ Disney Junior; factual services Nat Geo People၊ SCM Legend တို့ ဖြစ်ကြပါတယ်။ ဒီလိုပိတ်သိမ်းရတာဟာ ကုမ္ပဏီအနေနဲ့ စားသုံးသူတွေနဲ့တိုက်ရိုက်ထိတွေ့တဲ့စနစ် D2C အပေါ် ပိုမိုအာရုံစိုက်လုပ်ကိုင်လိုတာကြောင့်ဖြစ်ပြီး လက်ရှိမှာ အဆိုပါစနစ်နဲ့ ပြောင်းလဲထုတ်လွှင့်တဲ့ ရုပ်သံလိုင်း လေးလိုင်းရှိပြီဖြစ်ကြောင်းလည်း သိရပါတယ်။ ဒစ်စနေအနေနဲ့ D2C စနစ်နဲ့ ထုတ်လွှင့်မှုကို ပြီးခဲ့တဲ့ ဖေဖော်ဝါရီလအတွင်း စင်ကာပူမှာ စတင်ခဲ့ကြောင်းလည်း သိရပါတယ်။

**❒ ရီးယဲလ်မက်ဒရစ်အသင်းမှ**

စီရိုနယ်လ်ဒို၊ လီယွန်နယ်မက်ဆီနဲ့ လီဝန်ဒိုစကီးတို့ပဲ ဖြစ်ပါတယ်။ တိုက်စစ်မှူး ဘင်ဇီမာရဲ့ ချန်ပီယံလိဂ်သွင်းဂိုး ၇၁ ဂိုးဟာ ရီးယဲလ်မက်ဒရစ်တိုက်စစ်မှူး ရာဟူးလ်ရဲ့ သွင်းဂိုးနဲ့ တူညီနေတာလည်း ဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းအတွက် သွင်းဂိုးတစ်ဂိုး သွင်းယူပေးနိုင်ခဲ့တဲ့ ပူလီဆစ်ကတော့ ချန်ပီယံလိဂ်ပြိုင်ပွဲ သမိုင်းတစ်လျှောက် ဆီမီးဖိုင်နယ်အဆင့်မှာ ဂိုးသွင်းယူနိုင်ခဲ့တဲ့ အသက်အငယ်ဆုံး ကစားသမားတစ်ဦး ဖြစ်လာခဲ့ပြီး ပူလီဆစ်ဟာ လက်ရှိမှာ အသက် ၂၂ နှစ်နဲ့ ၂၂၁ ရက်သာ ရှိသေးတာ ဖြစ်ပါတယ်။


ချယ်လ်ဆီး အသင်းဟာ ချန်ပီယံလိဂ် ဆီမီးဖိုင်နယ်ပထမအကျော့မှာ အဝေးဂိုး တစ်ဂိုးရရှိထားတာကြောင့် ချန်ပီယံလိဂ်နောက်ဆုံးဗိုလ်လုပွဲ တက်လှမ်းဖို့အခွင့်အရေး ပိုမိုများပြားနေပြီး ချန်ပီယံလိဂ်ဆီမီးဖိုင်နယ် ဒုတိယအကျော့မှာ အကောင်းဆုံး ရလဒ်ထွက်ပေါ်အောင် ကြိုးပမ်းသွားမယ်လို့ ချယ်လ်ဆီးအသင်းနည်းပြ တူချယ်က ပြောကြားခဲ့ပါတယ်။

ရီးယဲလ်မက်ဒရစ်အသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ရဲ့ ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်ဒုတိယအကျော့ပွဲစဉ်ကို မေ ၆ ရက်မှာ ချယ်လ်ဆီးအသင်းရဲ့ အိမ်ကွင်းမှာ ကျင်းပသွားဖို့ ရှိနေတာ ဖြစ်ပါတယ်။

**အေးပြည့်**
**ရေးသားသည်**


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် ဇေယျာရုပ်ပွားတော်မြတ်ကြီး တည်ဆောက်မှုတော်မြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ကြောင်း

















# ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID-19) တတိယလှိုင်းအဖြစ် ပြင်းထန်စွာကူးစက်ပြန့်ပွားမှုမရှိစေရေး အသိပေး/သတိပေးနှိုးဆော်ချက်(၂)

**နေ့စွဲ-(၂၉.၄.၂၀၂၁)**

ကမ္ဘာတစ်ဝန်းလုံးတွင် ကိုရိုနာဗိုင်းရပ်စ်(COVID-19)ကပ်ရောဂါသည် အရှိန်အဟုန်ဖြင့် ဆက်လက်ကူးစက်ပြန့်ပွားလျက်ရှိနေပြီး လွန်ခဲ့သည့်ရက်သတ္တပတ်အတွင်း ရောဂါကူးစက်ဖြစ်ပွားသူဦးရေ (၅.၂) သန်းကျော်ရှိခဲ့ရာ **ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအများဆုံး ရက်သတ္တပတ်အဖြစ် စံချိန်တင်**ဖြစ်ပွားခဲ့ပါသည်။

အိမ်နီးချင်းအိန္ဒိယနိုင်ငံတွင် နေ့စဉ်ဆက်လက်၍ ရောဂါဖြစ်ပွားသူဦးရေ (၃)သိန်းကျော်ရှိခဲ့ပြီး ထိုသို့ကူးစက်မှုများအတွင်းတွင် ကိုရိုနာဗိုင်းရပ်စ်၏ မျိုးရိုးဗီဇပြောင်းလဲမှုများအနေဖြင့် ကူးစက်မှုနှုန်း(၇၀%)အထိ ပိုမိုမြန်ဆန်နိုင်သည့် UK Variant (B.1.1.7)နှင့် ကူးစက်မှုနှုန်းမြန်၍ အချို့ကာကွယ်ဆေးများ၏ ထိရောက်မှုကို လျော့ကျစေနိုင်ဖွယ်ရှိသည့် South Africa Variant (B.1.351)တို့ကိုလည်း လေ့လာတွေ့ရှိရကြောင်း သိရှိရပါသည်။ အိမ်နီးချင်းဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူ ခုနစ်သိန်းလေးသောင်းကျော်၊ ရောဂါကြောင့်သေဆုံးသူဦးရေ တစ်သောင်းတစ်ထောင်ကျော် ရှိနေပြီဖြစ်ပါသည်။ အိမ်နီးချင်းထိုင်းနိုင်ငံတွင်လည်း ရောဂါကူးစက်မှုတတိယလှိုင်းအဖြစ် ကူးစက်ဖြစ်ပွားသူဦးရေ သိသာစွာမြင့်တက်လျက်ရှိပါသည်။

အထက်ဖော်ပြပါ အိမ်နီးချင်းနိုင်ငံများတွင် လက်ရှိဖြစ်ပွားကူးစက်နေသော ကိုဗစ်-၁၉ ရောဂါတတိယလှိုင်းနှင့် မျိုးရိုးဗီဇပြောင်းလဲနေသော ကိုဗစ်-၁၉ ရောဂါပိုးများ မိမိတို့နိုင်ငံအတွင်းသို့ ဝင်ရောက်၍ ကူးစက်ပြန့်ပွားခြင်းမရှိစေရန် **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ❖

# ဝန်ထမ်းများ စာအုပ်စာစောင်များ အလွယ်တကူဖတ်ရှုနိုင်ရန် ရွှေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် စာအုပ်များ ငှားရမ်းပေးလျက်ရှိ



**နေပြည်တော် ဧပြီ ၂၈**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ဝန်ကြီးဌာနအသီးသီးရှိ ဝန်ထမ်းများ အသိပညာဗဟုသုတ တိုးပွားစေရေးနှင့် စာအုပ်စာစောင်များ အလွယ်တကူ ငှားရမ်းဖတ်ရှုနိုင်ရေးအတွက် ရွှေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် စာအုပ်စာစောင်များ သွားရောက်ငှားရမ်းပေးလျက်ရှိရာ ဧပြီ ၂၈ ရက် နံနက် ၁၀ နာရီတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့လည်းကောင်း၊ မွန်းလွဲ ၁ နာရီတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနသို့လည်းကောင်း ရွှေ့လျားစာကြည့်တိုက် မော်တော်ယာဉ်ဖြင့် စာအုပ်စာစောင်များ ငှားရမ်းပေးခဲ့သည်။

အဆိုပါ ရွှေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် စာအုပ်များ ငှားရမ်းပေးခြင်းကို **"အားလပ်ချိန်မှာ စာဖတ်ပါ"** ဆောင်ပုဒ်နှင့်အညီ ဝန်ထမ်းများ အားလပ်ချိန်တွင် စာအုပ်စာပေများ အလွယ်တကူ ဖတ်ရှုလေ့လာနိုင်စေရန်၊ ဝန်ထမ်းများ စာပေနှင့် အဆက်မပြတ် ထိတွေ့မှုရှိစေရန် ရည်ရွယ်၍ ဝန်ကြီးဌာန ၂၄ ရုံးနှင့် ဦးစီးဌာန နှစ်ရုံး စုစုပေါင်းဌာန ၂၆ ရုံးတွင် ရက်သတ္တ နှစ်ပတ်လျှင် တစ်ကြိမ်နှုန်းဖြင့် ရုံးဖွင့်ရက်များတွင် **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ○


ကြေးမုံ ယနေ့ ဖတ်စရာ

**အိန္ဒိယနိုင်ငံ၌ စတင်တွေ့ရှိသည့် ဗီဇပြောင်းဗိုင်းရပ်စ် နိုင်ငံပေါင်း ၁၇ နိုင်ငံသို့ ကူးစက်ပျံ့နှံ့လျက်ရှိ**

စာမျက်နှာ » ၁၂

- - - - - - - - - - -

**တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ဆူပူအကြမ်းဖက်မှုများတွင် ပါဝင်သည့် ပြစ်မှုကျူးလွန်သူများကို သက်ဆိုင်ရာတရားရုံးအသီးသီးက ပြစ်ဒဏ်များချမှတ်**

စာမျက်နှာ » ၂၅

- - - - - - - - - - -

**ဆူပူအကြမ်းဖက်မှုဖြစ်စဉ်များတွင် မှန်ကန်မှုမရှိသည့် သေဆုံးမှုစာရင်းများနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်**

စာမျက်နှာ » ၂၆


# ရီးယဲလ်မက်ဒရစ်အသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ချန်ပီယံလိဂ်ဆီမီးဖိုင်နယ် ပထမအကျော့မှာ သရေရလဒ်ထွက်ပေါ်ခဲ့



စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းနဲ့ ပရီမီယာလိဂ်ကလပ် ချယ်လ်ဆီးအသင်းတို့ ဧပြီ ၂၈ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ချန်ပီယံလိဂ် ဆီမီးဖိုင်နယ် ပထမအကျော့ပွဲစဉ်မှာ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်နဲ့ ပွဲပြီးဆုံးခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ ဧည့်သည်အဖြစ် လာရောက်ကစားခဲ့တဲ့ ချယ်လ်ဆီးအသင်းဟာ ပွဲကစားချိန် ၁၄ မိနစ်မှာ ရရှိခဲ့တဲ့ ပူလီဆစ်ရဲ့ သွင်းဂိုးနဲ့ ဦးဆောင်ဂိုး စတင်ရရှိခဲ့ပြီး ရီးယဲလ်မက်ဒရစ်အသင်းက ပွဲကစားချိန် ၂၉ မိနစ်မှာ ဘင်ဇီမာရဲ့ သွင်းဂိုးရရှိခဲ့တာကြောင့် တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့တာ ဖြစ်ပါတယ်။

**၇၁ ဂိုးအထိ သွင်းယူနိုင်ခဲ့**

ရီးယဲလ်မက်ဒရစ်တိုက်စစ်မှူး ဘင်ဇီမာဟာ အခုပွဲစဉ်မှာ တစ်ဂိုးသွင်းယူပေးနိုင်ခဲ့တာကြောင့် ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ၇၁ ဂိုးအထိ သွင်းယူနိုင်ခဲ့တဲ့ ဂိုးသွင်းအများဆုံး ကစားသမားတွေထဲက တစ်ဦးအပါအဝင်ဖြစ်လာခဲ့ပြီး ဘင်ဇီမာထက် ချန်ပီယံလိဂ် သွင်းဂိုးပိုမိုသွင်းယူနိုင်ခဲ့တဲ့ ကစားသမားတွေကတော့ **စာမျက်နှာ ၂၈ ကော်လံ ၆ သို့** ❐